www.burmeseclassic.com

# ယူးမှုတ်ကြယ်

ချစ်လက်ခုပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ချစ်လက်ခုပ်

စီစဉ်သူ- ဦးအောင်စိုး (မုဒ္ဒ)


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၃၈၈၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၉၆၀၅၁၁

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – ထူးမြတ်ကြယ်စာပေ

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၇၃၀၅၁၆၆၄

၈၉၅.၈၃

ထူးမြတ်ကြယ်

ချစ်လက်ခုပ် / ထူးမြတ်ကြယ် ။ - ရန်ကုန်

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၁၆၀ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ချစ်လက်ခုပ်


www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

ချစ်လက်ခုပ်

www.burmeseclassic.com

www.burmeseclassic.com

# " အစ "

BURMESE CLASSIC

"ဟဲ့ ... ကား ... ကားလာတာလား အေးကြီး"

မီးမီးအသံက အလန့်တကြားဖြင့် အထစ်ထစ်အငေါ့ငေါ့ နှင့်တုန်ခိုက်ခိုက်ထွက်လာသည်။ အေးအေးကြီးက ...

"အေး ... ဟုတ်တယ်၊ ကားတစ်စီး ဒီဘက်ကို လာနေ သယ်၊ မပြီးသေးဘူးလား မီးမီး၊ မြန်မြန်လုပ်လေ"

"မြန်မြန်လုပ်လို့ရတဲ့ကိစ္စမျိုးလားဟဲ့၊ အိုး ... ကားမီးက ငါ့ကို တဲ့တဲ့ထိုးပြီ အေးကြီးရဲ့"

နာမည်ကြီးသလောက် လူသေးသော အေးအေးကြီးက (Skinny) ဘောင်းဘီအကြပ်ဝတ်ထားသည်။ မီးမီးတစ်ကိုယ်လုံး ကိုရှိ ခြေကားလက်ကားကွယ်ပေးပေမယ့် ကားမီးရောင်စူးစူးက အေးအေးကြီးခြေနှစ်ချောင်းအကားကြားမှ မီးမီးကို တဲ့တဲ့ထိုးမိ သည်ဝင်။



www.burmeseclassic.com

www.burmeseclassic.com



"သွားပါပြီ၊ သွားပြီ"

မီးမီးက သွေးရူးသွေးတမ်းညည်းသည်။ ထိုအချိန်မှာပင် သူတို့နှင့်မလှမ်းမကမ်းမှ လှုပ်ရှားနေသော လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရလေ၏။

"ဟယ် ... မီးမီး၊ ဟိုမှာ ... ဟိုမှာ လူ လူ လူရှိတယ်ဟ"

"ဟင်! မြင်သွားပြီလား၊ မြင်သွားပြီလား"

"ကားမီးထိုးမှတော့ မြင်ရောပေါ့ဟဲ့"

"တောက်"

BURMESE CLASSIC

တရုတ်ကြီး (ခေါ်) ခင်မောင်ထွန်းက သူမြင်လိုက်ရသော မြင်ကွင်းကို မမြင်ဟန်ပြု၍ ခပ်မြန်မြန်ကျော်သွားဖို့ ကြိုးစားသည်။ သို့သော် သူ့ရင်တွေ ပန်းတွေသာမက ဒူးတွေပါတုန်နေ၍ ခြေလှမ်းက မသွက်။

ထိုအချိန်မှာပင် ...

"ဟော့လူ ... ခင်ဗျား အဲ့ဒီနေရာမှာတင်ရပ်လိုက်စမ်း"

ကျားဟိန်းသံလို ထွက်လာသောအသံက တဏှယ့်ဘုရား စူးမိုးကြိုးပစ်ကျိန်ပြောလျှင်တောင် ယုံရခက်မည့်မိန်းကလေးသံ။ ထိုအသံကြောင့် တရုတ်ကြီး (ခေါ်) ခင်မောင်ထွန်းမှာ ဆတ်ခနဲ တုန်သွားပြီး နေရာမှာတင် တုန့်ခနဲရပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ငါတို့ကျောင်းကဆိုတာ သေချာတယ် မီးမီး"

"အေး၊ သူ့ကို ငါလည်းမြင်ဖူးတယ်၊ အဓိကမှတ်မိတာက ဆေါင်(၇၀)နဲ့ လေးပေမပြည့်တဲ့အရပ်၊ ငချိပ်လိုအသားရောင်ပဲ"

မီးမီးနှင့်အေးအေးကြီး အပြန်အလှန်ပြောနေတာကို တရုတ်ကြီးက မျက်လုံးပြူးကြောင်လေးဖြင့် ကလယ်ကလယ်ဖြစ်နေရှာသည်။ ကားတစ်စီးမှ ဖြတ်မလာသောအခါ ပတ်ဝန်းကျင်တစ်ခွင် မှောင်မည်းသွား၍ သေးသေးမည်းမည်း တရုတ်ကြီး ပျောက်သွား၏။

ဒါကို အခွင့်ကောင်းယူပြီး တရုတ်ကြီးက ထွက်ပြေးဖို့ ကြိုးစားသည်။ သို့သော် သန်မာတုတ်ခိုင်သောလက်တစ်ဖက်က သူ့လည်ပင်းကော်လံစကို တင်းကျပ်စွာ ဆုပ်ကိုင်ဆွဲယူခြင်း ခံလိုက်ရ၏။

"နင် ဘာမြင်လိုက်သလဲ ပြော"

"ကျွန် ကျွန်တော် ဘာ ... ဘာမှ မ ... မမြင်ပါဘူး"

"မယုံဘူး"

"ဗျာ"

တရုတ်ကြီးအသံက အဖျားခတ်တုန်ခါသွားသည်။

"နင် ဘာမြင်လိုက်သလဲပြော၊ တစ်ခုခုမြင်လိုက်တယ် ဟုတ်လား"

"မမြင်ဘူး၊ မမြင်ပါဘူးဆိုဗျာ"

"အေး၊ မြင်လည်းမမြင်ဘူးပဲပြော၊ ကျောင်းမှာလည်း ဒီနေ့ငါတို့ကိစ္စကို အာချောင်ဖို့မစဉ်းစားနဲ့ မဟုတ်လို့ကတော့ နင့်ကိုလေ ပေါသလို အရှင်လတ်လတ်ကိုင်ပေါက်ပစ်လိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ"

မီးမီးက တရုတ်ကြီးကော်လံစဆွဲထားရင်းမှ တစ်ကိုယ်လုံး ဇွေ့ခနဲကိုင်မြှောက်လိုက်၏။

"အား ... အစ် အစ်၊ ကျွန်တော့်ကို လွှတ်ပေးပါ၊ ဘာမှ လည်း မမြင်ဘူး၊ ဘယ်သူ့ကိုမှ ဘာမှမပြောပါဘူး ... အီး"

တရုတ်ကြီးက တုန်ချိချိတောင်းပန်သည်။

မီးမီးက ဆတ်ခနဲလွှတ်လိုက်တော့ တရုတ်ကြီးခမျာ မှင် စာလေးလို မြေကြီးပေါ် ဘုတ်ခနဲခွေကျသွားသည်။ ထို့နောက် ကုန်းရုန်းထကာ ရုတ်ခနဲသုတ်ခြေတင်ပြေးလေတော့၏။

"ဟွန်း"

"ငါတော့ စိတ်ညစ်ပါတယ် မီးမီးရယ်၊ ဒီကိစ္စ ကျောင်းမှာ မဖွဘူးလို့ နင်ထင်သလား"

"ပိုသေချာအောင် မနက်ဖြန်ကျောင်းရောက်တာနဲ့ အဲဒီ မှင်စာကို တွေ့ရင် ထပ်သတိပေးလိုက်မယ်၊ စေနူ စကြောက်ပါ ဟာ ... ဒီကောင် မဖွရဲပါဘူး"

"အင်းလေ ... ငါတို့ကိုမြင်တာ သူတစ်ယောက်ပဲရှိတယ်၊ သူ မပြောရင် ဘယ်သူမှသိစရာအကြောင်းမရှိဘူး၊ ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

( ၁ )

"ဟော့ကောင် တရုတ်ကြီး၊ လာစမ်းပါကွာ မြန်မြန်၊ မင်းကလည်း ဘယ်လိုဖြစ်နေမှန်းကိုမသိဘူး၊ ကုပ်ချောင်းကုပ်ချောင်း တွန့်ဆုတ်တွန့်ဆုတ်နဲ့"

ဝင်းနိုင်က အားမလိုအားမရဖြင့် တရုတ်ကြီးကို အော်သည်။ သင်မင်းဆက်က....

"မဟုတ်သေးဘူး၊ ခုတလော ဒီကောင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ ပြောစမ်း တရုတ်ကြီး မင်း ဘာဖြစ်နေတာလဲ"

"ဘာ ... ဘာမှ မဖြစ်ပါဘူး"

"မဖြစ်ဘူးပြောပေမယ့် မင့်ပုံစံက မဟုတ်သေးဘူး၊ ဘာတွေ မဟုတ်တာလုပ်ထားလဲ"

"မလုပ်ရပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com


"နေပစေ၊ ပြောမနေနဲ့ မင်းဆက်၊ လွှတ်ထားလိုက် သူငယ်ချင်းအရင်းတွေကိုတောင် ဘာမှ ပွင့်ပွင့်လင်းလင်းမရှိဘူး၊ မြဲ့စိစိနဲ့"

ဝင်းနိုင်ကပြောပြီး စိတ်မရှည်တော့သလို ရှေ့ကထွက်သွားသည်။ သင်မင်းဆက်က တရုတ်ကြီးနားကပ်ကာ လေသံတိုးတိုးဖြင့် ...

"ဒီမှာ တရုတ်ကြီး"

"အင်"

"ဝင်းနိုင်အကြောင်းသိရဲ့သားနဲ့ မင်းကလည်းမင်းပဲ၊ ဟိုကောင်ဒေါသထွက်ရင် သိတယ်မဟုတ်လား"

တရုတ်ကြီးမျက်လုံးတွေ ကလယ်ကလယ်ဖြစ်သွားသည်။ နာမည်ကသာ တရုတ်ကြီး၊ လူက မဲချိုပ်ပြီး သေးသေးပုပုကလေး။

ထို့ကြောင့် ငယ်စဉ်ကလေးဘဝကတည်းက သူများအနိုင်ကျင့်တာခံရသည်။ တရုတ်ကြီးကိုယ်တိုင်ကလည်း ကြောက်တတ် အားငယ်တတ်လွန်းသည်။

"မင်း ဘာဖြစ်နေတယ်ဆိုတာ အခုမပြောချင်သေးလည်း စဉ်းစားလိုက်ဦး၊ ပြီးမှ အေးအေးဆေးဆေး ငါ့ကိုပြောပြ၊ ကြားလား၊ တစ်ခုခုဆို မင်းရှေ့မှာ ငါတစ်ယောက်လုံး မားမားမတ်မတ်ရပ်နေတယ်ဆိုတာ မမေ့နဲ့"

တရုတ်ကြီးမျက်လုံးတွေ အနည်းငယ်အရောင်လက်လာသည်။ အားရှိသွားပုံလည်းရ၏

"ကျောင်းထဲမှာ မပြောရဲဘူး"

"ကျွတ် ... ဘာလဲ? မင်း တစ်ယောက်ယောက်ရဲ့ခြိမ်း


www.burmeseclassic.com

www.burmeseclassic.com



ခြောက်တာခံနေရတာလား”

“ရှူး”

တရုတ်ကြီးပုံစံက အထိတ်တလန့်ပြန်ဖြစ်သွားပြီး ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

“တိုးတိုးလုပ် မင်းဆက်၊ သူများတွေကြားကုန်မယ်”

“ရော် … ခက်နေပြန်ပါပြီ၊ ကဲပါကွာ၊ ဒီအကြောင်း ပြီးမှ ဆက်ပြောကြတာပေါ့၊ ဟိုမှာ မင့်ပထွေးဝင်းနိုင်က မျက်လုံးကြီးပြူးကြည့်နေပြီ၊ မြန်မြန်လာတော့”

သင်မင်းဆက်နှင့်တရုတ်ကြီးက ကဲန်တင်းထဲ ခပ်သွက်သွက်ဝင်ကာ အရင်ရောက်နှင့်သော ဝင်းနိုင်စားပွဲတွင် ဝင်ထိုင်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ဟောင် ချစ်တီး၊ ငါတို့ ဒီမှာ"

တရုတ်ကြီးက သူ ခံစားနေရသော ခံစားချက်တွေကို ခဏမေ့သွားပုံရသည်။ ချစ်တီး(ခေါ်)လှရွှေကို မြင်သည်နှင့် ရူးခနဲ ထအော်သည်။ သင်မင်းဆက်က ...

"နေပါဦး၊ ဒီကောင် ချစ်တီးပုံစံက ဘယ်လိုဖြစ်တာလဲ? ပြီးတော့ ဘယ်ပျောက်နေတာလဲ"

"အစမ်းသပ်ခံသွားမယ်လို့ပြောတာပဲ"

ဝင်းနိုင်က ဖြေသည်။

"ဟေ! အစမ်းသပ်ခံတယ်၊ ဟုတ်လား၊ ဘာအစမ်းသပ်ခံတာလဲ"

"ခေါင်း"

"ဟင်! ဘယ်ခေါင်းလဲ"

"ဟ! ဘယ်ခေါင်းရမှာလဲ? ဟော့ဒီလူရဲ့ဦးခေါင်းပေါ့ မင်းဆက်ရ"



www.burmeseclassic.com

www.burmeseclassic.com


"နို့ ... သိဖူးလေ၊ ခေါင်းစမ်းသပ်ရအောင် သူက ဘာဖြစ်နေလို့လဲ? ငါ ဘာမှမသိရပါလား"

"ဝင်းနိုင်ပြောတာမရှင်းတာ မင်းဆက်ရေ၊ ဒီလိုကွ ဗေဒင်ဟောတတ်ခါစလူက တခြားလူရဲ့ဇာတာကို အစမ်းသဘောစမ်းသပ်ဟောပေးချင်ကြတယ်၊ အလှပြင်တတ်ခါစလူကလဲ အစမ်းပြင်ပေးချင်ကြတယ်၊ အခုလည်း ဒီအတိုင်းပဲ၊ ဆံပင်ညှပ်တတ်ခါစလူက ချစ်တီးခေါင်းကို စမ်းသပ်ညှပ်ပေးလိုက်တာပဲ၊ ရှင်းပလား"

တရုတ်ကြီး ဝင်ရှင်းပြမှပဲ သင်မင်းဆက် သဘောပေါက်သွားသည်။ ပြီးမှ ...

"ဗုဒ္ဓေါ ... သူမို့ အစမ်းသပ်ခံရဲတယ်၊ ကြည့်ပါဦး၊ နဂိုကမှမလှတဲ့ရုပ်၊ ဘာပုံပေါက်သွားပြီလဲလို့"

သင်မင်းဆက် စကားလည်းဆုံးရော ဆိုင်ထဲကို ချစ်တီးရောက်လာသည်။ ဝင်းနိုင်က ...

"ခုမှ ကလေးမသာရုပ်ပေါက်တော့တယ်"

လှရွှေကို ချစ်တီးလို့ခေါ်ပေမယ့် လူက တရုတ်သွေးစပ်သူမို့ အသားက ဖြူဆွတ်နေသည်။ ချစ်တီးက ...

"ဘာပုံပေါက်ပေါက်၊ ပေါက်ချင်တဲ့ပုံပေါက်၊ ဆံပင်ညှပ်ခသက်သာတယ်၊ ပြီးတော့ ကောင်မလေးလက်ချောင်းလှလှလေးတွေနဲ့ရင်ခွင်ကြားထားပြီး အညှပ်ခံရတာ ဘယ်လောက်ဇိမ်လဲ"

"တော်ပါကွာ၊ ဇိမ်ရှိရှိမရှိရှိ၊ ဒီဇိုင်းကြီးက ဒီလောက်အော်က်တာ"

"ဒီဇိုင်းမလိုပါဘူး၊ ငါက မင်းလို မော်ဒယ်လ်ဘွိုင်းမှ ဟုတ်တာ မင်းဆက်ရ"


www.burmeseclassic.com

www.burmeseclassic.com



သင်မင်းဆက်ကတော့မရ။ သူ့ကိုယ်သူ ပုံစကျကျခေတ်မှီဆန်းသစ်နေမှ ကျေနပ်သဘောကျသူဖြစ်သည်။ ထိုသို့ ပုံစံကျခေတ်မှီအောင်လည်း သူ့ကိုယ်သူ ဂရုစိုက်ပြင်ဆင်သည်။

"ဒါနဲ့တရုတ်ကြီး၊ ဟိုနေ့ညက မင်း ငါ့ဆီလာသေးတယ်ဆို၊ ဘယ်အချိန်ပြန်သွားတာလဲ"

ချစ်တီးမေးလိုက်သောစကားကြောင့် တရုတ်ကြီးခန္ဓာကိုယ် ဆတ်ခနဲမတ်သွားသည်။


တရုတ်ကြီးဆီက အဖြေစကားထွက်မလာခင် သူတို့ထိုင်နေသော ဆိုင်ထဲသို့ ကျောင်းသူနှစ်ယောက်ဝင်လာပြီး ထောင့်စားပွဲတွင် ဝင်ထိုင်လိုက်တာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com





မည်သည့်အကြောင်းပြချက်မှ မယ်မယ်ရရမရှိပါဘဲ ပတ်ဝန်းကျင်သည် တဒင်္ဂတိတ်ဆိတ်ငြိမ်သက်သွား၏။

ရုတ်တရက် ထိုတိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သူက သင်မင်းဆက်...။

"ဟား ဟား ဟား ဟား၊ အဟစ် ဟစ် ဟစ်"

အူလှိုက်သဲလှိုက်ရယ်လိုက်သံကြောင့် ခုနက ဆိုင်ထဲဝင်လာသော ကျောင်းသူနှစ်ယောက်အနက် မျက်မှန်နှင့်ကောင်မလေးက ကျန်ကောင်မလေးကို လက်ကုတ်သည်။

"ဟဲ့ ... မီးမီး၊ ဟိုမှင်စာ တစ်နေ့ညကကိစ္စ ဖောက်သည်ချနေတာပဲဖြစ်ရမယ်"

မီးမီးပါးစပ်က ဘာမျှပြန်မပြောဘဲ သိတယ်ဆိုသောသဘောဖြင့် အသာခေါင်းညိတ်ပြသည်။

ထို့နောက် ... တစ်ဖက်စားပွဲဝိုင်းတွင် ထိုင်နေသော မှင်စာလိုကျောင်းသားကို စူးစူးစိုက်စိုက်ကြည့်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မီးမီး၏ ပါဝါပြင်းသော စူးစူးရဲရဲအကြည့်ကြောင့် တရုတ်ကြီးခမျာ ဆတ်ခနဲတွန့်သွားသည်။ သင်မင်းဆက်က ...

"ငါကွာ ... ချစ်တီးဆံပင်ကေကိုကြည့်ရင်း၊ ကြည့်ရင်း ဝမ်းထဲ ရယ်ချင်စိတ်တွေ လှိုက်လှိုက်တက်လာတယ်၊ အစ် အစ်"

သင်မင်းဆက်က အရှိန်မသေသေးဘဲ တအစ်အစ်ရယ်နေပြန်၏။ သူရယ်တော့ ဝင်းနိုင်ကလည်း လိုက်ရယ်သည်။ ချစ်တီးက သူ့ဆံပင်တွေပွတ်သပ်ရင်း မချိသွားဖြဲရယ်သည်။ တရုတ်ကြီးတစ်ယောက်သာ မရယ်ဘဲ ဂဏှာမငြိမ်ဖြစ်နေ၏။ ဒါကို ဝင်းနိုင်က

"တရုတ်ကြီး၊ မင်း မဟုတ်သေးဘူး၊ ဘာဖြစ်နေတာလဲ"

"မှန်း ... ဒီကောင် အပမှီနေတာများလား"

သင်မင်းဆက်ကပါ ဝင်ပြောသည်။ ချစ်တီးက ...

"တရုတ်ကြီး လင်လိုချင်နေတာနေမှာ ပေးစားလိုက်"

ချစ်တီးက ပြောပြီးရယ်သည်။ ထိုသို့ သူတို့ဝိုင်းက တစ်ယောက်တစ်ပေါက်ဟားတိုက်ရယ်မောနေကြခြင်းကို ဘယ်လိုနည်းနဲ့မှ သည်းခံပြီး မနေနိုင်တော့တာက မီးမီး။

"တောက်"

"ဟဲ့ ... မီးမီး"

အေးအေးကြီးရဲ့ ဟဲ့ဆိုသောအသံမဆုံးခင်မှာပင် တစ်ဖက်စားပွဲသို့ မီးမီးရောက်သွားပြီ။

ဖြုန်းဆို စားပွဲနားရောက်လာသော မီးမီးကို အားလုံး မော့ကြည့်ကြ၏။ ထိုအကြည့်များထဲတွင် တရုတ်ကြီးအကြည့်က အထိတ်တလန့်ဖြစ်ပြီး ကျန်လူများအကြည့်က တအံ့တသြအကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... နင်က နင့်သူငယ်ချင်းတွေကို ဟိုနေ့ညက နင် မြင်လိုက်ရတဲ့ကိစ္စ မြိန်ရေယှက်ရေပြောပြပြီး ဟားနေတာပေါ့ လေ၊ ယောကျ်ားဖြစ်ပြီး ကတိမတည်တဲ့လူမျိုးကို အမုန်းဆုံးပဲ၊ ငါ့အကြောင်းပြရသေးတာပေါ့"

ပြောရင်း မီးမီးက ရှေ့တိုးကာ တရုတ်ကြီးကို ဂုတ်မှ ဆွဲမ လိုက်လေ၏။

"အား ... မလုပ်နဲ့ လွှတ်ပါဗျ၊ ကျွန်တော် ခင်ဗျား အကြောင်း ဘယ်သူ့မှမပြောရသေးပါဘူး"

"မပြောရသေးဘူးဆိုတော့ ပြောဦးမှာမဟုတ်လား၊ ကြာ တယ်ဟာ၊ လာ ... နင် လိုက်ခဲ့"

"မလိုက်ဖူး၊ မလိုက်ဖူး၊ လွှတ် ... ကျွန်တော့်ကို မဆွဲနဲ့"


မြင်ကွင်းက တကယ့်ကို ဆင်ကျီစားရာ ဆိတ်မခံသာ ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





"ဟော့ ... မင်း အဲသလိုမလုပ်နဲ့လေ၊ ဘယ့်နှယ် ယောကျ်ား လေးတစ်ယောက်ကို မလေးမစား"

သင်မင်းဆက်က မလှမပမြင်ကွင်းကို ကြည့်မနေနိုင်တော့တာကြောင့် ဝင်ရောက်ဟန့်တားလိုက်သည်။ ကြည့်ရတာကောင်မလေးက ဇလအားကိုးဖြင့် မိုက်နေပုံရသည်။ ဝင်းနိုင်နှင့် ချစ်တီးကလည်း ...

"ဟုတ်သားပဲဗျာ၊ ဘာဖြစ်လို့လဲ? ပြေပြေလည်လည်ပြော ကြတာပေါ့"

"ဟုတ်တယ်၊ ကျွန်တော်တို့သူငယ်ချင်း မလိမ္မာတာရှိရင်လည်း ဆုံးမပေးပါ့မယ်"

မီးမီးက တစ်ယောက်ချင်းစီကို စူးစူးရဲရဲလိုက်ကြည့်သည်။ အားလုံးတွန့်သွားကြ၏။ မတွန့်လို့လည်းမရ။ အရှေ့တိုင်းသူမိန်းကလေးများထဲတွင် အင်မတန်တွေ့ရခဲသော ကိုယ်ခန္ဓာ ထွား ထွားနှင့်မြင့်မားသောအရပ်။

"မဆိုင်တဲ့သူ ဘေးဖယ်နေ ... ဝင်မရှုပ်နဲ့၊ ငါတို့ကိစ္စ ငါတို့ဖာသာရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကြည့်ရတာ တကယ့်ကို ဗလအားကိုးနှင့် မိုက်နေတာပါပဲ။ ဘာတွေစားပြီး ထွားချင်တိုင်းထွားနေမှန်းမသိ။ တရုတ်ကြီးအင်္ကျီကော်လံစကို ဆုတ်ကိုင်ထားသော လက်ချောင်းတွေကအစ တုတ်ခိုင်ပြီး ငါးပေကိုးလက်မနီးပါးရှည်သော သင်မင်းဆက်ထက် တစ်လက်မထက်ပိုမနိမ့်သောအရပ်က မားမားကြီးဖြစ်နေ၏။

"ဟော့ ... တရုတ်ကြီးက ငါတို့သူငယ်ချင်း၊ တရုတ်ကြီးတို့စု ငါတို့နဲ့လည်းဆိုင်တယ်၊ မင်း ရှင်းချင်ရင် ဒီမှာပဲရှင်း၊ သူ့ကိုခေါ်ထုတ်သွားစရာမလိုဘူး"

"အောင်မာ၊ လူပါး၀လို့ နင်က ဘာကောင်လဲ"

"ငါလား! မသိရင်မှတ်ထား၊ သင်မင်းဆက်တဲ့၊ အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားကွ"

"ဘာ! အဟတ် ... ဒါလား အတောင်နှစ်ဆယ်ဝတ်တဲ့ မင်းယောကျ်ား၊ ပုံစံက ယောကျ်ားလိုလို မိန်းမလိုလို၊ ရုပ်က ဖြူဖတ်ဖြူလျော်၊ ဘာမှန်းကိုမသိတဲ့ဟာကများ၊ မင်းယောကျ်ားတော့ မဖြစ်နိုင်ဘူး၊ မိန်းမဖြစ်ရင်ဖြစ်၊ မဖြစ်ရင် မိန်းမလျာ"

"ဘာကွ"

မြားဦးက တရုတ်ကြီးကနေ သင်မင်းဆက်ဘက် ပြောင်းသွားသည်။ လူတကာပါးစပ်ဖျား ရေပန်းစားနေသော နောက်ဆုံးပေါ်ဒီဇိုင်းနှင့်အမြဲလန်းနေပါသည်ဆိုသော သင်မင်းဆက်။ ရှေ့က ချွေချောစကားကြောင့် အောင့်သွားရ၏။ မိုက်ရိုင်းစော်ကားလွန်းလှသော ကောင်မလေးကြောင့် ဒေါသက ငယ်ထိပ် တက်ဆောင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာင် မင်း မင်း၊ ပညာလာသင်နေတဲ့ကျောင်းသူဖြစ်ပြီး မိုက်ရိုင်းလှပါလား၊ မင်းတစ်ယောက်တည်း ပါးစပ်ပါပြီး ငါ့စကား နွားရပြောတာတတ်တာမဟုတ်ဖူး၊ ငါ့ပါးစပ်ကလည်း ပြောတတ်တယ်၊ အခြောက်ဟုတ်လား၊ မဟုတ်လားပြောလိုက်ရရင် နာတော့မယ်၊ ဟာင်း"

"ပြောလေ၊ ပြောလိုက်စမ်းပါ၊ ဘာလဲ? ခြောက်လား မခြောက်လားသိရအောင် တစ်ညလောက်လာနေကြည့်ပါလားလို့ ပြောချင်တာမဟုတ်လား၊ ဟွင်း ဟွင်း တစ်ခါတည်း ညတွင်းချင်း အသက်ပျောက်လို့ မနက်နေထွက်တာတောင် မတွေ့လိုက်ရဘဲ ဖြစ်သွားမယ်၊ နင့်လို ကျူရှီးရှည်ကိုလေ လက်မနဲ့လက်ညှိုးကြား ယောသလို ဖျစ်ညှစ်ပစ်လို့ရတယ် သိလား"

"အောင်မာ ... တောက် ... ဟာင်း ငါနော်၊ လုပ်လိုက်ရ နာတော့မယ်"

"သတ္တိရှိ လုပ်လိုက်လေ၊ ထိကြည့်စမ်းပါ၊ နင် ဘာကောင် လဲ၊ ငါဘာကောင်မလဲဆိုတာ တစ်ခါတည်း သိသွားမယ်"

"ဟဲ့ ... မီးမီး၊ တော်ပါတော့ဟယ်၊ အားလုံးဝိုင်းကြည့်ကုန် ပြီ၊ ဟိုမှာ ဆရာတွေသွားခေါ်မယ်လုပ်နေကြတယ်၊ လာ လာ"

"မင်းဆက်၊ တော်တော့ကွာ၊ ကောင်မလေးနဲ့တုပြိုင်ပြော မနေနဲ့ ... သွားကြးစို့"

ထိုနေ့က သူ့လူကိုယ့်လူ နှစ်ဖက်စလုံးက ဆွဲခေါ်သွား၍ အကျယ်အကျယ်မငြိမ်းဖွယ်ကိစ္စ ဤမျှာတင်ပြီးဆုံးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

ချော့လိုက်၊ ခြောက်လိုက်၊ မြှောက်လိုက်၊ ပင့်လိုက်ဖြင့် နည်းမျိုးစုံသုံးကာ အစ်အောက်မေးမြန်းသော်လည်း တရုတ်ကြီးဆီက မည်သည့်အဖြေစကားမှ ထွက်မလာပေ။

"တရုတ်ကြီးရာ ... ပွင့်ပွင့်လင်းလင်းပြောပြစမ်းပါ၊ မင်း အဲဒီကောင်မလေးနဲ့ဘာဖြစ်ခဲ့တာလဲ၊ ဒါမှ ပြဿနာကို ဖြေရှင်းလို့ ရမှာပေါ့"

"ဝင်းနိုင်ပြောတာ ဟုတ်တယ် တရုတ်ကြီး၊ အကြောင်းစုံ သိရရင် အဲဒီတစ်ယောက်ကို ပြန်နွှာပစ်ရမယ်၊ ငါ့ကို အခြောက် လေးဘာလေးနဲ့ဘလိုင်းကြီး ကစ်သွားတာ"

သင်မင်းဆက်ကပါ ဝင်ပြောသည်။ တရုတ်ကြီးက ...

"ဘာမှမဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာမှမဟုတ်ရမှာလဲကွ၊ ဘာမှမဟုတ်ဘဲနဲ့ ဘလိုင်းကြီးတော့ လာမပွားဘူး၊ ပြီးတော့ အဲဒီကောင်မလေးကိုမြင်တာနဲ့ မင်း ပြေးပြီ၊ အကြောင်းတစ်ခုခု ရှိကိုရှိရမယ်"

သူတို့ပြောသမျှ ချစ်တီးက တစ်ခွန်းမှ ဝင်မပြောသေးဘဲ စမ်းသပ်အညှပ်ခံထားသော ဆံပင်ကို ပွတ်သပ်နေသည်။

"ချစ်တီး၊ မင်း ဘယ်လိုထင်လဲ"

"ဘာကိုလဲ ဝင်းနိုင်"

"တရုတ်ကြီးပြဿနာ"

"ပြဿနာက တရုတ်ကြီး မဟုတ်ဖူးကွ၊ ကောင်မလေး"

"အေး ... လုပ်စမ်းပါဦး၊ မင်းတွေးရင် ပြေးကြည့်တာထက် မှန်တတ်တယ်"

"အိမ်း၊ မင်းက ငါ့အရည်အချင်းကိုသိသားပဲ မင်းဆက်ရ"

"အရေးထဲ မင်္ဂလာယူနေပြန်ပါပြီ"

"ဒီလိုကွာ၊ အဖြစ်က ရှင်းရှင်းကြီးပဲ၊ ကောင်မလေးရဲ့ အပြစ် သို့မဟုတ် လူသိမခံချင်တဲ့မကောင်းမှုတစ်ခုခုကို တရုတ်ကြီးသိထားလိမ့်မယ်၊ အဲဒါကို တခြားလူပြောပြမှာစိုးလို့ ခြိမ်းခြောက် ဟိန်းဟောက်နေတဲ့သဘောပဲ"

"ဟုတ်လား တရုတ်ကြီး"

"တော်ကွာ၊ ဒီကိစ္စ မမေးကြနဲ့တော့ ... ပြောပြလို့လည်း ဘယ်သူမှ အကျိုးမရှိဘူး"

"သေချာပြီ၊ အကြောင်းတစ်ခု တကယ်ရှိခဲ့တာကိုး"

"သိချင်လိုက်တာကွာ"

သင်မင်းဆက်နှင့်ဝင်းနိုင်က အတိုင်အဖောက်ညီနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချစ်တီးက ...

"သိချင်ရင် လွယ်လွယ်လေး"

"ဟော့ကောင်တွေ၊ မင်းတို့ ပြဿနာမရှာကြပါနဲ့ကွာ"

တရုတ်ကြီးမျက်နှာက မန်ကျည်းရွက်ရွက်လောက်ဖြစ်သွားပြီး အသံက ငိုသံပါနေသည်။ သင်မင်းဆက်က ...

"ဒါဆို မင်းပါးစပ်ကပြောပြလေ တရုတ်ကြီး"

"အေးလေ၊ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေကို မင်းမို့ လျှို့ဝှက်ချက်တွေထားနေတယ်"

"ပြော ... တရုတ်ကြီး၊ ငါတို့ ဘယ်သူ့ကိုမှ ပြန်မပြောဘူး။ သိချင်တာသိရရင်တော်ပြီ"

တရုတ်ကြီးခမျာ ဖင်ကုတ်ခေါင်းကုတ်တွေဖြစ်ကုန်ပြီ။ ပြောကလည်း ပြောချင်နေပြီ။ တစ်ယောက်တစ်ပေါက် ဝိုင်းကြပ်ထိုးကြတော့ တရုတ်ကြီးပါးစပ်ဟလာပြီး ပြောဖို့ အဆင်သင့်ဖြစ်နေသည်။ ထိုအချိန်တွင် ...

"နင် ... ပြောရဲရင်ပြောကြည့်စမ်း မှင်စာ၊ ဒီနေ့တော့ သူသေကိုယ်သေပဲ"

သူတို့အားလုံး အသံလာရာကို ပြိုင်တူလှည့်ကြည့်မိလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးဦးဝေ"

"ဟုတ်"

"ပထဝီပါမောက္ခဦးစောမြင့်တင်ရဲ့တူမနော်"

"ဟုတ်ကဲ့ ... ဆရာကြီး"

"အေး၊ သမီးကို ဆရာကြီးမှတ်မိတယ်၊ ဘာကြောင့် မှတ်မိနေတယ်ထင်သလဲ"

"သမီးက ဆိုးလို့ပါ"

တော်သေးတာပေါ့။သမီးချောလို့ပါလို့မဖြေတာ။ မာန်တက်နေတဲ့ကျောင်းမလေးဆိုတော့ အဲသလိုဖြေလိမ့်မည်ဟု သင်မင်းဆက်ထင်ထားသည်။

သို့သော် ... သင်မင်းဆက်ထင်ထားသလိုမဟုတ်ဘဲကျောင်းမလေးက ဆိုးလို့ဆိုတော့ ဆရာကြီးရဲ့မျက်ခုံးတွေမြင့်တက်သွား၏။

"အင်း ... ဆိုးလို့လည်းပါတယ်၊ ပြီးတော့ သမီးက သာမန်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေထက် ထူးခြားတာလည်းပါတယ်၊ အင်မတန်စာအသင်အပြကောင်းတဲ့ ဦးစောမြင့်တင်ရဲ့တူမဖြစ်နေတာလည်းပါတယ်"

ပါမောက္ခတူမဆိုတာလောက်နှင့်တော့ မာန်တက်စရာမရှိပါ။ ဒီကောင်မလေးဗလအားကိုးနှင့်မိုက်နေတာပဲဖြစ်ရမည်။

"သမီးဆိုးမှန်း ကိုယ့်ကိုယ်ကိုယ်သိတယ်ပေါ့"

"ဟို ဒါက ဒီလိုရှိပါတယ်ဆရာကြီး"

ဆရာကြီးက လက်ကာပြပြီး ...

"နေဦး သမီး၊ သမီးပြောမှာ ဆရာကြီးသိတယ်၊ သမီးတာတော့ သမီးမမှားဘူးပြောမှာပဲ၊ ဒါပေမယ့် ကိစ္စတိုင်းမှာ တစ်ဖက်သတ်လွန်တာလည်းရှိသလို၊ နှစ်ဦးနှစ်ဖက်လွန်တာလည်းရှိတာပဲ၊ ဒါပေမယ့် လူမှုဝန်းကျင်မှာ ဒီလိုပဲ သည်းခံရတာပေါ့၊ အခု သမီးက ထစ်ခနဲဆို လက်ပါပြီ၊ ဟုတ်ရဲ့လား"

ကောင်မလေး ခေါင်းငုံ့သွား၏။

ဖြစ်ပုံက ဒီလို။ အဲဒီအချိန်က ...

သင်မင်းဆက်တို့ စကားပြောရင်း တရုတ်ကြီးကို သိချင်တာဝိုင်းမေးကြသည်။ တရုတ်ကြီးက တစ်စုံတစ်ရာပြောပြမည့်အချိန်တွင် မိုးဦးဝေ(ခေါ်)မီးမီးရောက်လာပြီး အချေအတင် စကားများကြ၏။ နောက်ဆုံး ထိုးမယ်၊ ကြိတ်မယ်၊ ကိုင်ပေါက်မယ်သေဖြင့် ဆွဲလားလွဲလားလုပ်လာသူက မီးမီး။

ထိုအချိန်လေးမှာပဲ ဆရာကြီးနှင့်ပက်ပင်းတိုးပြီး အားလုံးရုံးခန်းရောက်လာခဲ့ကြခြင်းပင်။

"အဲ့ဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက မျက်မှန်ကိုပင့်၊ မျက်လုံးလှန်ပြီး သင်မင်းဆက်တို့ယောကျ်ားလေးသုံးယောက်ကိုကြည့်သည်။ ပြီးမှ ...

"သားတို့ကရော ကိုယ့်ကျောင်းသူကျောင်းသားအချင်းချင်း မိန်းကလေးတွေကို မခံချင်အောင် ဣန္ဒြေပျက်လောက်တဲ့ထိ နှောက်ပြောင်သလား"

"မနှောက်ပြောင်ပါဘူး ဆရာကြီး၊ မယုံရင် ရှေ့မှာ ကာယကံရှင်ကျောင်းသူကိုယ်တိုင်ရှိနေတာ ဆရာကြီးမေးကြည့်နိုင်ပါတယ်ခင်ဗျာ"

"ဟော!"

ဆရာကြီး မျက်ခုံးတွေ မြင့်တက်သွားပြန်သည်။

"ကဲ ... တစ်ယောက်ချင်းစီပြော၊ မင်းတို့ပြောတာ ဆရာကြီး နားထောင်ကြည့်မယ်၊ သားက အရင်စပြော"

"ကျွန်တော်တို့တွေ သူ့ကို လုံးဝ မစနှောက်တာအမှန်ပါ ဆရာကြီး၊ ကျွန်တော်တို့ဖာသာ အချင်းချင်းစကားပြောရယ်မောနေတာကို သူကပဲ လာလာပြီး ပြဿနာလုပ်ပါတယ်"

"မဟုတ်ဖူး ဆရာကြီး၊ သူတို့သရီးအကြောင်းပြောပြီး ဟားနေကြတာပါ"

မီးမီးအသံက သူ့ကိုယ်သူ သမီးဟုနာမ်စားသုံးရာမှ စကားပင်မပီတော့ဘဲ သမီးကနေ သရီးဖြစ်နေ၏။

"မဟုတ်ပါဖူး ဆရာကြီး၊ အဲ့ဒါ သူ့ဖာသာထင်တာပါ"

"ထင်တာမဟုတ်ဖူး၊ ပြောကိုပြောတယ်"

"ကဲ ... ဟုတ်ပြီ၊ သူတို့က သမီးအကြောင်းပြောတယ်ဆိုရင် သမီးမခံမရပ်နိုင် ဒေါသဖြစ်စေမယ့် ဘာအကြောင်းတွေ ပြော

www.burmeseclassic.com



နေကြတာလဲ"

"ရှင်"

ဆရာကြီးအမေးစကားဆုံးတော့ တဒင်္ဂတိတ်ဆိတ်သွားသည်။ မီးမီးခမျာ မည်သို့ပြန်ဖြေရမှန်းမသိဘဲ အခက်တွေ့နေ၏။ ဆရာကြီးက ...

"မေးနေတာ ဖြေလေ မိုးဦးဝေ၊ သမီးအထင်နဲ့ပဲ တစ်ဖက်သားကို ပြဿနာရှာတာလား၊ ဟင်!"

"မ မဟုတ်ပါဘူး ဆရာကြီး၊ သရီးရဲ့အဖြစ်ကို ဟောဒီကလက်သီးဆုပ်လောက်ရှိတဲ့ အသားမည်းမည်းတရုတ်ကြီးမြင်တွေ့ပြီး သရီးသိက္ခာကျအောင် လျှောက်ပြောနေတာပါ"

"မပြောရသေးပါဘူး ဆရာကြီးခင်ဗျာ၊ သူ့ဖာသာပြောတယ်လို့ ထင်နေတာ ... သား လိမ်ညာပြောရင် စားမေးပွဲကျပါစေ"

"ကဲ ... အဲဒီအကြောင်း သမီးကပဲ အစအဆုံးဖြစ်ကြောင်းထုန်စင်ပြောပြပေတော့ ... သမီးက ခံစားရတဲ့သူဆိုတော့"

မီးမီးက တံတွေးတစ်ချက်မြိုချရင်း နှုတ်ခမ်းတွေကို လျှာဖြင့်သပ်လိုက်သည်။ မီးမီးပုံစံက ပြောရခက်၊ မပြောရခက်နှင့်ချီတုံချတုံဖြစ်နေ၏။ အခုမှတော့ မပြောလို့လည်း မရတော့ပေ။ ဆရာကြီးက မေးနေပြီ။

"ကဲ ... ပြောလေ"

"ဟုတ် ... ဟုတ်ကဲ့၊ ဒီ ဒီလိုပါ ဆရာကြီး၊ ဟိုတလောကသရီးတို့သူငယ်ချင်းနှစ်ယောက် မြို့ထဲ ဈေးဝယ်သွားတာ အပြန်နောက်ကျလို့ မိုးချုပ်နေပြီ"

"ဟုတ်ပြီ၊ ဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သရိုးမှာ အားနည်းချက်ကြီးတစ်ခုရှိပါတယ် ဆရာကြီး"

"ဒါတော့ လူတိုင်းနီးနီး အားနည်းချက်တစ်မျိုးစီရှိတတ်ကြတာပဲ သမီးရဲ့၊ မဆန်းပါဘူး"

"သရိုးရဲ့အားနည်းချက်က သူများထက်ဆိုးပါတယ် ဆရာကြီးရယ် ... အဟင့်"

မီးမီးက ပြောရင်းတစ်ချက်ရှိုက်လိုက်ပါသေးသည်။ စကားတွေပြောရင်း ပြောရင်းက သူ့ကိုယ်သူ သမီး၊ သမီး သုံးနှုန်းနေရာမှ သရိုး၊ သရိုးဖြစ်လာသည်။

သင်မင်းဆက်က ရုပ်ကြမ်းကြီးနှင့်နွဲ့နေသော ကောင်မလေးကိုကြည့်ကာ အတော့်ကို အသည်းယားအမြင်ကပ်နေမိ၏။ ခန္ဓာကိုယ်နှင့်အရုပ်အမောင်းထွားကျိုင်းသလောက်မျက်နှာလေးကနုဇတ်နေမှန်းတော့သတိထားမိသည်။

"အဲဒါနဲ့ ဘာဖြစ်လဲ? ဆက်ပြောပါဦး သမီးရဲ့"

အားလုံးသိချင်တာကို ဆရာကြီးက ထပ်မေးလိုက်၏။

"သရိုးကလေ၊ သရိုးက မရှိသေ့စကားပါ ဆရာကြီးရယ်၊ ဆီးခဏခဏသွားတတ်တာပါပဲ၊ အဲဒီနေ့ကလည်း ဈေးဝယ်တာက ကြာ၊ အအေးတွေသောက်ဆိုတော့ အပြန်ကျ အဆောင်ပြန်ရောက်တဲ့အထိ မှအောင့်နိုင်လောက်အောင် ဆီးအရမ်းသွားချင်တာနဲ့ ... မှောင်ကလည်း မှောင်နေတော့ ... ဟို ... ဟို"

အပ်ကျသံမကြားလောက်အောင် တိတ်သွားသည်။

"ဟို ... လမ်းဘေးမှာပဲ ထိုင်သွားလိုက်မိပါတယ်"

"ဩော် ... ဩော်၊ အဲ့ဒီတော့"

"အဲသလို သွားနေတုန်း ရုတ်တရက်ကားမီးထိုးလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သရီးလည်း အဲ့ဒီနေ့ကျမှ ဂျင်းဘောင်းဘီကို ဝတ်ထားမိပါတယ် ဆရာကြီးရယ်၊ အီး အဟင့် ဟင့်"

"ဟော!"

"ဟိုက်"

"ပြဿနာအကြီးစားပဲ"

"ဘုရား ... ဘုရား"

အာမေဋ္ဍိတ်သံတွေ စုံသွားသည်။ မီးမီးကပဲ ဆက်ပြီး


"အဲဒီအချိန် ကားမီးထိုးလိုက်တော့ အနီးအနားမှာ ဟောဒီ တရုတ်ကြီးရှိနေတာသိလိုက်ရပါတယ်၊ သူ သူ သရီးအဖြစ်ကို အစအဆုံးမြင်သွားပါတယ် ဆရာကြီး၊ ပြီးတော့ ... အဲဒီနောက်ပိုင်း သူက သူ့သူငယ်ချင်းတွေနဲ့အမြဲတမ်းရယ်မောဟားတိုက်နေတာပဲ တွေ့ရတယ်၊ ဒါဟာ သရီးအကြောင်းကို ပြောပြီး ရယ်မောဟား တိုက်တာကလွဲလို့ ဘာများဖြစ်နိုင်ဦးမှာလဲ၊ အီး ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com





"အဟောင်း ဟင်း ဟင်း"

"ခစ် ခစ်"

အေးအေးကြီးနှင့်ရည်မွန်က တခွီးခွီး ရယ်နေကြသည်။

ခေါင်းအေးအေး၊ စိတ်အေးအေးဖြင့် အသေအချာပြန်စဉ်းစားကြည့်တော့ မှားသွားပြီဆိုတာ သိလိုက်ရ၏။

သို့သော် အစစ နောက်ကျသွားခဲ့ပြီ။

"ကိုယ့်အထုပ်ကိုယ်ဖြေပြတယ်ဆိုတာ နင့်လိုလူမျိုးကို ပြောတာပေါ့ မီးမီးရဲ့"

"အမှန်ပဲ ရည်မွန်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အစကတည်းက ငါ တားခဲ့တယ်၊ ဒါပေမယ့် နားမထောင်ဘူး၊ ထုံးစံအတိုင်း ဇွတ်လုပ်တယ်၊ တလွဲဖြစ်တယ်"

ရည်မွန်နှင့်အေးအေးကြီးက တဖျစ်တောက်တောက် မြည်တွန်တောက်တီးသည်။ မီးမီးက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း စိတ်ပျက်လက်ပျက်ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတရုတ်ကြီးဆိုတဲ့မှင်စာငမဲက ဘာမှပြန်မပြောတာ သေချာတယ်၊ ဟိုက သူ့ဇလကြီးကိုမြင်ကတည်းက ဖိန့်ဖိန့်တုန်ကြောက်နေတဲ့ဥစ္စာ"

"အခု ... သူ့ဖာသာလုပ်လို့ ဟိုအုပ်စုတင်မက ဆရာကြီးပါ သိသွားရောဆိုပါတော့"

"အစစ်ပဲ ရည်မွန်၊ ဆရာကြီး ရုံးခန်းက စာရေးမလည်းကြားမှာပဲ၊ ဆရာကြီးကတစ်ဆင့် မီးမီးဦးလေးနားလည်း ပေါက်ကြားမှာပဲ"

"တော်ကြပါတော့ ... နင်တို့ပြောတာနဲ့ကို ငါ ရှက်လွန်းလို့သေချင်နေပြီ"

"သေသင့်တာပဲ"

"ဟုတ်ပ၊ သူ့ ဖောင်ပြင်ကိစ္စ နောက်နေ့ဆို တစ်ကျောင်းလုံးပြန့်နေလောက်ပြီ"

"တစ်ပတ်လောက်ကျောင်းမတက်ဘူးဟာ၊ ဘာဖြစ်သေးလဲ၊ ဟင်း"

"နေရဲရင်နေလေ ... အခု နင့်ဦးလေးက နင့်ကို မျက်လုံးဒေါက်ထောက်ကြည့်နေပြီ"

"အေးကြီးပြောတာ မှန်တယ်၊ နင့်ကို ကျောင်းထုတ်ပြီးတစ်ခါတည်း ရွာပြန်ပို့လိုက်လိမ့်မယ်၊ အဲဒါမှ တစ်သက်လုံး လယ်ထဲဆင်းကောက်စိုက်ပေတော့"

"ဟင်း! နင်တို့ကလည်း တစ်ခုမှကို မသက်သာပါလား၊ ဒါနော် ခုနေကြိုက်မယ့်သူသာရှိရင် လိုက်ပြေးတယ်"

"ဘုရား ... ဘုရား၊ မကြံကောင်းမစည်ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲသလို လူဆိုးမလိုလို လုပ်နေလို့ကတော့ ဘယ်သူလာကြိုက်ရဲမှာလဲ၊ နဂိုလူပုံစံကမှ မိန်းမအာနိုးကြီးဥစ္စာ"

ဒါတော့ ဟုတ်သည်။ သူ့အရပ်အမောင်းနှင့်ခန္ဓာကိုယ်ထွားထွားကို ယှဉ်နိုင်သော ယောကျ်ားရှား၏။

ဟို ... သင်မင်းဆက်ဆိုသော လူကတော့ သူ့အရပ်ကို ယှဉ်နိုင်၊ ကျော်နိုင်သည်။ သို့သော် လူက ချောမောနုဖတ်လွန်းပြီး မော်ဒယ်လ်ဘွိုင်းပုံစံဆိုတော့ ပျော့တီးပျော့ခွေနှင့်ယောကျ်ားလိုလို၊ မိန်းမလိုလို။

ပြီးတော့ ... နားမှာ၊ မျက်ခုံးမှာ၊ မေးစေ့၊ လည်ပင်း၊ လက် စသဖြင့် ရှုပ်ယှက်ခတ်နေအောင်၊ ဖောက်ဆွဲထား၏။ ဆံပင်က ထိုးထိုးထောင်ထောင် နီကြောင်ကြောင်။ ဘောင်းဘီက ဖင်ကျပ်။

အဲသလို ပုံစံနှင့်ယောကျ်ားမျိုးကို မီးမီးက မကြိုက်။ မကြိုက်ရုံမက ရွံ့မုန်းချဉ်တူးအမြင်ကပ်ကြည့်မရပေ။

"တစ်ကျောင်းလုံးမှာ နင်နဲ့လိုက်ဖက်တဲ့အရပ်အမောင်းဆိုလို့ သင်မင်းဆက်တစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"တော်စမ်းပါ အေးကြီးရာ၊ အရပ်တစ်ခုတည်းရှည်တာ ဘာလုပ်ရမှာလဲ"

"ဩော် ... တခြားဟာလည်း ရှည်ချင်ရှည်မှာပေါ့"

"ဘာ"

"စိတ်"

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

"ဘာတဲ့ ... သရီးကလေ၊ သရီးကလေတဲ့၊ အဟက် ... ချပ်ကြမ်းကြီးနဲ့နွဲ့နေတာ၊ နွဲ့နေတာ၊ ဟား ဟား ဖလူး ဖူး ဖွီး"

သင်မင်းဆက်က ပြောလည်းပြော၊ ရယ်လည်းရယ်ရင်း ရေနွေးပန်းကန်ကောက်မော့တော့ တဖွီးဖွီးသီးကုန်၏။

ဒါကို ... တစ်ဖက်စားပွဲမှ မီးမီးက မကြားချင်ဘဲ ကြားနေပြီး၊ မမြင်ချင်လည်း မြင်နေရသည်။

"အာနီးလိုဗလကြီးနဲ့ ... ဖောင်ပြင်ကို ကားမီးထိုးလိုက်တော့ အားပါး နည်းတဲ့ဟာကြီးလား၊ နည်းတဲ့ဟာကြီးလား"

"နည်းတဲ့ဟာကြီးပေါ့၊ နည်းတဲ့ဟာကြီးပေါ့"

မီးမီးသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ ထို့နောက် ရက်ရက်စက်စက်ပြောင်လှောင်နေသော သင်မင်းဆက်အနား ဝုန်းခနဲရောက်သွားသည်။ နရင်းနှစ်ချက်အုပ်လိုက်ကနေကိုင်ဆွဲမ၊ ပြီး တစ်ချက်တည်း ကိုင်ပေါက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါက ... စိတ်ကူးထဲ စိတ်ရှိလက်ရှိ ဆော်ပလော်တီးနေခြင်းဖြစ်သည်။ တကယ့်လက်တွေ့မှာတော့ ထိုသို့လုပ်၍မရပါ။ သည်းခံနေရ၏။

အဘယ့်ကြောင့်ဆိုသော် ဒီတစ်ခါ ပြဿနာဖြစ်လျှင် ကျောင်းထုတ်ခံရမှာ သေချာသည်။ ကိုယ်လွန်လွန်၊ သူလွန်လွန် သည်းခံရတော့မည်။

"တောက်၊ စိတ်ရှိတိုင်း ဆွဲဖြဲပစ်လိုက်ရလို့ကတော့ ဒင်းလိုကောင် တောင်တစ်လုံးမြောက်တစ်လုံးဖြစ်ရော့မယ်"

"ကြယ်သီးပြောတာလား မီးမီး"

"ဟယ် ... အေးကြီးရယ်၊ နင်ကတစ်မျိုး"

ထိုအချိန်တွင် ဆိုင်ထဲကို ကော့လတ်ကော့လတ်ဝင်လာသူက ရည်မွန်။

"ဟူး ... ဒီနေ့တော့ စမ်းသပ်ခွင့်ရတဲ့ခေါင်းတွေ မနည်းဘူးဟေ့၊ လူကို အီစလံဝေသွားတာပဲ၊ ဒါပေမယ့် အကျိုးရှိပါတယ် လက်သားတော်တော်ကျလာပြီ"

ဘယ်ကခေါင်းတွေ စမ်းသပ်ခဲ့သည်မသိ။ ရည်မွန်က သူ့လက်ချောင်းတွေ နှိပ်နယ်ရင်း ဝင်ထိုင်၏။ အေးအေးကြီးက ...

"လုပ်နေ ... အတန်းချိန်တွေ လွတ်တာများပြီနော်"

"အေးပါ၊ နောက်နေ့ မှန်မှန်တက်မှာပါ၊ ဟဲ့ ... ဟိုဘက်စားပွဲဝိုင်းမှာ ငါ့ရဲ့အစမ်းသပ်ခံခေါင်းတစ်ခေါင်း"

ရည်မွန်က ချစ်တီးကို မြင်သွားပြီး ထအော်သည်။

အေးအေးကြီးက ...

"ဟဲ့ ... စွတ်အော်မနေနဲ့ ရည်မွန်၊ အဲဒီအဖွဲ့က မီးမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းတွဲ"

"အယ် ... ဟုတ်လား၊ ဖောင်ပြင်ကို ကွက်ကွက်ကွင်းကွင်း တိုက်ရိုက်မြင်သွားတာ ဘယ်တစ်ယောက်လဲ"

"ဟိုပုပုသေးသေး၊ မဲမဲလေးနဲ့ဟာ၊ တရုတ်ကြီးတဲ့"

"ဟော! ငါ့ရဲ့အစမ်းသပ်ခံခေါင်းသမားက ဖြူဖြူဖွေးဖွေးနဲ့ ချစ်တီးတဲ့၊ ဘာတွေလဲဟဲ့"

"ဘာတွေလဲတော့မသိဘူး၊ သူတို့ကြောင့် မီးမီး အရမ်း စိတ်ညစ်နေရတာ၊ တွေ့လိုက်တာနဲ့တစ်ပြိုင်တည်း နည်းတဲ့ဟာ ကြီး မဟုတ်ဖူးဆိုပြီး စောင်းမြောင်းအော်နေတာပဲ"

"အေးလေ၊ မီးမီးကလည်း နည်းတဲ့ဟာကြီးလား"

"ဟယ် ... သူတို့ပြောချင်တဲ့အဓိပ္ပါယ်က တစ်မျိုးဟဲ့"


"ဟော!"



www.burmeseclassic.com

www.burmeseclassic.com





"မရည်မွန်၊ ကျွန်တော့်ဆံပင်က နောက်နှစ်ပတ်ဆို အတော်ရှည်ပြီဗျ။ စမ်းဦးမှာလား"

တစ်ဖက်စားပွဲကနေ ချစ်တီးက လှမ်းမေးသည်။

"စမ်းမယ်လေ၊ ဒါပေမယ့် ... ခက်တာက နင်က ဆံပင်ကို လက်တစ်ဆစ်လောက်ရှည်တာနဲ့ညှပ်ချင်ပြီဆိုတော့ ငါ့အတွက် ပုံစံအမျိုးမျိုး စမ်းညှပ်လို့မရဘူး ဖြစ်နေတယ်"

"ကျွန်တော်က ဆံပင်နည်းနည်းရှည်ရင်ကို မနေတတ်တာ ဗျ၊ တိုတာတော့ တိုချင်သလောက်တို"

"ဒါနဲ့ အဲဒါ နင့်သူငယ်ချင်းတွေလား"

"ဟုတ်တယ်လေ၊ ကျွန်တော် သူတို့နဲ့မိတ်ဆက်ပေးမယ်"

"မိတ်ဆက်ပေးတာ နောက်ထားပါ၊ ဒါ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ပဲ၊ နင်တို့နဲ့ငြိပြီး ဆရာကြီးရုံးခန်းရောက်တာဆို"

"အေး ... ဟုတ်တယ်လေ၊ ဒါပေမယ့် ဘယ်သူ့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတာလဲဆိုတာ အဲဒီမှာ နင့်သူငယ်ချင်းမေးကြည့်လေ၊ ကွယ်ရာပြော ငါတို့အလွန်ဖြစ်နေဦးမယ်"

မီးမီးက မျက်စောင်းလှမ်းထိုးသည်။

"အေးပါဟာ ... ဘယ်သူလွန်တာမလွန်တာ ထားပါ၊ အခု အားလုံးနဲ့မိတ်ဆက်ပေးပြီးရင် သူငယ်ချင်းတွေပဲပေါ့၊ နင်တို့တွေ ဆရာကြီးရုံးခန်းမှာကတည်းက နာမည်တွေ သိပြီးကြပြီမဟုတ်လား"

"သိတာပေါ့၊ ကျွန်တော်တို့ အဲဒီစားပွဲဝိုင်းရွှေ့ခဲ့မယ်"

"နေဦးဟဲ့ ... ငါ လက်ယပ်ခေါ်မှ လာခဲ့"

ရည်မွန်က မီးမီးစိတ်ကိုသိ၍ အရမ်းမခေါ်ရဲသေးဘဲ တိုင်ပင်ဖို့ အချိန်ဆွဲလိုက်ခြင်းဖြစ်သည်။ ဟိုဘက်စားပွဲက ဝင်းနိုင်က လှမ်းအော်ပြန်သည်။

"သူငယ်ချင်းဖြစ်သွားတော့ လျှို့ဝှက်ချက်ကြီးကို တစ်ဆက်လုံးသိမ်းထားပေးလိုက်ရုံပေါ့"

ရည်မွန်က ...

"ဒါအကောင်းဆုံးပဲ မီးမီး၊ သူပြောတာ လက်မခံနိုင်စရာ ရှိဘူးမဟုတ်လား"

"ရည်မွန်ပြောတာ ဟုတ်တယ် မီးမီး၊ ကျောင်းစတက်ကတည်းက ငါတို့မှာ ယောကျ်ားလေးသူငယ်ချင်းမရှိသေးဘူး၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့"

မီးမီးက ရည်မွန်နှင့်အေးအေးကြီးပြောတာကို တစ်ချက်တွေးစားသည်။ ပြီးတော့ နှာခေါင်းရှုံ့လိုက်၏။ ရည်မွန်က —

"ဘာနှာခေါင်းရှုံ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တော်တော်အားကိုးလောက်မယ့် အပေါင်းအသင်းတွေလို့ တွေးမိလို့ပါ၊ တစ်ယောက်က ခွေးပစ်တဲ့တုတ်လောက်၊ တစ်ယောက်ကကျူရိုး၊ ကျန်တဲ့ နှစ်ယောက်ကလည်း ပေါင်တစ်ရာဝန်းကျင်နဲ့အရပ်ငါးပေဝန်းကျင်"

"အေး၊ နင် သူတို့ခန္ဓာကိုယ်ဗလတွေ မကြောက်ပေမယ့် ပါးစပ်တော့ကြောက်တယ်မဟုတ်လား၊ လုပ်မနေနဲ့ ပေါင်းစည်းလိုက်တာ ကောင်းတယ်၊ အကျိုးမယုတ်ဘူး၊ ငါ့အတွက်လည်း ခေါင်းရနိုင်တယ်"

"ဟုတ်တယ် မီးမီး၊ နင် ဘာမှပြောမနေနဲ့တော့ ... မဟုတ်ရင် အဲဒီကောင်တွေက ဒီလိုပဲ အော်နေမှာ၊ ကဲ ခေါ်လိုက် ရည်မွန်"

သူတို့ပြောတာ လက်မခံနိုင်စရာမရှိ၍ မီးမီးငြိမ်နေလိုက်သည်။ ကိုယ်က အငြိုးအတေးတွေနှင့်မုန်းနေတာမျိုးလည်းမဟုတ်တော့ လက်ခံလိုက်ရုံပေါ့။ လွန်တာလည်း ကိုယ့်ဘက်က လွန်ခဲ့တာ။ လောလောဆယ် မျက်နှာပူပေမယ့် သူ့အကြောင်း တစ်ကျောင်းလုံးလျှောက်ဖွမှာထက်စာလျှင် သူငယ်ချင်းဖြစ်လိုက်တာက ပိုကောင်းဦးမည်။

"အပေါင်းအသင်းဖြစ်သွားရင် ဟိုကိစ္စ အစမဖော်ပါဘူးလို့ နင် ကတိတောင်းနိုင်ပါ့မလား ရည်မွန်၊ အဲ့ဒါဆို လက်ခံမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

( ၄ )

ပန်းရောင်စုံတွေ ဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးတစ်ခု။ အဆုံးအစမရှိကျယ်ပြောလှသော ပန်းပင်လယ်ကြီးဆိုကလည်း မှားပေ။

ထို ပန်းပင်လယ်ကြီးထဲ မီးမီးရောက်နေသည်။ ရနံ့ပေါင်းစုံတာ မွှေးကြိုင်လှိုင်နေ၏။

မီးမီးတစ်ယောက် ပန်းပေါင်းစုံ၏ ရနံ့ကို အားပါးတရ ရှူရှိုက်သည်။ ရှူရင်းရှူရင်း ပန်းပေါင်းစုံအနံ့မွှေးမွှေးကနေ ခွေးသားလိုလို၊ ကြောင်သေးလိုလိုအနံ့မျိုးဖြစ်လာသည်။

ထိုအချိန်မှာပင် ...

"မီးမီး၊ ဟဲ့ ... မီးမီး"

ခေါ်သံ ... အဒေါ်ကြီးကခေါ်နေတဲ့အသံ။

"ထစမ်း၊ ဘယ်အချိန်ရှိနေပြီလဲ? အလို ... ထဘီက လည်ပင်းရောက်လုလု၊ ဟင်! အိပ်ရာထဲ ရှူးတွေပေါက်ချထားပြန်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



လူက အပျိုကြီးဖားဖားဖြစ်နေပြီ၊ မရှက်ဖူးလား”

ဟင်! ဒါ အမေ့အသံပဲ။ သွားပြီ၊ သွားပါပြီ။ သူ အိပ်ရာထဲ ရှူးတွေပေါက်ချမိပြန်ပြီ။ ခုန အိပ်မက်ထဲက ပန်းပေါင်းစုံ အနံ့တွေ ပျောက်ပြီး၊ ခွေးသေးလိုလို၊ ကြောင်သေးလိုလိုအနံ့ရတာ ဒါကိုး။ လက်စသတ်တော့ လူသေးဖြစ်နေ၏။

“ဟဲ့ ... ထ”

“ဟုတ် ... ထပါပြီ အမေရဲ့”

“ညည်းနဲ့တော့ ကျုပ် စိတ်ပျက်ပါရဲ့မီးမီးရယ်၊ ရွာမှာ ခြောက်နာရီထိအိပ်တဲ့သူ ဘယ်သူရှိသလဲ၊ ညည်းအေ ... ပြောပေါင်းလည်းများပြီ၊ မရှက်ဖူးလား”

“မရှက်ပါဘူးအမေရယ်၊ မဟုတ်တာလုပ်တာမှမဟုတ်တာ၊ ပြီးတော့ ကျုပ်က ညဆို တစ်နာရီလောက်မှ အိပ်တာကိုး။ တစ်ရွာလုံးက ညရှစ်နာရီဆို အိပ်ကုန်ကြပြီ”

မီးမီးက ငယ်ကတည်းက လယ်ထဲဆင်းကောက်စိုက်၊ ပျိုးနုတ် ဘယ်တော့မှမလိုက်ပါ။ လူကောင်ကြီး ထွားကျိုင်းသန်မာသလောက် ကျွတ်၊ မျှော့၊ ခူကောင်၊ ဘောတ်ဖတ်စသဖြင့် အကောင်သေးသေးလေးတွေကို သေမလောက်ကြောက်သည်။

“ဒါကြောင့် စောစောအိပ်ပြီး စောစောထပါလို့ပြောတာပေါ့အေ”

“ညမိုးချုပ်ထိ စာကျက်တာလေ အမေရဲ့၊ ကျုပ် ပညာတတ်ကြီးဖြစ်တာ မမြင်ချင်ဘူးလား”

မီးမီးစကားကြောင့် ဒေါ်သန်းစိန်ပါးစပ် တစ်ချက်ပိတ်သွား၏။ ဒေါ်သန်းစိန်ရဲ့မောင်အရင်းတစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com


ပညာတတ်ကြီးဖြစ်လို့ ရန်ကုန်မြို့ကြီးမှာ တက္ကသိုလ်ကျောင်းဆရာပင်ဖြစ်နေပြီ။ ဒါကို တစ်ဆွေတစ်မျိုးလုံးက ဂုဏ်ယူနေရ၏။

ဒေါ်သန်းစိန်တို့ရွာအပါအဝင် အနီးဝန်းကျင်ရွာပေါင်းများစွာမှာ ဆယ်တန်းအောင်သူကို လက်ချိုးရေလျှင် ဆယ်ချောင်းမပြည့်။ စာမတတ်သူနှင့်သေစာရှင်စာဖတ်တတ်သူလောက်သာများပြီး အရွယ်ရောက်လျှင် လယ်ထဲဆင်း၊ အချိန်တန် အိမ်ထောင်ပြုလိုက်သည်ပင်။

ဒီအထဲ ရွာမှာ ထူးခြားတာက မီးမီး။ စောစောက ပြောခဲ့သလို အကောင်ပလောင်ကြောက်၍ လယ်ထဲမဆင်းဘဲ ကျောင်းနေစအရွယ်ကတည်းက စာသာ ကုန်းအော်ကျက်ဖတ်နေခဲ့၏။

"မယ်သန်းစိန်၊ ညည်းသမီးက ပညာတတ်ကြီးဖြစ်မှာအေ့"

လူတိုင်းက ချီးမွမ်းပြောဆိုကြသည်။ ဒေါ်သန်းစိန်က

"အလကားပါတော် ... လယ်ထဲမဆင်းချင်တာနဲ့ ဉာဏ်များချက်ကတော့"

"အမေနော် ... ကျုပ်ကို အဲသလိုမပြောနဲ့ အိမ်မှာ ထင်းခွဲရေခပ်၊ နွားစာစဉ်းနဲ့ အလုပ်ကြမ်းမှန်သမျှ ကျုပ်ပဲ ဒိုင်ခံလုပ်တာ၊ မှိုတောင်ပင်ပန်းသေးတယ်"

ဒါတော့ ဟုတ်သည်။ ဒါတင်ဟုတ်တာမက။ အကြမ်းတမ်းခံ၍ အားကောင်းသော မီးမီးမှာ ထစ်ခနဲရန်ဖြစ်၊ လက်ပါတာခက်သည်။ မတရားတာတွေ့လျှင် ကိုယ်နှင့်မဆိုင်လည်း ဝင်ပါ၏။ သူ့ကို စော်ကားတယ်ထင်လျှင် ငြိမ်ခံမနေ၊ မကျေနပ်တာရှိလျှင် အမြဲတမ်း ပြဿနာရှာ ရန်လုပ်နေတတ်၏။


www.burmeseclassic.com

www.burmeseclassic.com



"အံ့ပါရဲ့တော် ... နှမ်းစေ့လောက်အကောင်လေးတွေကျ ဒီကျားကိုးစီးစားမကုန်တဲ့လူကြီးက ကြောက်တယ်တဲ့"

"ကျုပ်လည်း အံ့ဩတာပဲ အမေရဲ့၊ ဒီပုရွက်ဆိတ်မှိုမှို့ သေးသေးလေးတွေက ကျုပ်တို့လို လူအကြီးကြီးတွေကို တုန်ခနဲ ဖြစ်သွားအောင် ကိုက်နိုင်တဲ့အစွမ်းရှိတယ်"

"ထန်းရေမူးသမားတို့၊ ကျွဲခိုးသမားတို့နဲ့ရန်ဖြစ်တာတော့ မကြောက်ဖူးလားအေ့"

"ဟင်! ဘာလို့ကြောက်ရမှာလဲ၊ သူလည်း လက်နှစ်ဖက်၊ ကျုပ်လည်း လက်နှစ်ဖက်၊ မူးနေတဲ့ကောင် ဂုတ်ကနေဆွဲပစ်လိုက်လို့တောင်ရတယ်၊ သားပြောမယားပြောပြောတာကို ကြောက်တယ်ဆိုပြီး ငြိမ်ခံနေရမှာလား! ကျုပ်ကတော့ မရဘူးတော့"

ဒီလို အံပြောအဆို စိတ်ဓာတ်တွေကြောင့်လည်း ဒေါ်သန်းစိန် ရင်လေးရသည်။ အငြိုးအတေးထားတတ်သူနှင့်တွေ့ပါက ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ့လက်ချက်နှင့်သူ့သမီး ခေါင်းကွဲမလဲ အမြဲစိတ်ပူနေရ၏။

ဟိုတစ်နေ့ကပဲကြည့်။ ရွာတောင်ပိုင်းက ကာလသမီး အုပ်စုတွေနှင့်ရန်ဖြစ်ပြီးပြီ။ လွန်တာကတော့ ဟိုဘက်က ပါးစပ်နှင့် ပြောဆိုတာဖြစ်ပေမယ့် မီးမီးက လက်ပါသည်။

ဖြစ်ပုံက ဒီလို။

"ဟဲ့ ... ဟိုကောင်မ သူ့ကိုယ်သူ ဆယ်တန်းရောက်ပြီ ဆိုပြီး မြောက်ကြွ၊ မြောက်ကြွ ဖြစ်နေတာအေ့"

မြမြညွန့်က မဲ့ကာရွဲ့ကာ စပြောသည်။ ပြုံးကြည်ကာ

"ဟိုဘောပြားမကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဘယ်သူရှိရဦးမှာလဲ"

"အဲဒီကောင်မ၊ ထောင်ထောင် ထောင်ထောင်နဲ့ကြည့်မရ ပေါင်အေ"

ပြုံးကြည်က မကျေနပ်တဲ့အခံရှိထားသည်။ သူ့မောင် စိန်မြင့်က မီးမီးကို လူပျိုစကားခဏခဏလိုက်ပြော၍ နှစ်ပြားမတန် ပြောဆိုတာ ခံထားရသည်။ ဒါတင်မက လက်ပါမယ်လုပ်တုန်းကဆောင်းက ဝိုင်းတား၍ မကျေမနပ်ကြိမ်းဝါးဖူးသည်။ ဒါကို ပြုံးကြည်ကလည်း တေးမှတ်ထား၏။ မီးမီးကလည်း ငြိမ်ခံနေတတ်သူ မဟုတ်။

ဒီတော့ ထိပ်တိုက်တွေ့ကြပြန်သည်။ ယခုကြည့်။ မြမြညွန့်နှင့်ပြုံးကြည်တို့ရှေ့ မီးမီးရောက်သွားပြီး ...

"အသက်ကြီးပြီး အချိန်မစီးတဲ့မိန်းမကြီးတွေ၊ ကျုပ်ကို ရှေ့ထားပြီး ကျုပ်အတင်းပြောတာ ရန်စတာပဲ"

"အောင်မာ ... အတော်စွာတဲ့ကောင်မ၊ ရန်စတယ်ဆိုတော့ ဘာလုပ်ချင်တုန်း"

"ဟုတ်ပ၊ ကောင်မက ယောကျ်ားလိုလို၊ မိန်းမလိုလိုနဲ့"

"ယောကျ်ားလိုလို၊ မိန်းမလိုလို ဖြစ်တော့ရော နင့်ကို ..
‘..............’ နေလို့လား"

"ဟင်! တောက် ... မိုက်ရိုင်းလိုက်တဲ့ကောင်မ"

"မိန်းမရိုင်း"

ထိုမှ အစပြု၍ နပမ်းလုံးသတ်ကြလေသည်။ နှစ်ယောက် တစ်ယောက်ဆိုသော်လည်း ဖူးယောင်ပေါက်ပြဲတာက မြမြညွန့် နှင့် ပြုံးကြည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရွာလူကြီးအိမ် ရောက်ရပြန်သည်။ ရွာလူကြီးလည်း မီးမီးပြဿနာကို ရှင်းရပေါင်းများ၍ မည်သည့်ဆုံးမစကားမျိုး၊ သတိပေးစကားမျိုးပြောရမှန်းပင်မသိတော့။

"မိုးဦးဝေက ကျုပ်ကိုလည်း ထမင်းဝဝစားထားလို့ပြောသေးသဗျ"

လူကြီးတွေရှေ့ကြုံတုန်း အေးထွန်းကပါ ဝင်တိုင်သည်။ ရွာလူကြီးက မီးမီးကို မျက်လုံးကြီးပြူးကာ စူးစိုက်ကြည့်သည်။

"ဟို ... ဟို၊ ကျုပ် ကျုပ်က သူစားလို့ပြီးရင် ပန်းကန်ဆေးပေးမလို့ပါ ဟီး"

ဤသို့ဤပုံဖြင့် မီးမီးကြောင့် စိတ်ရှုပ်၊ စိတ်ညစ်ကြရသည်။ လူကြီးနှင့်လည်းမတဲ့၊ ကလေးနှင့်လည်းမရ၊ ရွယ်တူနှင့်ကျလည်း လက်မြှောက်ထားရသည်။

"ဟော့ကောင်လေး နီတွတ်၊ ဖယ်စမ်း"

ကလေးတွေ သူတို့ဖာသာ ကစားနေလျှင်လည်း မီးမီးပါသည်။

"ဘာလုပ်မလို့လဲ အစ်မမီးရ၊ ဒီမှာ ကျုပ်တို့ တိုင်ပတ်တမ်းကစားနေတဲ့ဟာ"

"လျှာမရှည်နဲ့ ... ဒီမှာ ငါ ကျောယားလို့ ... အဲဒီတိုင်က ငါ့ကျောကုပ်တဲ့တိုင် ... ဖယ်ဆိုဖယ်"

"နေနှင့်ဦးပေါ့၊ ကျုပ်ကြီးလာမှ ခင်ဗျားကြီးသိမယ်"

"အဟား၊ နင် အသက်တော့ကြီးရင်ကြီးလာလိမ့်မယ်၊ လူကတော့ ငါ့တင်ပါးတစ်ခြမ်းစာမှိပါစေဦး"

ဒါသာမက အိမ်ကို ဝင်ထွက်ကာ ထမင်းအခွင့်စားလေ့



www.burmeseclassic.com

www.burmeseclassic.com


ရှိသော ဓာတ်မင်းသားရူး မုဆိုးမသားသိန်းဌေးလာလျှင်လည်း ထမင်းစားတာမြင်သည်နှင့် ...

"ကိုယ့်အိမ်မှတ်လို့စားတာလား၊ အားမနာလို့စားတာလား စားပါ စားပါ၊ အားရပါးရစားပါ၊ ခွေးလို ဝက်လိုစားပါ"

မီးမီးလုပ်ပုံကြောင့် လူကြီးတွေက အားနာကြရသည်။ တပ်စကားနှင့်ပြောရလျှင် မီးမီးသည် အလွန်အမူစပ်သူဖြစ်၏။

သို့နှင့် မီးမီးဆယ်တန်းဖြေပြီးသောနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပါမောက္ခရာထူးတိုးသွားသောဦးလေးဖြစ်သူ ရွာကို ခဏပြန်လာသည်။ ဆွေတော်မျိုးတော်အပေါင်းက မီးမီး အကြောင်းကို စုံတကာစေ့အောင် ဝိုင်းတိုင်ကြ၏။

"ဒီအတိုင်းထားလို့တော့မဖြစ်ချေဘူး၊ မီးမီးကို ရန်ကုန် ခေါ်သွားမှဖြစ်မယ်"

ဤသို့ဤပုံဖြင့် မီးမီး ရန်ကုန်လိုက်ဖို့ပြင်တော့ တစ်ရွာလုံးက အိုးစည်ဒိုးပတ်တီး၍ ဝမ်းသာအားရ လိုက်ပို့ကြလေကုန်၏။


www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ဝင်းနိုင်က သွားကြားထိုးနေပြီး ချစ်တီးက နားကို ထိုးကလော်နေသည်။ သင်မင်းဆက်က စားသောက်ပြီး နှုတ်ခမ်းမှာ ဆီတွေ ပေကျံမနေအောင် တစ်ရှူးဖြင့် ဂရုတစိုက်သုတ်သည်။ ပြီးလျှင် ခံတွင်းသန့်ရှင်းသွားအောင် ရေနှင့်သုံးခါလောက် ပလုတ်ကျင်းကာ ထွေးထုတ်လိုက်၏။

"တော်ကြပါတော့ကွာ၊ ရှုပ်နေတာပဲ"

မည်သည့်လှုပ်ရှားမှုမှမရှိဘဲ သူ့အတွေးနှင့်သူ ငြိမ်ကုပ်နေသော တရုတ်ကြီးက လေသံတိုးတိုးညှင်းညှင်းကလေးဖြင့်ပြောသည်။ တရုတ်ကြီးကပဲ ဆက်ပြောပြန်၏။

"ဘယ်လိုအသားမျိုးတွေ ဘယ်လောက်ကြီးများ စားထားလို့ သွားကြားထိုးတာ မပြီးနိုင်ရတာလဲ ဝင်းနိုင်"



www.burmeseclassic.com

www.burmeseclassic.com


"ကန်စွန်းရွက်ဖတ်"

"ချစ်တီး၊ မင့်နားထဲ ဘာတွေရှိနေလို့ ဒီလောက် ကလော်နေရတာလဲ"

"အေးကွာ၊ ဘယ်လိုဘက်တီးရီးယားပိုးက ဝင်ရောက်နှောင့်ယှက်နေသလဲမသိပါဘူး၊ အမြဲယားနေတာပဲ၊ ဒါကြောင့် အချောင်းတစ်ချောင်းတော့ အမြဲဆောင်ထားရတယ်"

"ငါလည်း စားပြီး သွားကြားမထိုးရရင်မနေနိုင်ဘူး၊ တုတ်ထံရှိမှဖြစ်တာ ... မင်းရော ဘာမှ မထိုး၊ မကလော်ဘူးလား တရုတ်ကြီး၊ တစ်ခုခုဆောင်ထားလေ"

"အပိုဆောင်စရာမလိုပါဘူးကွာ၊ ငါ့အတွက် တစ်ချောင်းရှိရင် လုံလောက်တယ်"

"ဟေ"

"နိပ်ဟ"

"ထိုး"

"ဩော်"

"ဟား ဟား ဟား ဟား"

သင်မင်းဆက်က တဟားဟားထအော်ရယ်သည်။

ချစ်တီးက ...

"မင်းဆက်ရယ်သံကြားမှပဲ ပျင်းလိုက်တာကွာ၊ ကျောင်းအဆရာတွေကလည်း စာတွေချည်းသင်နေတာပဲ"

"ဟေ! စာမသင်လို့ ဘာသင်ရမှာလဲ?"

"အချစ်အကြောင်း သင်ခန်းစာလေးဘာလေးပေါ့ကွာ"

"သွားပြီ! ချစ်တီးတော့ သွားရှာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကို ခဏခဏအစမ်းသပ်မခံနဲ့ကွ"

"ခေါင်းထိခိုက်ပြီး ကြောင်သွားတာလား"

သကောင့်သားသုံးယောက်က ချစ်တီးကို ဝိုင်းသမကြသည်။ ချစ်တီးက နားကလော်တံကို လက်စသပ်ပြီး ပုဆိုးနှင့်ပွတ်သုတ်ကာ အိတ်ထောင်ထဲ ထည့်လိုက်၏။

"ညစ်ပတ်လိုက်တာကွာ၊ နားကျစ်တဲ့ ငွမ်းတံအထုပ်ကလေးတွေ တစ်ထုပ် ဘယ်လောက်မှမရှိဘူး"

"အေးလေ၊ သုံးပြီး လွှင့်ပစ်လိုက် ပြီးတာပဲဟာ၊ ဘယ်ဝင်းထရုံကတုတ်ချောင်း ချိုးဖွဲ့ထားလဲမသိဘူး"

"ဒီကောင်ချစ်တီး၊ အလကားရတာပဲ ချောင်းနေတယ်"

"ကပ်စီးနည်းလို့မဟုတ်ဖူးကွ၊ နားကျစ်တာကို အထုပ်လိုက်တည့်ထားတော့ ဝန်ကျယ်တာပေါ့၊ တစ်ချောင်းထဲက ပိုကောင်းတယ်"

တရုတ်သွေးစပ်ပြီး အသားဖြူတဲ့လုရွှေကနေ ချစ်တီးဖြစ်ရတာ ဒီလိုစစ်ပေါက်လို့ကိုးဟု တွေးမိသည်။

"အဲဒါ အသာထားးပါ၊ ငါပြောချင်တာက ဒီလိုကွ၊ ဆံပင်ညှပ်တတ်ခါစလူနဲ့တွေ့ရင် ခေါင်းကဆံပင် အစမ်းသပ်ခံညှပ်ရတယ်၊ ဗေဒင်ဟောတတ်ခါစလူနဲ့တွေ့ရင် စမ်းအဟောခံရတယ်၊ စက်ချုပ်တတ်ခါစ၊ မိတ်ကပ်ပြင်တတ်ခါစ ..."

"လိုရင်းပြောကွာ ချစ်တီး"

"အေးလေ၊ တရားပွဲ သွားနားထောင်တာကမှ ကုသိုလ်ရဦးမယ်"

"အဲသလို အလကားရသမျှဟာတွေ အကုန်လုံး မင်း



www.burmeseclassic.com

www.burmeseclassic.com



အစမ်းသပ်ခံပြီးပြီမဟုတ်လား ချစ်တီး"

"ဒါပဲပေါ့၊ ငါပြောချင်တာက ဒါပဲ၊ ငါချည်း အစမ်းသပ်ခံနေရလို့ ငါက တစ်ပြန် စမ်းသပ်ချင်နေတာ"

"မင်းက ဘာတတ်လို့လဲ"

သင်မင်းဆက်က မေးသည်။ ဝင်းနိုင်က ...

"မေးတာ ကောင်းတယ်"

"ဒီလိုကွာ ... ရည်းစားလေးတစ်ယောက်လောက်ထားပြီးသိတာ ဒီဟာ၊ ဟိုကိစ္စ ဒီကိစ္စမျိုးတွေ စမ်းသပ်ကြည့်ရမလားလို့"

"ဟော!"

"အကြံကြီးပါပေ့ ချစ်တီးရယ်၊ ဒါပေမယ့် မင်းအကြံက အမင်းနဲ့ နီးတဲ့အကြံပဲ"

"အင်း အင်း၊ တရုတ်ကြီးထက်ဆိုးတဲ့အဖြစ်မျိုးပါလား၊ ခါမှ ပြေးပေါက်က တကယ်မလွယ်မှာ"

"မင်းတို့ကောင်တွေက ဒီလိုဝိုင်းပြောကြတာ ကန့်ကွက်တာလား၊ မင်းတို့ကရော အရွယ်ရောက်တဲ့ယောကျ်ားတွေမဟုတ်ဘူးလား"

"အရွယ်ရောက်ရုံတင်မကဘူး၊ ကြီးနေပြီကွ"

"ဟော့ကောင် ဝင်းနိုင်၊ အသက်လို့ထည့်ပြော"

"အားလုံးခြုံပြောတာပဲကွာ၊ ခန္ဓာကိုယ်ကရော မကြီးလာဘူးလား"

"အေး၊ အဲသလို ကြီးပြီဆိုတော့ အတွေ့အကြုံသစ်ရသင့်တာပေါ့"

"အတွေ့အကြုံရဖို့ အစမ်းသပ်ခံကို ရှာရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရဟူး"

လေးယောက်သား ဆုညီသွားသည်။ ထိုအချိန်တွင် ထောင်ထောင်မားမား မီးမီးနှင့်အတူ သူငယ်ချင်းသုံးယောက် ဆိုင်ထဲ ဝင်လာတာတွေ့ရ၏။

"ဟိုမှာ လာနေပြီ၊ နည်းတဲ့ဟာကြီးမဟုတ်ဖူး"

"ကြားသွားပါဦးမယ် မင်းဆက်ရာ၊ ခုမှ ပြေလည်စါ ငြိမ်းချမ်းနေတုန်းရှိသေးတာ"

"မင်းကလည်း၊ ကြောက်နေတော့တာပဲ တရုတ်ကြီးရယ်"

"ရှူး ... ဝင်လာပြီ၊ တိတ်တိတ်နေကြတော့"

ဝင်းနိုင်က ဝင်ဟန့်သည်။ ချစ်တီးက ...

"ဟေး ... မရည်မွန်တို့ ဒီကိုလာ ... ဒီမှာ အလှူလုပ်နေ တယ်၊ အလှူရှင်က မင်းဆက်"

"သိတယ်၊ အလှူနဲ့ရလို့ ထွက်လာတာ"

ချစ်တီး၊ အတွဲအစထောင်လုပ်တာကို မီးမီးက ဝင်ရော သည်။ ပြီးမှ ...

"နင်တို့ ဘာတွေပြောနေကြတာလဲ? ငါ့အကြောင်းတော့ မဟုတ်ပါဘူးနော်"

"ငါတို့က မေ့နေပြီ၊ နင်ပဲ အစဖော်တာနော် မီးမီး"

"ကဲပါ၊ မီးမီးနဲ့မင်းဆက် လုပ်လာကြပြန်ပြီ၊ ငါတို့ ပြောနေတာက တခြား ကိစ္စပါ၊ ချစ်တီးက အတွေ့အကြုံသစ်တစ်ခု စမ်းသပ်ချင်လို့တဲ့၊ အဲဒါ အစမ်းသပ်ခံကို ရှာမယ်ပြောနေတာ"

ဝင်းနိုင်က ပြောသည်။ ရည်မွန်က ...

"ဟုတ်လား ချစ်တီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ဟုတ်တယ်၊ နင် ငါ့ခေါင်းကို ပုံစံအမျိုးမျိုး စမ်းသပ်ခဲ့တယ်နော် ရည်မွန်"

"အေးလေ၊ နင်သဘောတူလို့လုပ်ခဲ့တာ ချစ်တီး၊ ခုမှ စားက သွေးဆိုးစကားတွေကြောင့် ပုံပျက်သမလေးဘာလေးနဲ့ ပြဿနာမရှာနဲ့နော် ... ဟွန်း"

စုံမှာ နေရာတကျမထိုင်ရသေးခင် ချစ်တီးပြောလာသော စကားကြောင့် မီးမီးတို့ အူကြောင်ကြောင်ဖြစ်သွားရသည်။ ရည်မွန်ကလည်း လန့်သွား၏။ ရပ်ကွက်ထဲကကလေးတွေ ခေါင်းကို အစမ်းသပ်လှူနိုက်ဘာ ပုံပျက်၍ ကလေးမိဘတွေ အပြစ်တင်တာ ခံခဲ့ရပေါင်းများပြီမဟုတ်လား။ မီးမီးက ...

"နင်တို့ကိစ္စ နောက်မှရှင်း၊ မိုက်အရင်ဖြည့်ဖို့မှာဦးမယ်၊ စားမှာအားရှိမှာမဟုတ်လား"

"အင်၊ အင်း၊ ဟုတ်တာပေါ့"

တရုတ်ကြီးက စားစရာသောက်စရာမှာပေးသည်။ သင်မင်းဆက်က နင်တင်တင်ဖြစ်နေ၏။ ဝင်းနိုင်က အတို့အဆောင် နှစ်မက်ချွန်သမား။ အခု မီးမီးတို့ဘက် သိသိသာသာပါသွားပြီ။

"စားလည်း စားပေါ့ဟာ ... စောစောက စမ်းသပ်တဲ့ကိစ္စ ဆက်ပြောဦးမယ် ရည်မွန်ကို အပြစ်တင်မလို့ မဟုတ်ပါဘူး၊ ငါချည်းပဲ အစမ်းသပ်ခံနေရတာ၊ ငါကလည်း ပြန်စမ်းသပ်ချင်နေတယ်၊ အဲဒါ ငါ့အတွက် နင်အစမ်းသပ်ခံ ပြန်လုပ်ပေးပါလား"

ချစ်တီးစကားကြောင့် တရုတ်ကြီးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ရေနွေးပူကောက်မော့မိသည်။ ဝင်းနိုင်က မျက်လုံးပြူး သွားပြီး သင်မင်းဆက်ကတော့ စိတ်ထဲကနေ "ကြိတ်လိုက်စွ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးရ" ဟု ကြွေးကြော်အားပေးနေ၏။

"အမလေး၊ ဒါများဟာယ်"

"တကယ်လား ရည်မွန်၊ နင် အစမ်းသပ်ခံမှာလား"

"အေးလေ၊ စမ်းပေါ့၊ အတုံ့အလှည့်တော့ ရှိရမှာပဲ၊ ငါ သဘောတူတယ်"

"နိပ်ဟ"

ချစ်တီးမျက်နှာ စပ်ဖြဲဖြဲနှင့်ပါးစပ်ကြီးက နားရွက်ချိတ်တော့မလောက်ပြုံနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

"ငါတော့ ဟိုကောင်တွေကို သိပ်မသင်္ကာဘူး"

မီးမီးက ဆန်ကြာဇံကို ရေထဲကဆယ်၊ ဇကာနှင့်စစ်ရင်း လက်ကအလုပ်လုပ်၊ ပါးစပ်က တတွတ်တွတ်ပြောသည်။

အေးအေးကြီးက ...

"ဘာမသင်္ကာတာလဲ' နှင့်ခေါင်းက ပြဿနာအတော်ရှာချင်တဲ့ခေါင်းပဲ မီးမီး၊ နှင့်ဦးလေးအစား ငါတော့ ခေါင်းကျိန်းတယ်"

"နင်ကလည်းဟယ်၊ ငါ့ဆို သိပ်ပြောတာပဲ အေးကြီး"

"ပြောတာမလုပ်နဲ့ ... နေရာတကာ ဒီလောက်သတိပေးနေလည်း နင်ကထင်ရာလုပ်တာပဲမဟုတ်လား? ပြီးရင် နင်ပဲ မရှုနိုင်၊ မရှိုက်နိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... အခုဟာက နင်တို့သေချာစဉ်းစားကြည့်လေ၊ ဒီကောင်တွေရုပ်က စပ်ဖြုံဖြုံနဲ့ ... တစ်ခုခုပဲမဟုတ်လား"

"ဆားလိုက်စမ်းပါ၊ မဟုတ်တာလုပ်လာခဲ့ရင် လုပ်မှပြော"

"အေးကြီးပြောတာမှန်တယ် မီးမီး၊ နင်က နင့်အထင်နဲ့ လျှောက်လုပ်လို့ တလွဲဖြစ်ခဲ့ပေါင်းလည်းများပြီ၊ မင်းဆက်တို့တွေသာ အကျင့်ယုတ်ရင် နင့်ဖောင်မြင်ကီစ္စ ယောကျ်ားလေးဆောင်တွေတင်မက တစ်ကျောင်းလုံးပြန့်မွှားတာကြာပြီ"

"ဟုတ်ပါ၊ အဲသလိုသာမွှားလိုက်လို့ကတော့ ကျွန်တို့ရဲ့ ပါးစပ်များဖယ် ဖောင်မြင်ကီစ္စနဲ့ရတော်မိနစ်ရမယ် နင့်ဘာဝကိုလည်းစဉ်းစားကြည့်ဦး မီးမီးရဲ့"

"ဟယ် ... တော်ကြပါတော့ ... ကဲ ... ပန်းကန်တွေပြင်တားမယ်"

မီးမီးက ဆိမ်မှာ ကြာစံကြော်ကျွေးမည်ဆို၍ သူတို့ နှစ်ယောက်လိုက်လာကြခြင်းဖြစ်သည်။

မီးမီးလုပ်တာ ကိုင်တာ၊ ချက်ပြုတ်ကြော်လှော်နေတာ ကြည့်၍ အေးအေးကြီးနှင့်ရည်မွန်စိတ်ထဲက အံ့ဩချီးကျူးနေမိသည်။ လုပ်တာကိုင်တာအချိန်အနည်းငယ်အတွင်းပြီးစီးသွားတာမို့ အင်မတန်မြန်ဆန်လွန်းသည်ဟု ဆိုရမည်။

"ဟဲ့"

ကြာစံကြော်ကို ဒယ်အိုးထဲမှ ပန်းကန်ထဲ ခပ်ထည့်ပြီး အအေးခံမှုနေသော ရည်မွန်ဆီမှ အသံထွက်လာခြင်းဖြစ်သည်။

မီးမီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ?"

"နင့်ကြွခံကြော်က ပျစ်ခဲခဲလုံးထွေးထွေးနဲ့ အရင်လို မဟုတ်ပါလား"

"အေး၊ ငါလည်း တစ်မျိုးပဲလို့ စဉ်းစားနေတာ"

အေးအေးကြီးကပါ ဝင်ထောက်ခံရင်း ...

"ကြော်တဲ့နည်းစနစ်ပြောင်းလိုက်တာလား မီးမီး"

"အရင်လိုကြော်တာပဲ၊ တစ်ခုပဲပိုတယ်၊ အရသာရှိအောင် ကြက်သားမှုန့်ခတ်ထားတာ"

"ဘယ်ဟာလဲ"

"ဟိုမှာလေ၊ ဟိုအထုပ်"

ရည်မွန်က ထပြီး ယူကြည့်သည်။ ကြည့်ပြီးမှ ...


"သေလိုက်ပါလား၊ ဒါ ကြက်သားမှုန့်အထုပ်မှမဟုတ်တဲ့၊ အနာဆန်ပြုတ်ထုပ်ကြီးဟဲ့၊ နင် မှားပြီ"

"ဟော်... တော်"

www.burmeseclassic.com

www.burmeseclassic.com





မီးမီးစကားလည်းဆုံးရော အားလုံးက အုန်းအုန်းကျက်ကျက်ရယ်မောကြသည်။ မီးမီးက ဆက်ပြောသည်။

"ငါတို့ရွာပတ်လည်ဝန်းကျင်မှာလည်း ရွာတွေပဲလေ၊ ဘာအကြောင်းကိစ္စမှမရှိဘဲ မြို့ကို မရောက်ကြဖူး၊ ငါ ဆယ်တန်းအောင်ခဲ့တာ အထက်တန်းကျောင်းရှိတဲ့ ရွာကြီးပဲ၊ မြို့ကြီးမဟုတ်သေးဘူး"

"နင်ကတကယ့်တောကြက်တောငှက်ပဲနော် မီးမီး"

"နင့်လေသံက နှိမ်သံပေါက်နေတယ် မင်းဆက်"

"စကားကောင်းပြောနေရာကနေ ရန်ဖြစ်ကြပြန်ဦးမယ်ကဲ ဆက်ပြော မီးမီး"

အေးအေးကြီးက ဝင်ပြောသည်။ မီးမီးက ...

"အဲ့ဒီတော့ဟယ်၊ ငါ့ဘဝက ပုဂ္ဂလိကဘဏ်မြင်ဖူးဖို့တာဝေးရောပေါ့"

"ဒါနဲ့ပဲ ရန်ကုန်ရောက်တော့ ဘဏ်တွေ့ရင် ဖွင့်တ်

www.burmeseclassic.com


တော့တာ့ပဲဆိုပါတော့"

"အေးပေါ့ဟယ် ... အဲသလို အငေးလွန်ပြီး လမ်းဘေး ပလက်ဖောင်းက ခုတ်ပေါက်ထဲ ခြေကျွံကျတာ ညို့သကျည်းတွေ ပွန်းပဲ့ပေါက်ပြဲကုန်ရော"

မီးမီးက သူ့အဖြစ်တွေပြောပြ၍ တဝါးဝါးပွဲကျနေခြင်း ဖြစ်သည်။ ခုတော့လည်း သူတို့အားလုံး သူငယ်ချင်းအရင်းအချာ တွေဖြစ်နေကြပြီ။

"တောသားမြို့ရောက်ဆိုသလိုပဲ၊ ရန်ကုန်မြို့ကြီးရောက် ပြီဆိုတာနဲ့ ငါ့မှာ အကုန် ကမောက်ကမတွေချည်းပဲ၊ ရန်ကုန်မှာ ခါးပိုက်နှိုက်ပေါတယ်လို့ အမေက ကြားဖူးထားတော့ အတွင်းမှာ ဝတ်တဲ့အားကစားဘောင်းဘီတိုမှာ အိတ်ကပ်ချုပ်ပေးလိုက်တာ၊ ပိုက်ဆံတွေကို အဲဒီထဲ ထည့်ထားတာပေါ့၊ ငါ့မှာ တစ်ခုခုဝယ် တိုင်း၊ ဘတ်စ်ကားခပေးမယ်လုပ်တိုင်း ခါးမှာ ဝတ်ထားတဲ့ ထဘီ ကိုလျှော့ပြီး ပိုက်ဆံကို ဘောင်းဘီအိတ်ထဲက နှိုက်ထုတ်ရတယ်၊ ရှက်ရမှန်းလည်းမသိဘူးလေ"

အားလုံးရယ်ကြပြန်သည်။

"တော်တော်ကြည့်လို့ကောင်းမှာပဲ"

ထိုစကားကို ဝင်းနိုင်က ဝင်ပြောခြင်းဖြစ်သည်။

ချစ်တီးက ...

"လမ်းဘေးရှူးရှူးထိုင်ပေါက်တဲ့အကျင့်ကလည်း ရွာမှာ နေတုန်းကအကျင့်ပဲပေါ့ ဟုတ်လား မီးမီး"

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

တရုတ်ကြီးက ဝင်ပြောသည်။ မီးမီးက ရှက်ရယ်ရယ်ရင်း


www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ရွာမှာက ဒီလိုပဲလေ၊ အိမ်ခြံဝိုင်းအကျယ်ကြီးထဲမှာ အိမ်သာက ဟိုးအစွန်ခြံအနောက်ထောင့်မှာ၊ အပေါ့စွန့်ချင်တိုင်းသာ အိမ်သာထိသွားရရင် မလွယ်ဘူးလေ၊ ဒီလိုပဲ ခြံဝင်းတစ်နေရာရာမှာ ကိစ္စပြီးကြတာ၊ ပြီးတော့ ငါကိုယ်တိုင်ကလည်း သူငယ်နာစွဲနေလားမသိပါဘူးဟာ၊ အပေါ့စွန့်ချင်လာရင် ခဏလေးတောင် အောင့်မထားနိုင်ဘူး"

"ဒါနဲ့ ... နှင့်အိမ်ဝရန်တာမှာ မွေ့ရာတွေစောင်တွေ အမြဲထုတ်လှမ်းတယ်လို့ ရည်မွန်က ပြောတယ်"

"မင်းဆက်နော် ... စလောက်ဆန်မနေနဲ့"

"မဟုတ်ပါဘူး၊ တချို့ယောကျ်ားလေး၊ မိန်းကလေးတွေလူပျို၊ အပျိုအရွယ်ရောက်တဲ့အထိ အိပ်ရာထဲ ရှူးပေါက်တတ်ကြတာ ကြားဖူးတယ်"

မီးမီးက သူ့အဖြစ်နှင့်တူနေ၍ မလုံမလဲဖြစ်သွားသည်။

မင်းဆက်က ...

"မီးမီး၊ နှင်ရော အဲသလိုပဲလား"

"သေနာ ... ငါ ..."

"အကောင်းပြောမလို့ပါ၊ အကြံပေးမလို့ ... နှင်လည်း အဲသလိုဖြစ်နေရင် ယောကျ်ားယူလိုက်၊ ဒါမျိုးက အိမ်ထောင်ကျရင် ပျောက်သွားတာတဲ့"

"သေလိုက်"

"ဟား၊ ဟား၊ ဟား၊ ဟား"



www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

"မီးမီးက ရှိးတာတော့ အရှမ်းရှိးတာပဲနော်"

ဇာတ်ကောင်ကို စပြောလာသူက ချစ်တီး။ ဝင်းနိုင်က …

"စီတ်ကြွမ်း၊ ကိုယ်ကြွမ်းဆိုပေမယ့် မျက်နှာလေးက နုဖတ်
အသားလေးက ဝင်းဝါနီမြနေတာပဲ"

"ရှင်းရှင်းပြောရရင် ချောတယ်ပေါ့ ဝင်းနိုင်ရာ၊ ဘာလဲ?
ကြွနေတာလား၊"

"မတန်မရာကွာ၊ ငါ့ထက် အရပ်ငါးလက်မလောက် ပုံမြင့်
(၁၅) ပေါင်လောက်ပိုတဲ့မိန်းကလေး၊ မင်းလိုဒေါင်ကောင်းတဲ့
နဲ့မှ လိုက်ဖက်တာ၊ မင်းရော မီးမီးကို ရင်ထဲမှာ ဥထားလား
ဆက်"

"မလုပ်ပါနဲ့ ကြီးဒေါ်သားရယ်၊ ကျွန်တော်မျိုး ကြေ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်"

သင်မင်းဆက်က ပုခုံးတွန့်ရင်း ဟန်ပါပါပြောသည်။ တရုတ်ကြီးက ...

"စိတ်ရင်းကောင်းတယ်ကွ၊ ဘွင်းဘွင်းသမားဆိုတော့ မိန်းကလေးတစ်ယောက်အနေနဲ့ကြမ်းနေတာပေါ့၊ နုနုနယ်နယ်နေ တတ်တဲ့ မင့်အမေ သွေးတက်နိုင်တဲ့ မိန်းကလေးမျိုးပဲ မင်းဆက်"

"တရုတ်ကြီးတောင် စာတတ်လာပြီ"

"ဒါပေမယ့် စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်းဆိုသလို မီးမီးနဲ့ပတ်သက်ပြီး မင်း အဲသလိုခံစား နေရတယ်မဟုတ်လား မင်းဆက်"

"ဩော် ... ချစ်တီး၊ ချစ်တီး၊ မင်းက အခုတလော အတော့် ကို နှာတွေးတွေ တွေးနေပါလား"

"အတွေ့အကြုံအသစ်အဆန်းတွေ စမ်းသပ်ချင်နေပါ တယ်ဆိုမှ စဉ်းစားကြည့်ပေါ့ မင်းဆက်ရ၊ ဒီကောင်ချစ်တီး ဖောက် ပြန်နေတယ်"

"အေးပါ၊ မင်းတို့ကောင်တွေပြောထား ပြီးမှ ငါ့ကို အားကျပြီး မြည်းကြည့်ချင်တယ်လို့ လာမပြောနဲ့"

ချစ်တီးဆိုတဲ့ကောင် တကယ့်ကောင်။ ဘာမှန်းကိုမသိ ဘူး။ အင်းလေ ... ပြောလို့သာပြောရတာ။ ကိုယ်တွေလည်း ပုထုဇဉ်ပဲ။ ဘာညာသာရကာကွိကွ စိတ်ဝင်စားတာပေါ့။

မင်းဆက်က တွေးရင်း မီးမီးကို မြင်ယောင်ကြည့်သည်။ ရယ်စရာလည်းကောင်း၊ ချစ်စရာလည်းကောင်းပါ၏။ သို့သော် ကျောချမ်းတာလည်း မှန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်သွားပြီ၊ စဉ်းစားနေပြီ၊ ဒီမှာ မင်းဆက်၊ နည်းတဲ့ဟာကြီးမဟုတ်ဖူးနော်၊ စဉ်းစား၊ စဉ်းစား"

"မင်းတို့ကလည်းကွာ"

သင်မင်းဆက် ရှက်သွား၏။ ဘာကိုမှန်းတော့ သေချာ သိ။

"ဟော့ကောင် တရုတ်ကြီး၊ ဟိုးရှေးရှေးတုန်းက အဖြစ်အပျက်မှာ မင်း ဘာကိုမြင်ခဲ့တာလဲ? ငါတို့ကို ခုထိ သေချာမပြော ပြသေးဘူး"

"အေး၊ ဟုတ်တယ်၊ သူငယ်ချင်းတွေကွာ၊ ဒီလောက်ထိ နေနိုင်ရလား တရုတ်ကြီးရ"

"မီးမီးတို့မရှိခင် ခုပြောပြကွာ"

ချစ်တီးပြောတာကို ဝင်းနိုင်ကပါ ထောက်ခံပြော၏။ တရုတ်ကြီးကတော့ ယခုထိ တစ်လုံးတစ်ပါဒမျှ မပြောပြဘူးပါ။ ထိုထိုဘာဝေဖြင့် ရှေ့က ကော်ဖီခွက်ကိုသာ ပြုံးပြုံးကြီး စိုက်ကြည့် လျက်။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးက ဂိုဏ်းကြို့ပြတ်သွားသော အိတ်ကို လက်တစ်ဖက်က ဆွဲလာသည်။ ဒါကို ရည်မွန်က ...

"စတိုင်လ်ပဲလိုက်တာ မီးမီးရာ၊ လူက လှရက်နဲ့ နင်အဲသလို ပရုတ်သုတ်ခနေတာက ဆိုးတာ"

"စတိုင်လ်မလိုပါဘူး၊ စတားလည်းမဖြစ်ချင်ဘူး၊ စိတ်အေးလက်အေး၊ မျက်စိအေးနားအေးပဲနေချင်တယ်"

"အခုရော မအေးလို့လား"

"လာမယ်လေ၊ မျက်စိရော နားရောရှုပ်တော့မယ်၊ ဟိုမှာကြည့်"

မီးမီးက ကြည့်ဆိုတော့လည်း၊ ရည်မွန်ရော၊ အေးအေးကြီးပါ ဟိုသည်ကြည့်လိုက်ကြသည်။

အေးအေးကြီးက အရင်မြင်သွားပြီး ...

"လင်းရဲသူပဲ၊ နင့်ကို စကောစကာလိုက်စကားပြောတဲ့ မြောက်ကားကား ဆောင့်ကြွားကြွားသူငွေးသားပဲ မီးမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ငါလည်းမြင်ပြီ၊ နင့်ကိုတွေ့လို့ ဒီအကဲလာနေတယ် မီးမီး"

"အစစ်ပေါ့၊ ကိုယ့်ထမင်းကိုယ်စားပြီး၊ ငါ့အာရုံတွေ နောက်ဦးတော့မယ်"

မကြာခင်မှာပင် မီးမီးတို့အနား လင်းရဲသူရောက်လာ၏။ မြင်တာနှင့်ရုပ်ကိုက ပြုံတီတီ။ ကြာကူလီကျာရုပ်။

"အဟဲ ... မနေ့ကတောင် 'မိုး'ကို လိုက်ရှာနေသေးတယ်"

လင်းရဲသူက မိုးဦးဝေနာမည်ကို အဖျားဖြတ်ကာ 'မိုး'ဟု တစ်လုံးတည်းခေါ်သည်။ မီးမီးမှာ အော်ဂလီဆန်သွား၏။

"ဒီမှာ ... နင် လူတော့ဟုတ်ပါတယ်နော်"

"ခက်လိုက်တာ မိုးရယ်၊ လူမှ ချစ်တတ်တဲ့အသည်းနှလုံးနဲ့ လူ၊ ဒါကြောင့်လည်း မိုးကို ..."

"တိတ်"

ပါးနိုးသွားအောင် အော်လိုက်သော မီးမီးအသံကြီးကြောင့် လင်းရဲသူစကားတစ်ဝက်တစ်ပြက်ဖြင့် ရပ်သွား၏။

"ဒီမှာ နင် လူဆို ... လူစကားနားလည်ရမှာပေါ့၊ နင့်ဆိုလေ ငါ ဘယ်လိုမှ စိတ်စားလို့ကိုမရဘာ၊ ဒါကြောင့် အပြတ်ပြောခဲ့ပြီးပြီ၊ ငါ့ရှေ့ပေါ်မလာပါနဲ့၊ နင့်လို နတ်ကတော်ရုပ်လိုလို၊ ကျောက်သီးဆေးပြားရောင်းတဲ့ပုံစံလိုလိုနဲ့ အိညှောင့်အိညှောင့် ယောကျ်ားမျိုးတွေ ငါ ကြည့်လို့မရဘူးဟဲ့"

"ဟား ... ပြောတာ ပက်စက်လှပါလား၊ မိုးဦးဝေ၊ ဘာတွေ ဒီလောက်မာန်တက်ပြီး မောက်မာ ရိုင်းပြနေရတာလဲ? ငါ ယောကျ်ားနော် ... ယောကျ်ားတစ်ယောက်ရဲ့မာနကို မစော်ကား

www.burmeseclassic.com



"သွားစမ်းပါ၊ ဘာယောကျ်ားလဲ? ဟိုဟာပါတိုင်း ယောကျ်ားလို့သတ်မှတ်ရမှာလား ... နားထား၊ အပြောမခံချင်ရင် လာမပတ်နဲ့ပေါ့"

"ဟဲ့ ... မီးမီး"

"တော်ကြတော့ဟယ်"

"တောက်"

လင်းရဲသူက တက်တစ်ချက်ပြင်းပြင်းခေါက်သည်။ ပြီး

"နင် တွေ့မယ်၊ မာန်တက်နေတဲ့မိန်းမရဲ့ဘဝကို ငါ့လက်နဲ့ဟောသလိုကို ချေမွပစ်မယ်"

ပြောပြီး လှည့်ထွက်သွား၏။ မီးမီးက ကြောက်ရွံ့ဟန်လုပ်ပြလိုက်သေးသည်။ ရည်မွန်က ...

"ဒီလို အပြောအဆိုနဲ့ နင် တစ်နေ့ ဒုက္ခတွေ့လိမ့်မယ် မီးမီး"

"နင့်ဒုက္ခ ငါမကြောက်"

အေးအေးကြီးက ခေါင်းကို အသာခါရမ်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့မှ ထူးထူးဆန်းဆန်းဟု သင်မင်းဆက်က တွေးသည်။ သူ့ကို အေးအေးကြီးက မီးမီးကို အိမ်အထိ လိုက်ပို့ပေးဖို့ ပြောလာ၍ဖြစ်သည်။ သင်မင်းဆက်က ...

"ဘာထွင်တာလဲ အေးကြီး၊ ငါ့ကို နင် ချောက်မတွန်းနဲ့နော်"

"မင်းဆက်၊ နင်ဟာလေ လူရှည်သလောက် စကားရှည်တယ်"

"အကျိုးအကြောင်းပြောပြလေ"

"နောက်တော့ ပြောပြပါ့မယ်ဟာ၊ မီးမီးဘေးကနေ အဖော်သာလိုက်သွားပေးစမ်းပါ"

သူတို့အပြန်အလှန်ပြောဆိုနေကြတာကို မီးမီးကြားသွားသည်။

"အံမယ် ... ဘာလဲ? အေးကြီးနော်၊ အပိုတွေ၊ ဘာအဖော်မှမလိုဘူး၊ ဘယ်သူ့ကြောက်ရမှာလဲ? မင်းဆက်ခေါ်သွားလို့များ



www.burmeseclassic.com

www.burmeseclassic.com


အားကိုးနေရဦးမယ်၊ သူ့နဖူးပေါ်ဝဲကျနေတဲ့ဆံပင်လေး သပ်တင်လိုက်၊ အင်္ကျီကအမှိုက်ကလေး ခပ်ရွရွခါလိုက်နဲ့ အရေးအကြောင်းဆို သူ့ထမ်းပြေးရမှာ"

"တွေ့လား အေးကြီး၊ နင်တို့သူငယ်ချင်းက အမြဲတမ်းအပေါ်ကပဲ"

"မင်းဆက်၊ စကားကို ရှင်းအောင်ပြော"

ဒီစကားကို ချစ်တီးက ဝင်ပြောသည်။ ဝင်းနိုင်က ရေနွေးကြမ်းသောက်ပြီး သွားကြားထိုးနေ၏။ တရုတ်ကြီးနှင့်ရည်မွန်က စာအုပ်တစ်အုပ်ကို လုနေ၍ သူတို့ပြောတာတွေမကြားပေ။

မင်းဆက်က ...

"ဟုတ်တယ်လေ၊ မီးမီးက စကားပြောရင် ဘယ်တော့မှ သူများကို အကောင်းမပြောဘူး"

"မဟုတ်ပါဘူးဟာ၊ ငါပြောတတ်သလို ပြောတာပါ"

"အင်း ... မြို့ကြီးမှာနေမှတော့ နင့်ကို ပြပြင်ပေးရမှာတွေ အများကြီးပဲ၊ ပြီးတော့ ... တခြားမိန်းကလေးတွေလို အလှလေး ဘာလေးပြင်စမ်းပါ"

"တော်ပါ၊ အချိန်မပေးနိုင်ပါဘူး၊ အိမ်အလုပ်တစ်ဖက်၊ ကျောင်းစာ၊ ပြီးတော့ စက်ချုပ်သင်၊ ကွန်ပျူတာကျင့်၊ စာအုပ်ဖတ်"

"နင်က ေ...ဆက်ကျင့်လေးရယ်၊ ကိုယ်လုံးနဲ့မျက်နှာလေးရယ်ပြင်လိုက်ရင် အားလုံးလှသွားမှာပါ မီးမီးရာ"

"သေနာ"

မီးမီးက မင်းဆက်လိုက်ပို့မှာကို လက်မခံဘဲ ပြန်သွားသည်။ မီးမီးထွက်သွားသည်နှင့်အေးအေးကြီးက ...


www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း မင်းဆက်ရာ၊ လိုက်ပို့လိုက်ပါဆိုတာ ချက်နှာရိပ်ပြလည်းမရ၊ တော်တော်တုံးတာပဲ"

"ဘာလဲ အေးကြီး၊ နင်က မီးမီးနဲ့ငါ့ကို လှော်ပေးနေတာ လား"

"တော်စမ်းပါ ... ဒါမျိုးဝါသနာမပါဘူး၊ လှော်ပေးပေး ပေးပေး ဖူးစာပါရင် ညားကြမှာပဲ၊ အခုကိစ္စက ဒီလိုဟ"

အေးအေးကြီးက လင်းရဲသူနှင့်ကိစ္စကို ပြောပြလိုက်သည်။ သွားကြားထိုးနေရာမှ ပြီးသွားသော ဝင်းနိုင်က ...

"အဲဒီကောင်က ပျော့ပျော့နဲ့ နံ့တဲ့ကြောင်ချေးကွ၊ ပိုက်ဆံ ရှိတယ်ဆိုတဲ့အရှိန်အဝါရယ်၊ အ့ပေါင်းအသင်းအားကိုးရယ် ပေါင်း ပြီးကျယ်နေတာ၊ တော်ကြာ မီးမီးကို အငြိုးအတေးထားပြီး ယုတ် မာနေဦးမယ်"

"ဝင်းနိုင်ပြောတာ ဟုတ်တယ်၊ အဲဒီကောင်အကြောင်း ငါလည်းကြားဖူးတယ်"

ချစ်တီးကပါ ဝင်ပြောတော့ သင်မင်းဆက်ရင်ထဲ ထိတ် နေ့လွှသွား၏။ ထင်ရာလုပ်၊ ထင်ရာပြောတတ်သော မီးမီးကို သူ စိုးရိမ်စိတ်ဝင်နေတာလည်း ခဏခဏဖြစ်သည်။

"အဲဒါ နင်တို့ကလည်း ငါ့ကို ကြိုကြိုတင်တင်မှ မပြော ဘူး ဟိုကောင်မလေး အကြောတင်းလွန်းလို့ အမြင်ကပ်တာနဲ့ ချတ်ထားလိုက်တာပေါ့၊ ငါ လိုက်သွားဦးမယ်"

"ခုမှ သွေးရူးသွေးတန်းလုပ်မနေနဲ့ ... မိမှာမဟုတ်တော့ ဘူး"

"လာကွာ ချစ်တီး၊ မမီလည်း သူ့အိမ်ထိ လိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ချောချောမောမောပြန်ရောက်တာမြင်မှ စိတ်အေးမယ်"

သင်မင်းဆက်နှင့်ချစ်တီးက မီးမီးနောက် လိုက်ကြသည်။

ဝင်းနိုင်က ...

"ငါနဲ့တရုတ်ကြီး ... ရွှေဖူးစာလက်ဖက်ရည်ဆိုင်က စောင့်နေမယ်"

ဟု လှမ်းအော်တာကို သင်မင်းဆက် ခေါင်းပဲ ညိတ်ပြခဲ့သည်။

ထင်သည့်အတိုင်း ကားဂိတ်တွင် မီးမီးကို မတွေ့ရတော့ပေ။ သို့ဖြင့် သင်မင်းဆက်နှင့်ချစ်တီးက တခြားကားတစ်စီးပေါ် တက်ကာ လိုက်လာခဲ့ကြ၏။

သူတို့ မီးမီးအိမ်ရှေ့ရောက်သောအခါ အိမ်ထဲဝင်သွားသော မီးမီးနောက်ကျောကို လှမ်းတွေ့လိုက်ရသည်။ သင်မင်းဆက်ရင်ထဲ အေးသွား၏။ ချစ်တီးက ...

"ခေါ်ဦးမလား"

သင်မင်းဆက်က ခေါင်းသာရမ်းပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

( ၈ )

ရယ်သံတချို့ကြောင့် မီးမီးခြေလှမ်းတွေ တုန့်ခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ ကျောင်းသူသုံးလေးယောက်ခန့် ဝိုင်းဖွဲ့စကားပြောနေကြခြင်းပင်။

မီးမီးလာနေတာမြင်မှ တိုးတိုးကျိတ်ကျိတ်ပြောပြီး ရယ်နေကြ၏။ တစ်ယောက်က ...

“မိန်းမ **အာနီး** လာပြီ”

“သူက မော်ဒယ်လ်ဘွိုင်းလေးရဲ့ဘေးမှာ သက်တော်စောင့်လုပ်နေတာလား”

“မဟုတ်ဖူး၊ ဗလအားကိုးနဲ့ချုပ်ကိုင်ထားတာတဲ့”

“ခစ် ခစ်”

အရင်လိုစိတ်မျိုးဆိုလျှင် တစ်ယောက်ချင်းစီဖွဲ့ပစ်လိုက်သွားကြပြီ။ အလကားနေရင်း သူများအကြောင်းထိုင်ပြောပြီး ဟား



www.burmeseclassic.com

www.burmeseclassic.com



တတ်သောမိန်းမမျိုးတွေကို မုန်းသည်။

ယခုတော့ ဒေါသကို အောင့်အီးမြိုသိပ်ကာ သည်းခံနေရ၏။ တစ်ခုခုဆိုလျှင် မီးမီးအလွန်ပဲဖြစ်ဦးမည်။ ဦးလေး မျက်နှာထောက်ပါဆိုသော ဆရာကြီးဆုံးမစကားကြောင့်လည်း ပါသည်။

"အမလေး၊ မြွေ မြွေ"

"အား ... လုပ်ကြပါဦး"

စောစောက ရယ်မောနောက်ပြောင်နေကြသော ကျောင်းသူတွေထံမှ စူးစူးဝါးဝါးအော်သံတွေကြားရသည်။ သူတို့ထိုင်နေတာက မြက်ခင်းပြင်ခုံတန်းလျားတွေမှာ။

မီးမီး တစ်ချက်စဉ်းစားလိုက်၏။ ဒီလိုနေရာမျိုးမှာ ဘယ်က မြွေဆိုးရှိနိုင်မည်နည်း။ လင်းမြွေ(ဒါမှမဟုတ်) မြက်ရှောဖြစ်နိုင်သည်။ သူတို့အနား မီးမီးချက်ချင်းရောက်သွားပြီး ...

"ဘယ်မှာလဲ မြွေ"

"ဟို — ဟိုမှာ"

တစ်ယောက်က တုန်တုန်ခိုက်ခိုက်ဖြင့် လက်ညှိုးထိုးပြသည်။ တွေ့ပါပြီ။ လက်မလောက်သေးသေးရှည်ရှည်မြွေ။ ဒါ အဆိပ်ရှိတဲ့မြွေမဟုတ်မှန်းကြည့်ရုံဖြင့်သိသည်။

မီးမီးသည် တလွန့်လွန့်သွားနေသော မြွေလေးကို အမြီးကနေ ဆတ်ခနဲကိုင်မြှောက်ယူလိုက်၏။

"ဟဲ့ ... ပလုတ်တုတ်"

"ဘုရား ... ဘုရား"

"အမလေး"

အာမေဋိတ်သံတွေထွက်လာ၏။ မီးမီးက ဘာကိုမှ ဂရု



www.burmeseclassic.com

www.burmeseclassic.com


မစိုက်ပေ။ အမြီးကကိုင်ထားသောမြွေကို သစ်ပင်နှင့်ခေါင်း လွှဲရိုက်သည်။ နှစ်ချက် သုံးချက်ရိုက်ပြီး ကျောင်းသူအုပ်စုဘက် လွှဲရမ်းပစ်လိုက်၏။

"အိုး"

"ကယ်တော်မူကြပါ"

"သေပါပြီ၊ ကြောက်တယ်၊ ကြောက်တယ်"

ကောင်မလေးတစ်သိုက် ဝရုန်းသုန်းကား ဖရိုဖရဲဖြစ်ပြီး လဲသူကလဲ၊ ခုန်သူကခုန်၊ ကျွတ်ကျတော့မည့်ထဘီကို အထိတ်တလန့် ဖမ်းဆွဲသူကဆွဲ။ အတော့်ကိုကြည့်၍ကောင်းသောမြင်ကွင်းပင်။

"အဟား ဟား ဟား၊ ဟိ ဟိ"

ဒီတစ်ခါရယ်မောရသူက မီးမီး။ သူတို့ကိုကြည့်ပြီး အားရပါးရ ရယ်သည်။

"မိန်းကလေးချင်းကိုယ်ချင်းမစာ၊ သူများသားသမီးကိုချိုးမျှစ်ချိုးပြောချင်တဲ့ကောင်မတွေ မှတ်ပြီလား ... ဟွန်း"

မီးမီးဆိုတာ အဲသလိုမိန်းကလေးမျိုးပါ။ သူကစပြီး ဘယ်တော့မှ သူများကို မစော်ကား။ သူ့ကို လာထိလို့ကတော့ တစ်ခုခုပြန်လုပ်ရမှ ကျေနပ်သူဖြစ်သည်။

"ဟဲ့ ... မီးမီး၊ ငါတို့ နင့်ကို လိုက်ရှာနေကြတာ၊ ဘာတွေဖြစ်နေတာလဲ"

"နင် ပြဿနာရှာပြန်ပြီလား မီးမီး"

အေးအေးကြီးနှင့်ရည်မွန်က မီးမီးကို မြင်သွားပြီး အပြေးအလွှားရောက်လာကြသည်။ မီးမီးက ...



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ၊ တစ်ခုခုဆိုတာနဲ့ ငါကပဲ ပြဿနာရှာသလို"

မီးမီးစကားအဆုံးတွင် သင်မင်းဆက်တို့သုံးယောက်နှင့် အတူ သချာဆရာတစ်ယောက်လျှောက်လာတာတွေ့ရ၏။

"ဆရာ ... ဆရာ၊ လုပ်ပါဦး ဆရာ၊ သူလေ သမီးတို့ကို မြွေနဲ့ခြောက်တယ် ဟင့်"

အိုက်တင်ခပ်များများကောင်မလေးက ဆရာ့ကိုမြင်တာ နှင့်ဆီးတိုင်သည်။ ကြာမျက်လုံးနှင့်လည်း သင်မင်းဆက်ကို ပဲ ကာ ကြည့်လိုက်သေးသည်။

"မြွေနဲ့ခြောက်တယ်၊ ဘယ်မှာလဲ မြွေ"

ဆရာက မေးသည်။

ကောင်မလေးတွေ ပြန်မဖြေခင် မီးမီးက ...

"ဟိုမှာ ဆရာ၊ သမီးယူပြမယ်"

မီးမီးက ဓိဝိန်ချုပ်ငြိမ်းနေပြီဖြစ်သော မြွေသေကို ကောက်ကာ ဆရာ့ကိုပြသည်။ ဆရာပင် တွန့်ခနဲဖြစ်သွား၏။

"အမှန်က ဒီလိုပါ ဆရာ၊ သူတို့က ဒီမြွေကိုတွေ့ပြီး ကြောက်ပြီးအော်တာ၊ အဲဒါ သမီးက သူတို့ကို ကိုက်မှာစိုးတာနဲ့ မြွေကိုဖမ်းသတ်ပြီး လွှင့်ပစ်တာပါ၊ အဲဒါကိုပဲ သူတို့က အဖြစ် ပြောနေတယ်"

ဒီတစ်ခါတော့ မီးမီး လည်သွားပြီ။ သူများထက်ဦးအောင် ဒလစပ်တိုင်ပစ်လိုက်၏။

သင်မင်းဆက်မှာ ဝမ်းထဲက ကျလိကျလိနှင့်ရယ်ချင်စိတ် ကို အောင့်ထားရသည်။ ဗလကြီးနှင့်မလိုက်သူ့ကိုယ်သူ "သမီး သမီး" နှင့်စကားပင် မပီတော့အောင် နွဲ့သွားသော မီးမီးကို



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားသည်။

"ကဲ ကဲ၊ အဲဒီမြွေသေကြီးကို ခပ်ဝေးဝေးလွှင့်ပစ်လိုက်ပါကွာ"

"ဟုတ်ကဲ့ ဆရာ"

မီးမီးက မြွေကို ကျောင်းဝင်းအပြင်တစ်ဖက်လမ်း သစ်ပင်အုပ်တန်းဆီ လွှဲ၍ ပစ်လိုက်၏။

"ကဲ ကဲ၊ သွားကြတော့၊ ညည်း ကျပ်ကျပ်သတိထားနော် မိုးဦးဝေ"

ဆရာက ဒါပဲပြောပြီး ထွက်သွားသည်။ မီးမီးအကြောင်း မသိသူမှ မရှိဘဲ။ ဒီတော့မှ ဝင်းနိုင်နောက်ကျောကွယ်နေသော တရုတ်ကြီး ထွက်လာ၏။

"အသည်းယားလိုက်တာ မီးမီးရာ၊ နင်ပြောတော့ အကောင်ပလောင်တွေကြောက်လို့ လယ်ထဲကိုင်းထဲ မဆင်းဘဲ မြို့တက်ပညာရှာတာဆို"

"ငါက ခူကောင်တို့၊ ဘောက်ဖတ်တို့လို သေးသေးလေးတွေပဲကြောက်တာ၊ ကျားတို့ ဆင်တို့ မြွေတို့ဆို မကြောက်ဘူး တရုတ်ကြီးရဲ့"

"ဟိုက်"

"အာဂပဲ"

"ဘယ်လိုမိန်းကလေးမှန်းကိုမသိဘူး"

"ဟား ဟား ဟား ဟား"

တစ်ယောက်တစ်ပေါက်ပြောဆိုကြသည်။ သင်မင်းအောက်ကတော့ တဟားဟားအော်ဟာစ်ရယ်မောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အေးအေးကြီးက သက်ပြင်းချ၊ မျက်စောင်းထိုးရင်း

"မီးမီးကိုလေ၊ တစ်ယောက်တည်းကို မနေခိုင်းရဲဘူး၊ ဘေးကနေ အမြဲသတိပေးနေမှ တော်ကာကျတာ"

"တရုတ်ကြီးကို မီးမီးဘေးက ကိုယ်ရံတော်ခန့်ပေးလိုက်"

ဝင်းနိုင်ဝင်ပြောတော့ အားလုံးရယ်ကြပြန်သည်။ ပြီးမှ ရည်မွန်က "ဘယ်လိုဖြစ်တာလဲ" မေး၍ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။ မီးမီးပြောတာကိုနားထောင်ပြီး သင်မင်းဆက်က

"နင် လူတိုင်းကြောက်တဲ့မြွေကျမကြောက်ဖူးနော်၊ မြွေနဲ့တူတာကျကြောက်မှာပါ"

"နင်မယုတ်မာနဲ့နော် မင်းဆက်"

"ဘာလဲဟ! ငါက တီကောင်တို့ ငါးရှဉ့်တို့ပြောတာ"

အားလုံးဇဝေဇဝါနှင့်ဖြစ်ကုန်သည်။

အဲဒီနေ့က သူတို့အားလုံးနှင့်မီးမီး ကျောင်းတော်ကြီးမှာ နောက်ဆုံးတွေ့ရသောနေ့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

ညက အိပ်မက်မကောင်း။ မရှိသေးစကားမစင်ဖွန့်ရသည်ဟု မက်ခြင်းဖြစ်သည်။ ဒီလိုအိပ်မက်မျိုးက ဥစ္စာလျှောတာတို့၊ ဂုဏ်သိက္ခာကျဆင်းတာတို့ဖြစ်တတ်သည်ဟု မီးမီးအမေက ပြောဖူးသည်။ မီးမီးတွင် လျှောစရာဥစ္စာဆို၍ ရွှေတစ်မှုန်ပင်မရှိ။ ဂုဏ်သိက္ခာဆိုရာ၌ ဂုဏ်အပေါင်း သိက္ခာ။

ဂုဏ်က တက္ကသိုလ်ပါမောက္ခတူမ။ သိက္ခာက မည်သည့်နေရာကကျမည်နည်း။ သတိတော့ထားရမည်။ သတိထားတာမမှား။

ထိုသို့တွေးမိပြီး အိမ်ကနေ ကျောင်းကိုထွက်လာကတည်းက သတိနှင့်ထွက်လာခဲ့ခြင်းဖြစ်သည်။ သတိထား၍လားမသိ။ ဘတ်စ်ကားပေါ်ကဆင်းကတည်းက လင်းရဲသူကားကို မြင်သည်။ အမှန်က ဒီအတိုင်းဆို မြင်ချင်မှမြင်မည်။ သကောင့်သားတ



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးက ခေါင်းတစ်ခေါင်းလုံးပြူထွက်ပြီး မချိုမချဉ် လှမ်းကြည့်နေ၍ သတိထားလိုက်မိခြင်းပင်။

"တောက် ... စောစောစီးစီး၊ ကျက်သရေယုတ်တယ်"

လင်းရဲသူလို မိဘအရှိန်နှင့်သုံးဖြုန်းပြီး ဖောင့်ကြွားကြွားပုံစံမျိုးကို လုံးဝ ကြည့်မရတာအမှန်။ လူကိုတွေ့လျှင် တွေ့တာနှင့် တစ်ပြိုင်နက် နှာစကားပြောပြီး နှာကြည့်ကြည့်သူဖြစ်၏။ ဒါတွေကို ပတ်ဝန်းကျင်က မမြင်တာအံ့ဩသည်။ သားပြောမယားပြောပြောတာမျိုးတွေကို မီးမီးက မခံနိုင်။ မခံနိုင်၍ပြောတော့ မီးမီး အလွန်ဖြစ်ရသည်။

ယခုလည်းကြည့်။ လင်းရဲသူကိုတွေ့၍ ကွင်းသည်။ ရှောင်သည်။ မျက်ခြေဖြတ်သည်။ သို့သော် ...

ခက်နေတာက လင်းရဲသူမှာ သားကောင်ကို ချောင်းနေသောမုဆိုးဆိုတော့ မီးမီးကို အငြိုးထား၍ မပြတ်ချောင်းနေသူ။ ဒီတော့ တစ်ခါရှောင်လွတ်၊ နှစ်ခါရှောင်လွတ်ပေမယ့် သုံးခါမှာ မလွတ်တော့ပေ။

ကျောင်းရောက်တော့ အေးအေးကြီးကိုမတွေ့။ ရည်မွန်ကတော့ ထုံးစံအတိုင်း အစမ်းသပ်ခံခေါင်းရလျှင် ဆံပင်လိုက်ညှပ်ပေးနေလောက်ပြီ။

မီးမီးသည် အတန်းချိန်စနေပြီဖြစ်၍ မဝင်တော့ဘဲ ထွက်လာခဲ့သည်။ မနက်ခင်းမေဂျာချိန်တွေမို့လားမသိ။ ကျောင်းဝင်းလမ်းမှာ လူရှင်းနေ၏။

"တီ တီ"

ကားတစ်စီးလာနေသံကြား၍ လမ်းဘေးကပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ... ကားက ကျော်မသွားဘဲ မီးမီးတိမ်းတဲ့လမ်းဘေးထိ ကပ်လာ၏။

"မိုးဦးဝေ"

ခေါ်သံကြားမှ သဘောပေါက်တော့သည်။ လင်းရဲသူ။ ထိုအခါမှ အတန်းမတက်ဘဲ ထွက်လာမိတာကို နောင်တရမိ၏။

"ဟဲ ဟဲ၊ အတန်းမတက်ဘဲ လျှောက်သွားနေတာလား"

လင်းရဲသူက ကားတံခါးဖွင့်ဆင်းလာသည်။ သူ့ကားတွင် ပါလာသော သူ့သူငယ်ချင်းနှစ်ယောက်ပါဆင်းလာပြီး ...

"ရဲကြီး ... ဒီနေ့တော့ အပြတ်ပဲ မဟုတ်လား"

"အကူညီလိုရင်ပြော ရဲကြီး၊ မင်းကားပေါ်ကောင်မလေး ရောက်ရင် ငါတို့ရှောင်ပေးမယ်၊ ဟဲ ဟဲ"

ကြည့် ...။ ပြောပြန်ရင် မီးမီးအလွန်ဖြစ်လိမ့်မည်။ လင်းရဲသူသာမက သူ့ဘော်ဒါတွေကလည်း နှာတွေးတွေးပြီး နှာစကားက ပြောသည်။

"ကဲ ... မိုးဦးဝေ၊ အေးအေးဆေးဆေးကားပေါ်တက်၊ ကိုယ်တို့ ပြင်ပကမ္ဘာမှာ လျှောက်လည်ရအောင်၊ ပြီးတော့ ချစ်တမ်းစားကြမယ်၊ ကိုယ် မင်းကို ညင်ညင်သာသာလေးချစ်မှာပါ"

"ခွေးကောင် ... အခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း အခု ငါ သည်းခံစိတ်မွေးနေလို့ နင်သက်သာတယ် မှတ်၊ ပြောသမျှ နားမကြားဘူးလို့ပဲ သဘောထားပေးမယ်၊ အမြန်ကြွ"

"ဟဲ ဟဲ ဟဲ ဟဲ၊ ဒီလိုအခွင့်အရေးလက်လွတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြီးတော့ ယောကျ်ားတစ်ယောက်ကို အထင်သေးပြီး တော်ပက်စက်စက်ပြောခဲ့တယ်၊ စော်ကားတာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အကောင်ရဲ့၊ နင့်ကို အားအားလျားလျား ဘယ်သူက လာပတ်သက်နေလို့လဲ၊ အဲသလိုအပြောမခံချင်ရင် ငါနဲ့ဝေးဝေးနေပေါ့၊ အခု ကျောင်းထဲမှာတောင် နင် ရမ်းကားနေတာမဟုတ်လား"

"ဟင့်အင်း၊ အခုမှတော့ ဝေးဝေးမနေနိုင်တော့ဘူး၊ ဒီနေ့ နင့်ကို အပါခေါ်မယ် မိုးဦးဝေ၊ လုံးဝ သေသေကျေကျေပဲ"

"သွားပါတော့ဟာ၊ ပြဿနာကို မီးထွန်းမရှာချင်ပါနဲ့၊ နင့်ကိုငါ ဒီလောက်ထိလေကုန်ခံပြောနေတာ ငါ့အကြောင်းနဲ့ငါမို့ နော်၊ ဟင်း ... တောက်"

မီးမီးက ကိုးရိုးကားယားရပ်နေကြသော သကောင့်သား တွေကို တိုးဖော့ကာ ထွက်သွားဖို့ကြိုးစားသည်။

ဒါကို လင်းရဲသူက သူ့သူငယ်ချင်းနှစ်ယောက်ကို မျက်ရိပ် ပြပြီး မီးမီးကို ကားပေါ်ရောက်အောင်တင်ဖို့ အနားကပ်လာကြ သည်။

မီးမီးကို ဒီလိုလုပ်၍ မရမှန်း သူတို့မသိကြ။ လင်းရဲသူ ရဲ့သူငယ်ချင်းနှစ်ယောက်မျက်နှာကို လွယ်အိတ်ဖြင့် လွှဲရိုက်ပစ် လိုက်၏။

"ဘုန်း ဘုန်း"

"အ"

"အောင်မငီး"

"မိုးဦးဝေ ... လာစမ်း"

လင်းရဲသူက မီးမီးရဲ့လွတ်နေသော လက်တစ်ဖက်ကို ဆွဲ ပြီး ကားဆီခေါ်သွား၏။ အသားလာထိတော့ မီးမီးမျက်လုံးတွေ မီးဝင်းဝင်းတောက်သွားပြီး သည်းခံနိုင်စွမ်းကုန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! အယုတ်တမာ၊ အရိုင်းအစိုင်းကောင်၊ ငါ့လက်ကို လွှတ်စမ်း၊ ကဲ"

တစ်ခါတည်းဆောင့်ရုန်းရုံတင်မက လင်းရဲသူကို တွန်းပစ်လိုက်၏။ လင်းရဲသူခန္ဓာကိုယ်က အတွန်းခံရသောအရှိန်ကြောင့် ကားဘော်ဒီမှာ သွားကပ်သည်။

"အားပါးပါး၊ တော်တော်အားသန်တဲ့ကောင်မလေးပဲ၊ နင်နဲ့ငါတော့ ဒီနေ့အပြတ်အသတ်ပဲ"

မနက်ပိုင်း မေဂျာချိန်တွေကြောင့် အသွားအလာရှင်းနေခြင်းက လင်းရဲသူကို အခွင့်အရေးရစေသည်။ မီးမီးကို ပွေ့သိမ်းဖို့ လင်းရဲသူ အရှိန်ယူလိုက်၏။ သူ့ငယ်ချင်းနှစ်ယောက်ကလည်း မီးမီး အနောက်က ဖန်းချုပ်ကိုင်ဖို့ ချောင်းနေသည်။

မီးမီးကို ချုပ်ကိုင်နိုင်ပြီး ကားပေါ်ရောက်လျှင် စက္ကန့်ပိုင်းအတွင်း ပွေ့သိမ်းပြီ။ သို့သော် ...

လင်းရဲသူက မီးမီးကို လျှပ်တစ်ပြက်ဖမ်းအခုန်၊ မီးမီးက ဆတ်ခနဲငုံ့ရှောင်လိုက်ပြီး ခြေထောက်နားမှာရှိနေသော အုတ်ကျိုးအပဲ့ကို ကုန်းကောက်ကာ လင်းရဲသူ နဖူးစောင်းထုပစ်လိုက်၏။

"ကဲ ... သေစမ်း၊ အယုတ်တမာကောင်"

"ခွပ်"

"အား"

"ဟာ ... ဆော်ပြီကွ"

"ပြဿနာပဲ၊ ဟိုမှာ လူတွေ ဒီဘက်လာနေပြီ"

လင်းရဲသူနဖူးစောင်းမှ သွေးတွေဖြာဆင်းလာသည်။ သူ့သူငယ်ချင်းနှစ်ယောက် ပြေးတွဲ၏။ အနားရောက်လာပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



လူတွေထဲမှာက သချာဆရာ။ ပြီးတော့ သင်မင်းဆက်တို့အဖွဲ့။ တစ်နေ့ကပဲ မြွေပြဿနာတွင် ဆုံထားသေးသည်။ ဆရာက ...

"မိုးဦးဝေပဲကိုး ... ဟဲ့! သွေးတွေ မြင်မကောင်းရှုမကောင်းပါလား၊ ပြဿနာပဲ"

"မိုးဦးဝေရိုက်တာ ဆရာ"

လင်းရဲသူသူငယ်ချင်းက ယောကျ်ားပီပီသသချောက်တွန်း၏။ သူ့ကိုပါဆက်ထုလိုက်ရမကောင်းဖြစ်ရှော့မည်။

"ကြည့်စမ်း၊ သေသွားရင် ဘယ်လိုလုပ်မလဲ မိုးဦးဝေ၊ ဒါ လူသတ်မှုဖြစ်သွားမှာပေါ့၊ ခဏခဏ သတိပေးဆုံးမနေတဲ့ကြားက မိုက်လိုက်တာ မိန်းကလေးရယ်"

❧



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

စာအသင်အပြကောင်းသော၊ လုပ်သက်ရင့်သော၊ စာရိတ္တကောင်းသော ဦးလေးဖြစ်သူ ပါမောက္ခမျက်နှာကြောင့် ကျောင်းထုတ်ခံရမည့်ဘေးမှဝေးကာ ကျောင်းတစ်နှစ်အနားပေးခံခဲ့ရသည်။

"ဆရာကြီးရုံးခန်းအကြိမ်ကြိမ်ရောက်ခဲ့ပြီး၊ သတိပေးစာတ်မှတ်လည်း အကြိမ်ကြိမ်ထိုးပြီးပြီ၊ ထစ်ခနဲဆို လက်မပါဖို့ သတိပေးဆုံးမပြီးပြီ၊ ဒါပေမယ့် ... သမီးက ခဏာပဲ နားထောင်တာကိုး"

ဆရာကြီးက ပြောသာပြောနေရသော်လည်း စိတ်မကောင်းဖြစ်နေပုံရသည်။ ခက်တာက ကျောင်းစည်းကမ်းအရ အပြစ်မပေးလို့က မရ။

မီးမီးအနေနှင့်လည်း ဘာတစ်ခုမှ ဖြေရှင်းပြောပြမနေချင်



www.burmeseclassic.com

www.burmeseclassic.com


တော့ပါ။ ရှိပါစေတော့။

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်မမှာ အပြစ်ရှိပါတယ်၊ ဆရာကြီးပေးတဲ့အဖြစ်ကို ကျေကျေနပ်နပ်ခံယူပါ့မယ်"

သရီး၊ သရီးဟုပင် ချွဲနွဲ့မပလီတော့ဘဲ ကျွန်မဟုသာ နာမ်စားသုံး၍ တည်ငြိမ်နေသော မီးမီးကိုကြည့်ကာ သင်မင်းဆက်အားမလိုအားမရဖြစ်မိသည်။ အဖြစ်မှန်ကို ရှင်းပြသင့်သည်မဟုတ်လား။

"မီးမီး၊ အပြစ်အားလုံး ဘာ့လို့ နင်တစ်ယောက်တည်းခံရမှာလဲ! လင်းရဲသူခေါင်းကို နင် အကြောင်းမဲ့ ရိုက်ခွဲတာလားမိန်းကလေးပဲ၊ ကိုယ့်ကိုယ်ကိုယ် ခုခံပိုင်ခွင့်ရှိတယ်"

"ဟုတ်တယ် မီးမီး၊ ဆရာကြီးကို အဖြစ်မှန်ရှင်းပြ တောင်းပန်ပြီး ကျောင်းအနားမခံရအောင်ပြောမယ်"

သင်မင်းဆက်စကားကို အေးအေးကြီးကပါ ထောက်ခံသည်။

ချစ်တီးက ...

"အဲဒီကောင် နင့်ကို ယုတ်မာဖို့ကြံတာမဟုတ်လား မီးမီး"

"မီးမီး၊ နင်မပြောရင် လင်းရဲသူကို အသေနှာပြီး ရအောင်မေးမယ်"

ဝင်းနိုင်ကပါ ဝင်ပြောသည်။ တရုတ်ကြီးခများမှာသာမျက်စိလေးပေကလပ်၊ ပေကလပ်ဖြစ်နေရှာ၏။

ရည်မွန်က ...

"ငါတို့မှားတာပါ၊ ဒီရက်ပိုင်းအတွင်း မီးမီးအနားနေရမှာကို ... ခုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ကြပါတော့၊ ဘယ်သူမှားမှားမှန်မှန် ငါ့ဦးလေးကလည်း သူရှိတဲ့ကျောင်းမှာ ငါ့ကိုမထားချင်တော့ဘူး၊ ဘာမှ ပြောမနေကြနဲ့တော့"

အားလုံးငြိမ်တိတ်သွားကြသည်။ စိတ်ထဲမှာတော့ ဘယ်သူမှမကောင်းကြပေ။

တရုတ်ကြီးက ...

"ဒါဆို နောက်တစ်နှစ်ကျောင်းပြန်တက်ရင် နင်က ငါတို့ ထက်အတန်းတစ်တန်းနိမ့်သွားမှာပေါ့နော် မီးမီး"

"ဒါပေါ့၊ နင်နော် ငါမရှိတာနဲ့ ငါ့အတင်းမအုပ်နဲ့၊ ကြားလား တရုတ်ကြီး"

"နင် ဒီတစ်နှစ် ကျောင်းနားရင် ငါလည်း ဒီတစ်နှစ်နားမယ်ဟာ"

"အဓိပ္ပါယ်မရှိတာတွေ လျှောက်မပြောနဲ့ အေးကြီး၊ နောက်နှစ်လည်း ငါမတက်တော့ဘူး၊ အလုပ်လုပ်မယ်၊ အဝေးသင်ပြောင်းမယ်၊ သင်တန်းတွေတက်မယ်၊ နိုင်ငံခြားသွားမယ်"

"ယောကျ်ားရော မယူတော့ဘူးလား"

သင်မင်းဆက်က ပျော်စေရန် ဝင်နောက်သည်။

"**မင်းဆက်**"

"အော်လိုက်တာ မီးမီးရာ"

"ကဲ ကဲ၊ မီးမီးအတွက် ဝမ်းနည်းချင်းအထိမ်းအမှတ် တစ်ခုခုလုပ်ပေးရအောင်"

"ဟယ် ... ငါက သေသွားတာကျနေတာပဲ"

"ငါတို့ကျောင်းကို ခဏခဏလာလည်နော် မီးမီး"



www.burmeseclassic.com

www.burmeseclassic.com


"တော်ပါ"

"ငါ ခုထိ ဘယ်သူ့ကိုမှ မစမ်းသပ်ရသေးဘူးလေ"

"ချစ်တီး၊ အစုတ်ပလုတ်"

မိန်းကလေးများက ချစ်တီးကို ဝိုင်းဝန်းထုဆိတ်ကြ၏။ သောကကြားမှ အပျော်လေးဖြစ်သွားသည်။

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com



"မီးမီးရယ်၊ နင့်ကိုငါ ဘယ်မှာထားရမှန်းကို မသိတော့ဘူး၊ နင့်အမေသိရင်လည်း စိတ်ကောင်းမှာမဟုတ်ဖူး"

"ဒါတော့ မပြောနဲ့ပေါ့၊ ဦးလေးမပြောရင် ဘယ်သူမှ မသိဘူး"

BURMESE CLASSIC

"မီးမီးရယ်၊ ငါလေ ကျောင်းသားပေါင်းထောင်သောင်း မက အုပ်ချုပ်ခဲ့တာ၊ တူမတစ်ယောက်ကျမှပဲ မနိုင်ဘူးဖြစ်နေတယ်"

"အံမယ်၊ ဦးလေးနော် ... တလောကလုံး သရီးမှားတယ် လို့လက်ညှိုးပိုင်းထိုးပါစေ ခံနိုင်တယ်၊ ဦးလေးပြောတာတော့ မခံနိုင်ဘူး"

"အေးပါ၊ အေးပါ၊ ဦးလေးက မီးမီးကို မှားတယ်လို့ အပြစ်ပြောတာမဟုတ်ပါဘူး၊ စိတ်မြန်လက်မြန်ရှိတာကိုပြောတာပါ၊ ကဲ အခု ... ဘာလုပ်မလဲ"

"အလုပ်တစ်ခုခု ဝင်လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လုပ်ဖို့မလိုပါဘူး မီးမီးရယ်၊ ဦးလေးက မီးမီး တစ်ယောက်မကျွေးနိုင်လို့လား"

ဦးလေးတွင် သားသမီးမရှိပါ။ ဦးလေးအမျိုးသမီးမှာ ဌာနတစ်ခုတွင် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သည်။

"မဟုတ်ပါဘူး ဦးလေးရယ်၊ အားနေတာ အလုပ်လုပ်ပြီး ပိုက်ဆံစုထားမယ်၊ ပညာစုံရင် သရီးလည်း ရန်ကုန်မှာ ကုမ္ပဏီ ထောင်မယ်လေ"

"ဟေ! ဟား ဟား ဟား ဟား"

မီးမီးစကားကြောင့် ဦးလေးက တဟားဟားအော်ရယ်နေခဲ့သည်။ ထိုအချိန်တွင် ဦးလေးမိန်းမပြန်ရောက်လာပြီး

"ဘာတွေများ သဘောကျနေတာလဲ"

"ဒီမှာလေ ... မင့်တူမပေါ့"

BURMESE CLASSIC

ဦးလေးက ဒေါ်လေးကို မီးမီးရည်ရွယ်ချက် ပြန်လည်ပြောပြနေသည်။ ဒေါ်လေးက ...

"အဲဒါတွေ ပညာစုံမှ စဉ်းစားတာကောင်းတယ်၊ ဒေါ်လေး ဆန္ဒကတော့ ဆရာကြီးကို အဖြစ်မှန်ရှင်းပြသင့်တယ်၊ တခြားကိစ္စ တွေထားဦး၊ ပြီးခဲ့တဲ့ကိစ္စကတော့ မီးမီးမမှားဘူး၊ ဘာမှပြန်မလုပ် ဘဲ ငြိမ်ခံနေရင် သူတို့ကားတင်ပြေးတာခံရမှာပေါ့၊ ကိုယ်ကတောင် တရားပြန်စွဲသင့်တာ"

"ဆရာကြီးရုံးခန်းမှာကတည်းက အဖြစ်မှန်ကို ဘာလို့ ရှင်းမပြသလဲ မီးမီး"

"တော်ပါ ဦးလေးရာ၊ ဒီတစ်ခါ ပြဿနာဖြစ်ရင် ထိုသူ မှားမှားမှန်မှန် မီးမီးကို နောက်ဆုံးသတိပေးထားတာဆို၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်တော့ဘူး"

"သြော် ... မီးမီးရယ်၊ အဲဒါကတော့ လူအများအုပ်ချုပ်နေရတဲ့လူကြီးက ဒီလိုပဲပြောရမှာပေါ့၊ တစ်နှစ်နားလိုက်ရင် နှစ်နာတယ်၊ ကျောင်းပြန်တက်နိုင်အောင် ဦးလေးကြိုးစားကြည့်မယ်"

"မလုပ်နဲ့ဦးလေး၊ နောက်နှစ်လည်း သမီး အဝေးသင်ပဲတက်ဖို့ဆုံးဖြတ်ထားတယ်၊ တခြားသင်စရာပညာတွေ အများကြီးပါ၊ အအားတော့ မနေဘူး"

BURMESE CLASSIC

ပြောသာပြောလိုက်ရသော်လည်း မီးမီးရင်ထဲ ဝမ်းနည်းမိသည်။ လွမ်းတာလိုလို၊ ဆွေးတာလိုလိုနှင့်မရေမရာခံစားချက်ကသူကို နေမထိထိုင်မသာဖြစ်စေတာတော့ အမှန်ပင်။

"မဟုတ်မခံ၊ သမီးစိတ်ကို ဦးလေးတို့နားလည်တယ်၊ ဒါပေမယ့် ... မီးမီးက မိန်းကလေးဆိုတော့ စိတ်ပူရတယ်"

"ဟုတ်တယ် မီးမီး၊ သမီးဦးလေးပြောတာမှန်တယ်၊ အေါ်လေးလည်း အဲဒါတွေးမိတယ်၊ တစ်ခုခုဆို ကိုယ်က သမီးရှင်ဟုတ်လား၊ ဒါနဲ့ မီးမီးမှာ ရည်းစားရှိနေပြီလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com

# ( ၁၁ )

သူတို့အားလုံး ဘယ်သူမှ ဟိုဟိုဒီဒီမသွားဘဲ ထိုင်နေကြ
သည်။ ထနေသူတစ်ယောက်တော့ရှိ၏။ ဘာမဆို စမ်းသပ်ကြည့်
ချင်နေသူ ချစ်တီး။

"ထိုင်နေစမ်းပါ ချစ်တီးရာ ... မင့်ဘယ်သူက ဒဏ်ပေး
ထားလို့လဲ"

"ဟုတ်ပါ့ကွာ၊ ညစ်နေရတဲ့အထဲ သူကတစ်မျိုး၊ အေး
နှောက်လိုက်တာ"

ဝင်းနိုင်ပြောတာကို သင်မင်းဆက်ကပါ ဝင်ပြောသည်။
တရုတ်ကြီးကတော့ ထုံးစံအတိုင်း သူ့စိတ်နှင့်သူ့ကိုယ်တစ်သား
မတ်တည်းငြိမ်နေ၏။ ချစ်တီးက ...

"ငါ စဉ်းစားနေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှလည်း ဘာလဲ၊ ညာလဲ မမေးပါ။ မမေးလဲ ပြောမှာသိနေ၍ လေကုန်မခံကြခြင်းဖြစ်သည်။

"ဒီလိုကွာ၊ မီးမီးကို ဘယ်လိုလုပ်ပေးရင်ကောင်းမလဲ စဉ်းစားနေတာ"

အဲဒီစကားကြောင့် သင်မင်းဆက်ခန္ဓာကိုယ်က ဆတ်ခနဲ မတ်သွား၏။ ဝင်းနိုင်က ...

"ဒီလိုကျ မင်းကတော်သွားပြန်ပြီ ချစ်တီး"

"မီးမီး သနားပါတယ်"

တရုတ်ကြီးက ဒီတစ်ခွန်းတော့ ဝင်ပြော၏။

"ဒါနဲ့ ... မင်းတို့ရော ဘယ်လိုမှ မခံစားရဘူးလား မင်းဆက်"

"ဘာကိုလဲ ချစ်တီး"

"မီးမီး ခုလိုဖြစ်သွားတာကိုလေ"

"မျက်စိနောက်သက်သာသွားတာပေါ့ကွ"

သင်မင်းဆက်စကားကြောင့် အားလုံး တအံ့တဩနှင့် ကြည့်ကြသည်။ ဟုတ်ပါ့မလားပေါ့။ သို့သော် ... သင်မင်းဆက် မျက်နှာက ပကတိအေးစက်စက် တည်တည်ငြိမ်ငြိမ်ပင်။

"မင်းကွာ ပြောရက်လိုက်တာ"

"ဟုတ်ပါ့၊ အကြင်တရားကိုမရှိဘူး"

"အေးလေ၊ ဘယ်လောက်ပဲ မတဲ့အတူနေပြောပြော ဒီလိုကြီးတော့ မပြောသင့်ပါဘူး"

သင်မင်းဆက်ကို ခပ်ချဉ်ချဉ်မျက်လုံးတွေနှင့်ဝိုင်းကြည့်ကြသည်။ ပြီးမှ ချစ်တီးက ...



www.burmeseclassic.com

www.burmeseclassic.com



"အေးကြီးတော့ သနားပါတယ်ကွာ၊ တစ်ယောက်တည်း အထီးကျန်နေရှာပြီ"

"နင် တနားတာ ငါသိဒယ်နော်"

"အေးကြီးဘေးမှာ ရည်မွန်ရှိပါတယ်"

"ရည်မွန်က ခေါင်းတွေနောက်လိုက်နေတာများတယ်ကွ"

"အေးကြီးနဲ့ရည်မွန်က ထားပါကွာ၊ မီးမီးခမျာ ကျောင်းနားခံရတာ"

"ငါ ဟိုကောင့်ကိုမကျေနပ်ဖူးကွာ"

"ကျောင်းထဲမှာတော့ ပြဿနာမရှာနဲ့"

"အေးပါ၊ အပြင်မှာတွေ့လို့ကတော့ အလွတ်မပေးဘူး"

သင်မင်းဆက်က တစ်ချိန်လုံးငြိမ်နေသည်။ ခဏကြာမှ

"အေးကြီးကို သွားရှာရအောင်၊ ရည်မွန်လည်း ရှိချင်ရှိနေမှာ"

"ရှာမယ်လေ ... ရည်မွန်လည်း ငါ့ရဲ့အစမ်းသပ်ခံမယ်ပြောပြီး ဘယ်ပျောက်နေမှန်းကိုမသိဘူး"

"အသာနေစမ်းပါချစ်တီးရာ၊ အရေးထဲ ဒီနှာသမားက တစ်မျိုး၊ အေးကြီးတို့ကိုတွေ့ရင် ညနေကျ မီးမီးဆီသွားဖို့ပြောမလို့၊ ဘာပဲဖြစ်ဖြစ် ပစ်မထားသင့်ဘူး"

"ဒါပေါ့၊ သွားတွေ့ရမှာပေါ့ မင်းဆက်ရ"

"ပြောတော့ မျက်စိနောက်သက်သာတယ်ဆိုပြီး သူက ကျိတ်ကြံနေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မီးမီး၊ ငါတို့က နင်ရှိမှရှိပါ့မလားလို့"

အဲသလိုအော်ပြီး ဝင်လာသူက ရည်မွန်။ အံမယ်၊ သူက များပြောရတယ်ရှိသေး။

"မရှိလို့ ငါက ဘယ်သွားရမှာလဲ? ကျောင်းပဲသွားစရာရှိတာ၊ ကျောင်းမလာရတော့ ဘယ်သွားရမှန်းမသိဘူး"

"အေးလေ၊ နင်စိတ်လေပြီး လျှောက်သွားနေမလားလို့ပေါ့"

"စိတ်တော့မလေပါဘူး၊ တစ်ခုပဲ စိုးရိမ်တယ်"

"ဘာလဲ"

"ငါမရှိတော့ ငါ့အတင်းတွေပြောနေကြမှာကိုပေါ့၊ ဟဲ့ တရုတ်ကြီး"

"မီးမီးရာ ပြဿနာရှာအစမဖော်စမ်းပါနဲ့၊ ငါ့မှာဖြင့် အိပ်မက်ဆိုးကနိုးခါစရှိသေးတယ်"

"အယ် ... အစုတ်ပလုတ်တရုတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com


မီးမီးက တရုတ်ကြီးကို ထုရိုက်ဆိတ်ဆွဲသည်။

တရုတ်ကြီးက ...

"အောင်မလေးဗျာ၊ ဆင်ကျီစားရာ ဆိတ်မခံသာ"

မည်သို့ပင်ဖြစ်စေ သူငယ်ချင်းတွေလာတော့ ပျော်ရသည်။ အံ့ဩစရာတော့ အကောင်းသားပင်။ ပြဿနာဖြစ်၍ ရုံးခန်းရောက်ခဲ့သူတွေက အခုတော့လည်း အရေးအကြောင်းဆို ပူပန်ဖော်ရသည့်သူငယ်ချင်းတွေဖြစ်နေခဲ့ကြပြန်၏။

"ဒါနဲ့ နှင့်ဦးလေးနဲ့အဒေါ်ရော"

ချစ်တီးကမေးသည်။

"အပြင်ထွက်သွားကြတယ်"

"အေး ... နောက်နေ့ နှင့်ဦးလေးနဲ့အဒေါ်မရှိချိန် ငါ တစ်ယောက်တည်းလာခဲ့မယ်"

"အံမာ ချစ်တီးရာ ... နှင့်များ အရေးလုပ်ရဦးမယ်၊ လာခဲ့စမ်းပါ၊ ဟောသလို ... ဟောသလို ... ကဲ"

မီးမီးက ချစ်တီးလက်တစ်ဖက်ကို လိမ်ချိုးထားပြီး ကျောကို တံတောင်ဖြင့်ထောင်းထုလိုက်၏။

"အား ... ကြောက်ပြီ၊ ကြောက်ပြီ၊ ငါ အကောင်းပြောမလို့ပါ မီးမီးရ၊ လွှတ်"

မီးမီးနှင့်ချစ်တီးကိုကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြသည်။

"မီးမီးရာ၊ နင် မိန်းကလေးတန်မဲ့ ဗလအားကိုးနဲ့နေရာတိုင်းမိုက်မနေနဲ့"

"အောင်မာ ... နင်ကရော မင်းဆက်၊ ယောကျာ်းကြီးတန်မဲ့နေရာတိုင်း နွဲ့နှောင်းနုရွမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း! ပြောပြန်ပြီလား ဒီစကားမျိုး"

"ပြောတယ်လေ၊ ဘာဖြစ်လဲ"

"ကဲ ... တော်ကြစမ်းပါ၊ ဒီအိမ်ရှင်ကလည်း ညှော်သည့်တွေကို ဘာမှမကျွေးတော့ဘူးလား"

"ခေတ်ကပြောင်းသွားပြီ၊ ဧည့်သည်ကျွေးတဲ့ခေတ်"

"ကဲပါ၊ ကျွန်တော်မျိုးသင်မင်းဆက်ကပဲ ကျွေးပါ့မယ်၊ မီးမီး နှင် အပြင်ခဏထွက်လို့ရလား၊ လမ်းထိပ်လက်ဖက်ရည်ဆိုင် သွားကြမယ်"

"ဒီလိုပဲ တံခါးပိတ်ပြီးထွက်နေကျ"

"အေး ... နှင့်ကိုငါ ပြောစရာရှိသေးတယ်"

"ဟော!"

"စိတ်ကူးမယဉ်နဲ့ ... ရည်းစားစကားမဟုတ်ဖူး"

"သေလိုက်"

"ကဲ ကဲ၊ ပြောစရာရှိတာ နောက်မှပြော၊ စားစရာရှိတာ အရင်စားမယ်"

ပြောစရာရှိတာ နောက်မှပြောဆိုသောသူကပဲ စကားတွေ ပြောနေသည်။

တွေးကြည့်ရင်တော့ ရယ်စရာကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

ကုမ္ပဏီရုံးခန်းကိုရောက်သည်နှင့် တံမြက်စည်းဆွဲက အမှိုက်သရိုက်တွေလှဲသည်။ ကြက်မွေးတစ်ချောင်းဖြင့် ဖုန်တွေ သုတ်သည်။ ဖရိုဖရဲအမြင်မတော်ပစ္စည်းပစ္စယတွေကို သပ်သပ်ရပ် ရပ်ဖြစ်အောင် ပြင်ထားလိုက်၏။

"နားပါဦး မိုးဦးဝေ၊ ရုံးရောက်ကတည်းက မနားတမ်းလုပ် နေတာ"

"မပင်ပမ်းပါဘူး ဦးကြီးရဲ့၊ ဒါပြီးရင် သမီးဘာလုပ်ရမလဲ ဦးကြီး"

"မနေ့က အပေါင်းအသစ်ကောက်လို့ရတဲ့ငွေတွေ စာ ရင်းသွင်းရမယ်လေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စာရင်းစာအုပ်တွေ"

"ဟုတ် ... ဒါနဲ့ဦးကြီး"

"ဟေ!"

"ဦးကြီးက ဒီကုမ္ပဏီသူဌေးရဲ့အမျိုးဆို"

"ဟုတ်တယ်ဆိုပါတော့"

"ဟို ... သရီးက ဖားတာမဟုတ်ဖူးနော်၊ စိတ်ရင်းအတိုင်း ပြောတာ၊ သရီးကို ဘာမဆိုခိုင်းပါ၊ မသိတာမတတ်တာရှိရင်လည်း သင်ပေးပါ ဦးကြီး"

"အေး ... သင်ပေးရမှာပေါ့၊ အလုပ်လုပ်ချင်စိတ်ရှိသူအတွက် ဦးကြီးက ကြိုဆိုပါတယ်"

"သရီး အလုပ်ဝင်တာပဲ တစ်ပတ်ပြည့်တော့မယ်၊ သူဌေးရော၊ သူဌေးမကြီးကိုရော ခုထိ မတွေ့ဖူးသေးဘူး"

"ခရီးသွားနေလို့ကွယ့်၊ ဒီတစ်ခါကြာတယ်"

"သရီးလည်း အဲသလိုသွားချင်တယ်၊ ပျော်စရာကောင်းမှာပဲ"

"ခရီးသွားရတာ များတော့ ပင်ပမ်းတယ်"

"နေပူထဲ ပျိုးနုတ်ကောက်စိုက်တာထက် မြို့ပေါ်က အလုပ်ပင်ပမ်းတယ်ခေါ်မလား ဦးကြီးရဲ့"

"ဟေ! ဟား ဟား ဟား ဟား"

ဆပ်ပြာဆီနှင့်ဆပ်ပြာကရင်(မ်)အမျိုးပေါင်းနှစ်ဆယ်ကျော်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီကြီးဖြစ်သည်။ နာမည်ရဈေးကွက်ခိုင်မာနေပြီဖြစ်သော လုပ်ငန်းလည်းဖြစ်၍ နေ့စဉ်အော်ဒါတွေက ဝင်လာမစဲ တသဲသဲပင်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဒါလာ၍ ပစ္စည်းပို့ရလျှင် တော်ရုံတန်ရုံဂျပ်ပုံးကြီး လောက်ကတော့ မီးမီးတို့က ဖွေ့ခနဲကောက်မသယ်ပိုးလိုက်သည်။ အလုပ်ကြမ်းမရွေး၊ အလုပ်နုမရွေး၊ ကိုယ့်အလုပ်သူ့အလုပ်မခွဲ၊ မြင်သမျှ အကုန်သိမ်းကျုံးလုပ်သည်။

"မိုးဦးဝေရယ်၊ နင်ဟာလေ ... တကယ့်ကို အားကောင်း မောင်းသန်မိန်းမပဲ"

ရုံးက ဝန်ထမ်းတွေက ထိုသို့ပြောကြသည်။

"နင် ဟို ... ဟိုလို မိန်းမလား မိုးဦးဝေ"

"ဟင်! ဘယ်လိုမိန်းမကိုပြောတာလဲ မမစိုး"

"ဘောပြားမ, လားလို့"

"ဘောပြား၊ ဘောလုံးက အပြားရှိသေးတာလား"

"ဟယ် ... နင့်ပြောရတာလဲ"

"မီးမီးက တောသူလေမမစိုးရဲ့ ... တဲ့တဲ့မပြောရင်မသိဘူး"

"အံမလေး၊ နင်သိချင်တတ်ချင်တဲ့နေရာကျ သိလိုက် တတ်လိုက်တာပါ မိုးဦးဝေရယ်၊ ငါပြောတာက နင် ယောကျ်ား စိတ်ပေါက်နေတဲ့သူလားလို့ပြောတာ"

"ကြဲကြဲဖန်ဖန် မမစိုးရယ်၊ မီးမီးမှာလေ၊ ကိုးရိုးယားမင်း သားဘေယောင်ဂျွန်းကို ရချင်လိုက်တာမှ အသေရရ၊ အရှင်ရရပဲ"

"ဟဲ့ ... နင်က ဘေယောင်ဂျွန်းကို ကြိုက်တာလား၊ မမစိုး တို့ ကုမ္ပဏီသူဌေးသားက ဘေယောင်ဂျွန်းနဲ့တူတယ်"

"ကြိုက်လို့ရမလား"

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"မီးမီးတို့လို အညာတရတောသူမမျိုး ဘယ်သူက စိတ်ဝင်စားမှာလဲ မမစိုးရယ်၊ မီးမီးက အရူးထပြီး စိတ်ကူးယဉ်နေတာ"

"အံမယ်၊ မီးမီးက ပြင်ပြင်ဆင်ဆင်မနေလို့ပါနော်၊ ဒါတောင် မီးမီးက လှတယ်။ မြန်မာမိန်းကလေးတွေထဲမှာ ရှားရှားပါးပါးဒေါင်ကောင်းပြီး တစ်မျိုး ထူးခြားတဲ့အလှရှိနေတာကို"

"ပြောတာ ချစ်ဖို့ကောင်းလိုက်တာ မမစိုးရာ"

"အဲဒါ အသာထား ... မီးမီးက ဒီကုမ္ပဏီကို ဘယ်လိုရောက်လာတာလဲ"

"မီးမီးသူငယ်ချင်းတစ်ယောက်က ဒီမှာလျှောက်ဖို့ လမ်းညွှန်ပေးတာ ဒီကုမ္ပဏီမှာ ဝန်ထမ်းလောက်တယ်ဆိုတာမရှိဘူးတဲ့၊ ဟုတ်တယ်နော်၊ မီးမီးလာလျှောက်တာနဲ့အလုပ်တန်းရတာပဲ"

"အဲဒါ အံ့ဩတာ၊ လာလျှောက်တဲ့လူတိုင်းမရပါဘူး၊ ဝန်ထမ်းထဲက ပတ်သက်ရာခေါ်လာရင်ရတယ်၊ ဒီမှာက နေ့စဉ်ငွေသိန်းပေါင်းများစွာနဲ့အလုပ်လုပ်ရတော့ ယုံကြည်စိတ်ချရဖို့အရေးကြီးတာကိုး၊ ပစ္စည်းဖြန့်တဲ့ကားတွေက ညနေငါးနာရီကျော်မှသိမ်းတာဆိုတော့ ရုံးဆင်းချိန်က ခြောက်နာရီခွဲပဲ၊ အဲဒါကြောင့် အပေးကဝန်ထမ်းတွေက မိုးချုပ်တော့ ထွက်ထွက်သွားတာ"

"သြော် ... ဒါကြောင့် ဒီနားမှာ အဆောင်စီစဉ်ပေးမယ်ပြောတာကိုး"

"ဟုတ်တယ်၊ ဝန်ထမ်းမပြီးတော့ အသစ်ဝင်လာသူကို အစက ပြန်ပြန်သင်ရတာ ပင်ပန်းတယ်"

"မီးမီးတော့ ခဏလေးနဲ့မထွက်ဖူးနော် မမစိုး"

"ဟော့ ... ထွက်တာမထွက်တာ နောက်ထား ... ညနေး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆောင်လမ်းပြသန့်ရှင်းရေးတွေ လုပ်မပြပါနဲ့"

ဒီလိုဝင်ပြောလာသူက ရုံးစာရေး ရူပါဝင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ မရူပါ"

"ဘာဖြစ်ရမှာလဲ? ညည်းက အဲသလိုလုပ်နေပြီး ငါတို့က မလုပ်တော့ ဘယ်ကောင်းမလဲ? သန့်ရှင်းရေးရှိသားပဲ"

"မီးမီးက မနေတတ်လို့ပါ"

"အကျင့်မဖျက်နဲ့ ... တချို့အလုပ်တွေက အင်တာဗျူးမှာ ကတည်းက မိသားစုစိတ်ဓာတ်နဲ့သန့်ရှင်းရေးပါ ဝိုင်းလုပ်ရမယ်ဆို ပြီး တစ်ခါတည်းပြောတာ ... ဘယ့်နှယ်ဘွဲ့ရပညာတတ်တွေ ဒီလို နိမ့်ချရလား၊ မိသားစုစိတ်ဓာတ်ဆိုပြီး သူတို့စားတဲ့ထမင်းဝိုင်းခေါ် ကျွေးသလား"

"ရူပါက ခံစားချက်ရှိတယ် မီးမီးရဲ့၊ ဒီအရင်အလုပ်က အလုပ်စဝင်တဲ့နေ့မှာပဲ ဖုန်သုတ်၊ ကြမ်းတိုက်တွေ ဆီးခိုင်းတာနဲ့ ရန်ဖြစ်ပြီး ထွက်လာတာ"

"အင်းနော် ... အဲ့ဒါတော့ ဘယ်ကောင်းမလဲ! ကုမ္ပဏီ ကြီးဖြစ်မှတော့ သန့်ရှင်းရေးထားရမှာပေါ့၊ သူ့ပညာအရည် အချင်းနဲ့ သူ့အဆင့်နဲ့သူဥစ္စာ"

"မီးမီးသို့ရဲ့နဲ့ ဘာလို့လုပ်နေတာလဲ"

"မီးမီးက ဘွဲ့မရသေးဘူးလေ"

"ဟယ် ... ဟုတ်လား၊ နင့်အသက်"

"မီးမီးအသက် နှစ်ဆယ်ကောင်မပြည့်သေးဘူး"

"ဟော့ တော်"

"မြတ်စွာဘုရား"

www.burmeseclassic.com

## ချစ်လက်ခုပ်

မီးမီးကို အားလုံးက တအံ့တဩဖြင့် ဝိုင်းကြည့်ကြလေသည်။

ဩော် ... ကမ္ဘာ့အံ့ဖွယ်မိန်းမသားဖြစ်နေရှာသလားမသိ။

www.burmeseclassic.com

## ( ၁၃ )

ယခုတတလော သင်မင်းဆက်ကို ဒေါ်ခင်ဝင်းထွန်း သိပ်ကြည့်၍ မရ။ ကိုယ်မွေးထားတဲ့သား ကိုယ်ကြည့်မရတာ ကောင်းတော့မကောင်းပေ။ သို့သော် ... မတတ်နိုင်။

ကြည့်လေ။ ခိုင်းနေတာကို ပေကပ်ကပ်လုပ်နေပုံက ထရိုက်ချင်စရာကောင်းသည်။ ကုမ္ပဏီကို သွားခိုင်းတာ နေ့ရွှေ့ ညရွှေ့၊ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနှင့်သွားခိုင်းလို့ကိုမရ။

"အရင်ကတော့ ကုမ္ပဏီကို သွားချင်လိုက်တာ ပညာဆုံးအောင်ဖြောင့်ဖြောင့်သင်ဆိုပြီး မနည်းတားနေရတယ်၊ ခု ... လုပ်ငန်းတွေမနိုင်လို့ ကျောင်းအားရက်လေးကူပါဟဲ့ဆိုတော့ သွားခိုင်းမရဘူး၊ နေနှင့်ဦး မင်းဆက်၊ မင့်အဖေနဲ့ကိုတွေ့ပေးလိုက်ဦးမယ်"

ဒေါ်ခင်ဝင်းထွန်းက တဖျစ်တောက်တောက်ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ သင်မင်းဆက် ခေါင်းမှကျန်ခဲ့၏။ မေမေသာ ဖေဖေ့ကို ချွန်ပေးလိုက်လျှင် သူ ဆက်ပြီး ပေကပ်ကပ်လုပ်နေရဲ့ တော့မည်မဟုတ်။

သင်မင်းဆက်သည် ကုမ္ပဏီကို မသွားချင်၍ အပြင်သွား စရာရှိသည်ဟု မေမေ့ကို ပြောလိုက်သည်။ မေမေထွက်သွားတော့ မှ စစ်ကားတစ်ကားကြည့်သည်။

တကယ်ဆို သူက စစ်ကားတွေကြိုက်ပြီး စစ်ဗိုလ်လုပ်ချင် ခဲ့သူ။ သို့သော် ... ဖေဖေ့ရဲ့သွေးတိုးရောဂါနှင့်မေမေ့ရဲ့နှလုံးရောဂါ ပေါင်းပြီး ကန့်ကွက်ခဲ့၍ ဘာတိုက်ပွဲမှမတိုက်ရဘဲ လက် နက်ချ အရှုံးပေးခဲ့ရ၏။

ဒါကိုများ ... သူ့ကို အခြောက်ပါပြသနာကောင်မလေး က ပြောဆိုခဲ့သည်။ ရယ် ရယ်ရသေးတော့၏။

"အောင်မာ၊ အိမ်တွင်းအောင်းပြီး ဘာတွေများ တစ်ကိုယ် တည်းကျိတ်ကြံနေလဲမသိဘူး"

လူမမြင်ရသေးခင် တရုတ်ကြီးအသံကို စကြားရသည်။ လူမမြင်ရဆို တရုတ်ကြီးက မဲမဲသေးသေးပုပုလေးကိုး။

"ဘာစားစရာရှိလဲ"

ဝင်းနိုင်က အီသီယိုးပီးယားက ပြန်လာသောလေသံဖြင့် မေးသည်။ သင်မင်းဆက်က ...

"ဘာစားချင်လဲ"

"မေးတာကောင်းတယ်"

"ဒေါ်ညိုရှိတယ်၊ ထမင်းစားချင်မီးဖိုထဲသွား၊ မုန့်စားချင် ရင် ရေခဲသေတ္တာဖွင့်စား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တရုတ်နဲ့ကုလားက အတင်းဆွဲခေါ်လာလို့ ထမင်း မစားခဲ့ရသေးဘူး၊ ထမင်းပဲစားမယ်၊ ပြီးမှ အချိုပွဲကော်ဖီနဲ့မုန့်"

"စားပါ၊ အရင်ဧည့်သည်တုန်းကတော့ စားပါ၊ စားပါဆို တိုင်း စားလို့ ပါးပိတ်ရိုက်လိုက်တာ သွားတွေအကုန်ကျွတ် ထွက်ကုန်တယ်"

"မကြောက်"

"ဝင်းနိုင်၊ တရုတ်နဲ့ကုလားဖို့ပါ ကော်ဖီပိုဖျော်ခိုင်းလိုက်"

"နိုး နိုး၊ တို့က ကော်ဖီမကြိုက်ဖူး၊ ဘီယာပဲကြိုက်တယ်"

ချစ်တီးက ခေါင်းတစ်ခါခါ၊ လက်တစ်ခါခါဖြင့် ဝင်ပြော သည်။

"အတော်မိုက်လုံးကြီးတဲ့ကောင်၊ တရုတ်ကြီး မင်း ချစ်တီး နဲ့မပေါင်းနဲ့"

"အေး"

စစ်ကားကြည့်နေတာ ငြိမ်ငြိမ်တိတ်တိတ်လေး။ ဒီကောင် တွေရောက်လာမှ ဆူညံပွက်လောရိုက်ကုန်သည်။

"နားကျစ်တံရှိလား"

"ရှိပါပြီကော ကိုယ်တော်၊ ကိုယ်တော့်အတွက် တမင်ဝယ် ထားတာ၊ ဟိုကောင်ဝင်းနိုင်အတွက် သွားကြားထိုးတံလည်းရှိ တယ်"

"ချိုလိမ်ရှိလား"

"ဘာလုပ်ဖို့လဲ"

"ဟိုမှာ ... တရုတ်ကြီးအားနေတယ်၊ သူ့ပါးစပ်မှာ တစ် ထားပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ချိုလိမ်တော့မရှိဘူး၊ ဒေါ်ညိုတော့ရှိတယ်"

"အတူတူပဲလေ"

သူနှင့်ချစ်တီးကို တရုတ်ကြီးက အသံတိတ်လှမ်းဆဲသည်။

"ဒေါ်ညို ကော်ဖီဖျော်နေတယ်"

ဝင်းနိုင်က ပါးစပ်ကို လက်သုတ်ပဝါနှင့်သုတ်ရင်း ထမင်းစားခန်းထဲက ထွက်လာရင်းပြောသည်။

"စားလို့ပြီးပြီလား"

"ပြီးပြီ"

"မြန်လိုက်တာ ... ဘယ်လိုများမြိုလိုက်တာလဲ"

"ပန်းကန်ကြီးပါ တစ်ခါတည်း ဝါးစားပစ်လိုက်တာ"

"ပြလိုက်တဲ့ အာ"

အဟုတ်။ ဝင်းနိုင်ဆိုတဲ့ကောင် ထမင်းတစ်ပန်းကန်ကို သုံးလုတ်လောက်စားတာ။ ငါးလုတ်ဆို ဒီကောင် ဝပြီ။

"မင်းကို ကုမ္ပဏီရောက်နေမယ်မှတ်တာ မင်းဆက်"

"ဘာသွားလုပ်ရမှာလဲ ချစ်တီးရ"

"သိနိုင်ဘူးလေ၊ မင်းက လျှို့ဝှက်ချက်တွေရှိနေပြီဥစ္စာ"

"ဒါနဲ့ အလုပ်ဝင်နေတဲ့မီးမီး၊ လစာရရင် ငါတို့ကို ကျွေးမယ်ဆို"

"လက်သီးလား၊ လက်ဖဝါးလား တရုတ်ကြီး"

"ကျွေးတာ စားရုံပေါ့"

"မီးမီး ကျောင်းပြန်တက်နိုင်ဖို့ လင်းရဲသူဆိုတဲ့ကောင်ကို ဇွတ်ကဆွဲပြီး ဆရာကြီးဆီ ခေါ်သွားရှင်းပြခိုင်းရင်ကောင်းမယ်"

"ဘယ်မှာအိပ်ပျော်နေတာလဲ ချစ်တီး၊ ဆရာကြီး အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သိသွားပြီ၊ မီးမီးကို ကျောင်းပြန်တက်ခွင့်ပြုတယ်၊ လုပ်ငန်းခွင်မှာ ပျော်နေတဲ့ငတိမက မတက်တော့တာ၊ အဖေးသင်ပဲ ဖြေတော့မယ်တဲ့"

"ဟာ! ဒါတွေ ငါ ဘာမှမသိရပါလား"

"အေးလေ၊ မင်းက အတွေ့အကြုံအသစ်အဆန်းရချင်တာနဲ့ အစမ်းသပ်ခံပဲ လိုက်ရှာနေတာကိုး"

ချစ်တီး ပါးစပ်ပိတ်ပြီး ငြိမ်သွားသည်။ သင်မင်းဆက်က

"ကျောင်းတက်ရတာလည်း ပျင်းလာပြီ"

"မီးမီးမရှိတော့လို့လား"

"ဟိုကကြားရင် ဒဝင်လေဟာပ်နေဦးမယ်"

"မင်း ဝန်မခံဘူး၊ ဒါပေမယ့် ... ကျိတ်ပုန်းခုတ်နေတယ်လို့ ငါတို့ကထင်တယ်"

"မင်းတို့ ဘယ်အချိန်လာလာ၊ ငါ့ကို အိမ်ထဲမှာပဲ အမြဲတွေ့တာကို ကျိတ်ပုန်းခုတ်တယ်ထင်သေးလား"

အားလုံး ငြိမ်သွားကြပြန်သည်။ ယုံပုံတော့မရ။ ပုံစံတွေက သို့လော သို့လောတွေ။ တစ်ခုခုကို စောင့်ဖမ်းချင်နေကြတဲ့ပုံ။

"ကဲကွာ ... အိမ်ထဲနေရင် အညောင်းမိလိမ့်မယ်၊ အပြင်သွားမယ်"

"ကော်ဖီတိုက်ပြီးပြီလေ"

"ကော်ဖီက ခုသောက်ပြီး ခုပေါက်လိုက်ရင် ကုန်ပြီ"

"သေနာကျလေး၊ ဒီတစ်သက်မိန်းမ မရပါစေနဲ့"

"ပေးတဲ့ဆုနဲ့ တရုတ်ကြီးပြည့်ပါစေ"

ချစ်တီးဆိုတာ အဲသလိုလူ။ ပြောလို့မရမယ့်အတူ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေတော့ပါ။ ကိုယ်ကလည်း ခပ်ပါချင်ချင်မဟုတ်လား။

ဘီယာသောက်ပြီးတော့ သူငယ်ချင်းတွေက သင်မင်းဆက်ကို ဆုတောင်းပေးကြသည်။

“မီးမီးနဲ့ညားပါစေ”တဲ့။

သူကလည်း အယောင်ယောင်အမှားမှားနှင့် ...

“ပေးတဲ့ဆုနဲ့ပြည့်ပါစေ”

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၄ )

"ဒီမှာ ဖိုးထွန်း၊ နင့်ကိုငါ ကြည့်ကြည့်နေတာကြာပြီ၊ အမှိုက်ကို ပုံးထဲရောက်အောင် ဘယ်တော့မှမပစ်ဘူး၊ ဘာမှ ကူ မလုပ်ချင်နေ၊ သူများလုပ်ထားတာကိုတော့ မရှုပ်နဲ့လေ"

ဖိုးထွန်းဆိုတာ ကုမ္ပဏီမှာ ကုန်ပစ္စည်းရောင်းအား အများဆုံးရောင်းနိုင်သူဖြစ်ပြီး **Percentage** နှင့်ဝင်ငွေကောင်းသူဖြစ်သည်။ လူတစ်ယောက်မှာ သူ့နေရာနှင့်သူတော်တာကို လက်ခံ၏။ ဖိုးထွန်း ကုန်ပစ္စည်းအရောင်းတော်ပါသည်။

သို့သော် ... ဆွဲကြိုးကြီးကြီး၊ ဟဲန်းချိန်းကြီးကြီးဝတ်လျက် ရုံးထဲဝင်လာလျှင် မြောက်ကြွမြောက်ကြွလုပ်သည်။ ကွမ်းတံတွေး စည်းကမ်းမဲ့ထွေးသည်။ စောစောက ပြောသလို အမှိုက်ပစ်ချင်ရာ ပစ်ပြီး၊ ပစ္စည်းတစ်ခုယူကိုင်လျှင်လည်း ဘယ်တော့မှ နေရာတကျ

www.burmeseclassic.com

www.burmeseclassic.com


ပြန်မထားပေ။

"တစ်ခါမဟုတ်၊ နှစ်ခါမဟုတ်၊ နင် အမြဲတမ်းဒီလိုပဲ၊ ပြန်ကောက်၊ ခု ပြန်ကောက်ပြီး ပုံးထဲရောက်အောင်ထည့် ဖိုးထွန်း"

"ဟာ! ဘာလဲဟ၊ နင်က ဆရာမကြီးလား၊ မနေနိုင်ရင် နင့်ဖာသာ လာကောက်၊ ငါလည်း နင့်ကြည့်နေတာကြာပြီ၊ ဒီမှာ နင့်ပဲကြောက်နေရဦးမှာလား၊ လူကို ဘာကောင်မှတ်နေလဲ"

"ဘာကောင်လဲ! အေး ... နင်ဘာကောင်လဲ၊ ငါ ဘာကောင်မလဲဆိုတာ ပြရသေးတာပေါ့"

မီးမီးက စားပွဲကနေ ရုတ်ခနဲထကာ အမှိုက်ပုံးနှင့်အုတ်နံရံ ဆောင့်ရပ်ပြီး လေကြီးနေသော ဖိုးထွန်းနား လျှောက်သွားသည်။

ပြီးလျှင် မီးမီးရဲ့ထုံးစံအတိုင်း ဖိုးထွန်းအင်္ကျီကော်လံစ နှစ်ဖက်ကို ဆုတ်ဆွဲကာ အုတ်နံရံနှင့်ဖိကပ်လိုက်၏။

"ဒီမှာ ဖိုးထွန်း၊ လူပါးဝချင်ရင် ဘယ်နေရာဖြစ်ဖြစ် မှန်မှန် ကန်ကန်လုပ်၊ မှန်မှန်ကန်ကန်ပြော၊ မှန်မှန်ကန်ကန်နေရတယ်၊ ကိုယ်ကလည်းမှားသေးတယ်၊ စိန်ခေါ်တဲ့စကားမျိုးတော့ တို့ကို လာမပြောနဲ့ ... စမ်းတုံးပစ်လိုက်မယ်"

"အား ... လွှတ်၊ ငါ့ကိုလွှတ်၊ လည်ပင်းနာတယ်"

"နင့်အမှိုက်နင် ပြန်ကောက်ရင် လွှတ်ပေးမယ်၊ မဟုတ်လို့ ကတော့ သူသေကိုယ်သေပဲ၊ ကြက်သားဟင်းနဲ့ချဥ်ပေါင်းဟင်း လဲနိုင်လား"

မီးမီးက ဖိုးထွန်းလည်မြိုကို ခပ်ဖိဖိလေး ထပ်ညှစ်လိုက် ၏။

"အစ် အစ်၊ အ အ ... ကောက်မယ် လွှတ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မီးမီး"

တစ်ရုံးလုံး တအံ့တသြမှင်သက်ငေးနေတဲ့ကြားမှ မမစိုးက လှမ်းဟန့်ပေမယ့် နောက်ကျသွားပြီ။ သူဌေးနှင့်သူဌေးကတော် ရုံးထဲဝင်လာ၏။ အားလုံးက မီးမီးကို သွားပြီဟု ရင်ဘတ် လက်နှင့် ဖိလိုက်ကြသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

သူဌေးကြီးရဲ့ လက်ခုပ်သံကြားတွင် အားလုံးတအံ့တသြ ငေးမောကြည့်မိကြသည်။

"ကိုယ် အစအဆုံးကြားတယ်ကွ၊ မင်းက မဟုတ်မခံစိတ်ရှိတဲ့ မိန်းကလေးပဲ"

မီးမီးကိုယ်တိုင်လည်း သွားပြီဟု တွေးကာ သူဌေးကြီးကို ချက်ချင်း တောင်းပန်လိုက်၏။

"သမီး မှားသွားပါတယ် ဘဘ"

"မမှားဘူး၊ သမီးမှန်တယ်၊ ကဲ ... ဝန်ထမ်းတွေအားလုံး ဒီမိန်းကလေးမှားသလား၊ ဖိုးထွန်းမှားတာလား"

အားလုံးက 'ဖိုးထွန်း' ဟု ဖြေကြသည်။

"ဒီမှာ ဖိုးထွန်း"

"ဟုတ်ကဲ့ခင်ဗျ"

"မင်း တော်တာ ကိုယ်သိတယ်၊ ဒါပေမယ့် ... ခု မင်းမှားလား! မမှားဘူးလား၊ ယောကျ်ားပီပီ ဖြေ"

"ကျွန်တော် မှားပါတယ်ခင်ဗျ"

"ကောင်းတဲ့အကျင့်ဆိုတာ အသေးအဖွဲလေးကစ ဆိုက်နာတတ်ရတယ်ကွ၊ မင်းလို စည်းကမ်းမဲ့တဲ့သူတွေများလာရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လား၊ မကောင်းဘူးလား”

“မကောင်းပါဘူးခင်ဗျ”

“လူဆိုတာ ကိုယ်ကလည်း မှန်အောင်နေတတ်ရမယ်၊ မမှန်တာတွေ့ရင်လည်း ပြောရဲရမယ်၊ ဟိုကလေးမက အမြင်တော်ရင် အကုန်ဝင်လုပ်နေတာတွေ ကိုယ်တွေ့တွေ့နေသားပဲ၊ ထဲ ... အားလုံး ဒါ သင်ခန်းစာပဲ”

သူဌေးကြီးက ဒါပဲပြောပြီး အခန်းထဲဝင်သွားသည်။ သူဌေးကတော်ကြီးက မီးမီးကို မိန်းကလေးတန်မဲ့လက်ရဲဇက်ရဲနှင့် ကြမ်းတမ်းလှသည်ဟူသောပုံစံမျိုး ကြည့်သွား၏။

“ဆောရီး ဖိုးထွန်း၊ ငါ့ကြောင့် နင် အဆူခံလိုက်ရတယ်၊ ငါ့စိတ်ကမရဘူးဟ၊ အဲဒါ ဆိုက်ကိုလားမသိဘူး”

ဖိုးထွန်းက အောင့်သက်သက်နှင့်ဘာမှပြန်မပြောဘဲ သက်ကျန်ကုန်ပစ္စည်းဖိုးငွေတွေရှင်း၍ ပြန်ထွက်သွား၏။

“မီးမီးရယ်၊ နင်ဟာလေ၊ တော်သေးတာပေါ့၊ သူဌေးကြီးက နားလည်လို့”

မမစိုးက ရင်ဘတ်ဖိပြီး ပြောသည်။ ကျန်လူများကလည်း စုတ်သပ်ကြ၏။

သူဌေးကြီးအခန်းတွင်လည်း မီးမီးအကြောင်းကို ပြောနေကြသည်။ သူဌေးကတော်က ...

“ကောင်မလေးနှယ်၊ ကြီးကြမ်းလိုက်တာ ... မိန်းကလေးဖြစ်ပြီး ယောကျ်ားလေးကို ကိုယ်ထိလက်ရောက်နိုင်တာ ... မဟုတ်သေးဘူး”

“ငါတော့ သဘောကျတယ်၊ မိန်းကလေး အားနွဲ့တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com


ပြီး မှားမှားမှန်မှန် ငုံ့ခံနေတာမျိုး မဟုတ်သေးဘူး"

"အင်းပါ၊ ရှင်တို့ယောကျ်ားတွေပဲ အမျိုးမျိုးတတ်နိုင်တယ်၊ တော်ကြာ သိမ်သိမ်မွေ့မွေ့နူးနူးညံ့ညံ့လေးမှ၊ တော်ကြာ ဒေါင်းတိ မောင်းတိမှနဲ့ ...ဟွန်း"

"ဟား ဟား ဟား ဟား"


www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့။

မီးမီးအိမ်ကို သူငယ်ချင်းတွေ ရောက်လာကြသည်။ သို့သော် သင်းမင်းဆက်တော့ မပါပါ။

"မင်းဆက်ဘာလို့လိုက်မလာလဲ၊ ကြီးကျယ်တာလား"

"ဒီကောင် ကြီးပေမယ့်မကျယ်သေးပါဘူး"

"သူ့အဖေနဲ့နေပြည်တော်ပါသွားလို့ဟ"

"ဩော်"

"မီးမီး"

"ဘာလဲ"

"နင် အဝေးသင် တကယ်ပြောင်းလိုက်ပြီပေါ့"

"အေး"

"နင်ကလည်း ငါ့မှာ ပျင်းနေတာ ... ရည်မွန်ကလည်း မျောက်တာများတယ်"

"အတွဲရှာလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တီးဆိုတဲ့ ကျွန်တော်မျိုး အားနေတယ်၊ အတွဲလိုရင်ပြောနော်"

"အားရင် ကိုယ့်ဟာကိုယ် ..."

"ဘာဖြစ်လဲ"

"စာဖတ်နေလို့"

သူတို့အုပ်စုထဲ သင်မင်းဆက်မပါ၍ မီးမီးစိတ်ထဲ တစ်မျိုးဖြစ်နေသည်။ ပျော်ပျော်ရွှင်ရွှင်မရှိဘဲ ဟာတာတာနေရခက်၏။ တစ်စုံတစ်ယောက် ရိပ်မိမှာစိုး၍ သတိထားနေရသည်။

တစ်ယောက်တစ်ပေါက် ဆူညံပြောဆိုနေကြသော သူငယ်ချင်းတွေကို လက်ဖက်ရည်ဆိုင်ခေါ်ကျွေးမွေးပြီး ညနေစာ ထမင်းချက်ရဦးမည်ဟု အကြောင်းပြကာ မြန်မြန်ပြန်ခိုင်းလိုက်သည်။ ပြီးမှ သတိထားမိတော့ နေ့လည်တစ်နာရီပဲရှိသေး၏။

ကြော် ... ခက်ပဲခက်ရချည်သေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

ဖေဖေ တကယ်စိတ်ဆိုးလျှင် သူ မနေရဲပါ။ ဖေဖေက င်မင်းဆက်ကို နောက်နေ့ကစ၍ ကျောင်းအားချိန် ကုမ္ပဏီလာ တစ်ချက်လွှတ် ရာဇသံထုတ်သွားသည်။ ဒါ မေမေ့လက်ချက်ပဲ စ်ရမည်။

"မေမေ"

"ဘာလဲ"

"ကုမ္ပဏီမှာ ဖေဖေရော၊ မေမေပါ နှစ်ယောက်စလုံးရှိနေ … ပြီးတော့ ဦးကြီးလည်းရှိသားပဲ၊ ကျွန်တော့် ဘာလို့ခေါ်လဲ"

"အဲဒီကုမ္ပဏီက မင်းအတွက်ပဲ"

"ကျွန်တော် ခုမှ ငယ်ငယ်လေးရှိသေးတာ မေမေရာ၊ ခိုင်း ချင်နေပြီလား"

"အေး"

www.burmeseclassic.com

www.burmeseclassic.com


"ဟား ... မေမေတို့ ဖေဖေတို့က ရက်စက်တယ်"

"အမှတ်မီရုံသားနဲ့ ဆေးတက္ကသိုလ်တက်ဆိုတာ တက်မှ မတက်ဘဲ၊ ဆရာဝန်ဖြစ်အောင် ကြိုးစားနေရင် ဒီလိုမခိုင်းဘူး"

"ခုလည်း ကျောင်းတက်နေတာပဲ"

"မင်း မျက်စိမှိတ်ဖြေတောင်အောင်မှာ ငါ သိတယ်၊ ကုမ္ပဏီကိုလာဖို့ ဘာလို့ခြိမ်းခြောက်ခေါ်နေရတာလဲ မင်းဆက်၊ အရင် ဒီလိုမဟုတ်ပါဘူး၊ ဘာမှပြောမနေနဲ့တော့ ... မင့်အဖေ အကြောင်း သိတယ်နော်"

သင်မင်းဆက် ဘာမှမပြောသာတော့ပေ။ သို့နှင့်ကျောင်း ပိတ်ရင်တွင် ကုမ္ပဏီသို့ လာခဲ့ရသည်။ ကုမ္ပဏီသို့ရောက်သော် လည်း ရုံးထဲ ချက်ချင်းမဝင်သေးဘဲ ဟိုဒီကြည့်သည်။ အကဲခတ် သည်။

"ဟယ် ... မင်းသားလေး၊ ဘာတွေချောင်းနေတာလဲ"

"ဟာ ... လန့်လိုက်တာဗျာ"

"မလာတာကြာပြီနော်"

"ရှူး"

သင်မင်းဆက်က ကုမ္ပဏီဝန်ထမ်းအမျိုးသမီးကို လက် ကာပြကာ ဘေးဘက်က ပတ်ဝင်သည်။ ဖခင်ရုံးခန်းထဲရောက်ခါ နီးတွင် အခန်းတံခါးဖွင့်ဝင်ဖို့ ဟိုဒီကြည့်ပြန်သည်။ တစ်ရုံးလုံးက သူ့ကို သိသည်မို့ တချို့က သူ့ကို ရယ်ပြကြသည်။

"ဟဲ့ ... မင်းဆက်၊ နင် ဒီကိုဘာလာလုပ်တာလဲ"

"မြတ်စွာဘုရား ... လန့်လိုက်တာ"

"နင့်ကို တွေ့ပါတယ်လို့နောက်က ကြည့်နေတာ ဘာတွေ


www.burmeseclassic.com

www.burmeseclassic.com


ချောင်းနေတာလဲ၊ ကြားသားမိုးကြိုး ငါ့ဆီလာလည်တာလား"

"မဟုတ် ... အဲ ... ဟုတ်တယ်"

"ဘာတွေဖြစ်နေတာလဲ? အူကြောင်ကြောင်နဲ့ ... နင် အိပ်ရာထပြီး အိပ်မက်ယောင်လာတာလား၊ ငါ အိပ်မက်ကနိုး အောင် လုပ်ပေးမယ် ... လာ"

"ဟာ ... မလုပ်နဲ့ မီးမီး"

သင်မင်းဆက် စကားပင်မဆုံးသေး၊ မီးမီးလက်က နားထင်စပ်ဆံစတွေကို အပေါ်ဆွဲလှန်နေပြီ။

"အား လား လား၊ နာတယ်ဟ လွှတ်"

တစ်ရုံးလုံးက မီးမီးနှင့်သင်မင်းဆက်ကို တအံ့တဩ ဝိုင်း ကြည့်နေကြသည်။

ထိုအချိန်တွင် သူဌေးကြီး ရုံးခန်းတံခါးပွင့်လာပြီး သူဌေး ကတော်ထွက်လာသည်။ ဒေါ်ခင်ဝင်းထွန်းက သူ့သားနှင့်ရုံးဝန်ထမ်း ကောင်မလေးကို ဆွဲလားလွဲလားပုံစံတွေ့ရသောအခါ ...

"အဲဒါ ဘယ်လိုဖြစ်နေကြတာလဲ"

အောင်မြင်ခံ့ညားရှိ ဩဇာအပြည့်ပါသောအသံ။ ပုရွက် ဆိတ်သေးသေးလေးအကိုက်ခံရသလို မီးမီးကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"အခန်းထဲ မြန်မြန်ဝင်စမ်း မင်းဆက်၊ မင်းကို ခိုင်းစရာရှိ လို့ မင်းအဖေစောင့်နေတယ်"

အံ့ဩလွန်းသောစိတ်ဖြင့် မီးမီးမျက်ဝန်းများ ပြူးကျယ်ဝိုင်း စက်သွားခဲ့သည်။ ပြီးတော့ ... သူဌေးမကြီး၏ မာထန်သော အကြည့်တွေက မီးမီးကို ထိတ်လန့်တုန်လှုပ်စေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိုးဦးဝေ၊ လာလေ ဘာလုပ်နေတာလဲ"

မမစိုးအသံကြားမှ သတိဝင်လာပြီး ကိုယ့်နေရာကိုယ် ပြန်လာထိုင်မိသည်။ မမစိုးက ...

"နင် သူဌေးသားကို ဘာသွားလုပ်တာလဲ"

"သူဌေးသား"

"အေးလေ၊ နင်နဲ့သိနေတာလား"

"ကျောင်းမှာ သူငယ်ချင်းပဲ"

"ဩော် ... ဒါ့ကြောင့်ကိုး"

"ဟင်! ဘာလဲ"

"နင် ဒါ့ကြောင့် ကိုးရီးယားမင်းသားထဲမှာ ဘေယောင်ဂျွန်းကို ကြိုက်တာကိုး"

"ဟော့တော် ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူဌေးသားလေးက အရပ်ကြီးက အရှည်ကြီးနဲ့ဘေယောင်ဂျွန်းနဲ့တူတယ်"

"အဲဒီရုပ်ကြီးကို ... ဝါး ဟား ဟား ဟား"

မီးမီးက လက်ခုပ်လက်ဝါးတီးပြီး ဝါးလုံးကွဲရယ်ပစ်လိုက်၏။ ကျန်တဲ့လူတွေက မီးမီးကို တအံ့တသြဝိုင်းကြည့်နေကြသည်။ မမစိုးက ...

"မိုးဦးဝေရယ်၊ နင်တို့နှစ်ယောက်ကိုယှဉ်ပြီး မြင်ရတာ သိပ်လိုက်တာပဲ၊ ရုပ်ရှင်ထဲဆိုရင်တော့ ကြည့်ကောင်းမှာ လက်ရှိတော့ မလွယ်ဘူး၊ သူ့အမေသူဌေးမကြီးက တအားမာန်ကြီးတာ"

"ခုနက မီးမီးကိုကြည့်သွားတာ ကြောက်လိုက်တာ၊ ဘာများပြောဦးမလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က သူငယ်ချင်းတွေဆိုတော့ ဘာမှ ပြောမှာ မဟုတ်ပါဘူး၊ ဒီရုံးက ဝန်ထမ်းကောင်မလေးတွေကိုတော့ သူ့သား နဲ့ခေါ်ပြောဆက်ဆံတာမကြိုက်ဖူး၊ ရုံးကကောင်မလေးတွေက သူ့ကို မင်းသားလေးလို့နာမည်ပေးထားကြတာ"

မီးမီးက သင်မင်းဆက်အကြောင်း နားထောင်ရင်း တအံ့ တသြဖြစ်နေမိသည်။ သင်မင်းဆက်က သူ့မိဘကုမ္ပဏီဟု မီးမီးကို မပြောခဲ့ပါ။ ကုမ္ပဏီရှေ့ထိခေါ်လာပြီး "အဲဒီမှာ အလုပ်သွား လျှောက်လိုက်" ဟု ပြောခဲ့သည်။

"ငါ နင့်ကို ပြောစရာရှိတယ် မီးမီး" ဆိုခဲ့တုန်းက သူငယ် ချင်းတွေကတောင် တစ်မျိုးထင်ခဲ့ကြသေး၏။ တကယ်တမ်းက ယခုလုပ်နေသောအလုပ်ကိစ္စပြောခြင်းဖြစ်သည်။ ဒင်းက သူ့မိဘ ကုမ္ပဏီမှာ အလုပ်ဝင်ခိုင်းမှာမို့ ဘယ်သူ့ကိုမှ အဲသိမပေးချင်တာ ဖြစ်နိုင်သည်။

"ကောင်စုတ်၊ ဘာသဘောနဲ့လျှို့ဝှက်ထားတာလဲ? သိမယ်၊ ဟင်း"

"ဟဲ့ ... မိုးဦးဝေ၊ ဘာတွေ ပွစိပွစိပြောနေတာလဲ"

"အယ် ... ဦးကြီး၊ သရီး ကုန်ပစ္စည်းကြော်ငြာစာသား ရှုပ-ကြည့်နေတာပါ၊ ဟီ"

"ညည်းနော် ကြပ်ကြပ်သတိထား"

ဦးကြီးက ဘာကိုသတိထားခိုင်းတာလဲတော့မသိ။ မီးမီး မှာ သင်မင်းဆက်ကိုတွေ့ပြီး အပြတ်ကောပစ်ချင်နေပြီ။

နေနှင့်ဦးပေါ့ မင်းသားလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

"တမင်လှျို့ဝှက်ထားတဲ့ လျှို့ဝှက်ချက်ကြီးမဟုတ်ဘူးဟာ မသိစေချင်တာလေးတစ်ခုပါပဲ"

"အေးလေ၊ အဲဒါကိုက ဘာလို့မသိစေချင်ရတာလဲ"

"ဩော ... ဩော၊ ကိုယ့်အကြောင်းကိုယ်မသိလို့ မေးတာလား ဒေါ်မီးမီးရယ်"

"အံမယ်၊ ငါက ဘာဖြစ်နေလို့လဲ"

"တော်စမ်းပါ မီးမီးရာ၊ ဖိုးထွန်းနဲ့ကိစ္စ ငါမသိဘူးများ မှတ်နေလား"

"သိလည်း ပြီးရောပေါ့၊ ငါ မှားတာမှမဟုတ်တာ"

"ဘယ်ကိစ္စဖြစ်ဖြစ် နင့်ကိုမှားတယ်လို့ တစ်ခါမှမပြောရပါလား၊ မှန်မှန်မှားမှား ပြဿနာဟာ ပြဿနာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ဘာပဲဖြစ်ဖြစ် နင့်မိဘကုမ္ပဏီဆိုတာ သိထား တော့ ငါ ဆင်ခြင်လို့ရတာပေါ့၊ ခုတော့ ... "

"ခုတော့ ဘာဖြစ်လဲ? တော်ပါတော့ မီးမီးရာ၊ အခု နင် လည်း နေသားကျနေပြီပဲ၊ ဘာမှရှည်မနေနဲ့တော့"

"ဟဲ့ ... ဒါနဲ့ ... နင့်မားသားကြီးက ဆိုးသလား"

"အေး"

"အယ်"

"ဆိုးတယ်ဆိုတာ ဒီလိုပါ၊ မေမေမျက်စိနောက်အောင် လုပ်ရင်၊ ပြောစရာဖြစ်အောင်နေရင် အဲသလိုမှပါ"

"ငါအလုပ်လုပ်တာ နင့်မိဘကုမ္ပဏီဆိုတာ တခြားသူတွေ ရောသိလား"

"ဘယ်သူမှမသိဘူး၊ ဒါကြောင့် နင့်ပဲခေါ်ပြောတာ"

"ဘာလို့"

"ရှုပ်လို့"

"ဒါကြောင့် ကြိတ်ကြဲတယ်ဆိုပြီး တစ်မျိုးထင်ကြတာ"

"အဲဒါ နင်က နာလို့လား မီးမီး"

"မဟုတ်ပါဘူး၊ သာတယ်နာတယ်ပြောမနေပါဘူး"

"ပြီးရော ... ကဲ ... ငါ သွားမယ်ဟာ အအေးလိုက်တိုက် တဲ့အတွက် ကျေးဇူးပဲ"

"ဟဲ့ ... ငါ့မှာ ပိုက်ဆံမပါဘူး၊ နင့်ကို တိုက်မယ်လို့ ဘယ်သူကပြောလဲ"

"ဟင်း ... နင်ကလည်း မီးမီးရာ"

"ငါတို့ဘဝက နင်တို့သူဌေးသားတွေလို သွားချေရာ



www.burmeseclassic.com

www.burmeseclassic.com




ပိုက်ဆံပိုပိုလျှံလျှံ အမြဲပါနေတယ်မမှတ်နဲ့”
“မီးမီးရာ”
“ဟွန်း”

www.burmeseclassic.com

www.burmeseclassic.com





ခပ်လှမ်းလှမ်းစတိုးဆိုင်ကြီးထဲမှ စုံတွဲတစ်တွဲထွက်လာပြီး သင်မင်းဆက်မြင်ကွင်းထဲ တဲ့တဲ့ရောက်လာသည်။

"ခွေးမသား လင်းရဲသူ"

ဒီလိုကောင်မျိုးတွေက အမျိုးကောင်းသမီးတွေကို အမြဲတမ်း ဒုက္ခပေးမည့်ကောင်မျိုးတွေ။

မီးမီးကို စော်ကားရမ်းကားဖို့ ကိုယ်ထိလက်ရောက် အားထုတ်ခဲ့ပြီး ဒင်းကတော့ ကောင်းစားနေသည်။ မီးမီးခမျာ အရှက်တကွဲအကျိုးနည်း ကြုံရမည့်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ကျောင်းနားခဲ့ရသည်။ မီးမီးနေရာမှာ တခြားမိန်းကလေးသာဆို အားမတန်မာန်လျှော့ အကျိုးနည်းသွားနိုင်၏။

"ဟော့ကောင်၊ မင်းမသွားနဲ့ဦး၊ မင်းနဲ့ရှင်းစရာရှိသေးတယ်"

လင်းရဲသူနှင့်ကျောင်းပြင်ပမှာ ယခုလို ဆုံဖို့ဆုတောင်း ... တာကြာပြီ။ ဒီလိုကောင်မျိုးက အပေါင်းအသင်းအုပ်စုနဲ့သ ... ရွာရဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တစ်ယောက်ချင်းတွေ့လျှင်တော့ အမြဲရှောင်သည်။

"ငါ မင်းနဲ့ပြောစရာ ဘာမှမရှိဘူး"

"ေ ... ၁က်ခွက်မပြောင်နဲ့ လင်းရဲသူ၊ မင်း မိုးဦးဝေကို ယုတ်သွားတာ ငါတို့မကျေနပ်ဘူး"

"မင်းနဲ့ဘာဆိုင်လဲ"

"ဟာ! ငါ့သူငယ်ချင်းကွ၊ ငါ့သူငယ်ချင်းမဟုတ်ဘဲ တခြား မိန်းကလေးဆိုရင်တောင် မင်းလုပ်ရပ်အတွက် အလွတ်ပေးမယ် ထင်လား ဟေ့ကောင်"

နံဘေးမှာ ကောင်မလေးပါ၍ လင်းရဲသူက မျက်စိမျက်နှာ ပျက်နေသည်။ ကောင်မလေးက လှတပတကလေးနှင့်ချမ်းချမ်း သာသာထဲက ဖြစ်ပုံရသည်။ ကြည့်ရတာ အကောင်းစားလေး မိထားပုံရ၏။

"ဘာတွေလဲ မောင်"

"အလကားပါ ခေမီရာ၊ ချစ်သူတွေ အဆင်ပြေနေရင် ဒီလိုပဲ အနှောင့်အယှက်ပေါ်တယ်မဟုတ်လား၊ လာပါ သွားကြစို့"

လင်းရဲသူက ကောင်မလေးလက်ဆွဲကာ လှည့်ထွက်ဖို့ ခြေ လှမ်းပြင်သည်။ ဖြစ်ခဲ့သမျှကိစ္စအလကားဆိုတော့ သင်မင်းဆက် ဒေါသအထွတ်အထိပ်ရောက်သွား၏။

"ဟေ့ကောင်"

"ခွပ်"

"အ!"

"အိုး ... မောင်"

လင်းရဲသူပုခုံးကို ဆွဲလှည့်ပြီး နှာနုတ်တဲ့တဲ့ကို ခပ်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



လက်သီးတစ်လုံးကျွေးပေးလိုက်၏။

"မင်းလိုကောင်မျိုးတွေကြောင့် မိန်းကလေးထု နစ်နာတယ်ကွ၊ ခွေးမသား၊ ဆန်ကုန်မြေလေး၊ သေစမ်း"

သင်မင်းဆက်က လင်းရဲသူမျက်နှာကို နစ်ချက်၊ သုံးချက် ဆက်ထိုးပစ်လိုက်၏။

လင်းရဲသူနှာခေါင်းနှင့်ပါးစပ်တို့မှ သွေးတွေဖြာကျလာသည်။ ဖြစ်နိုင်လျှင် ဒီလိုကောင်မျိုး စိစိညက်ညက်ကျေအောင် နင်းချေပစ်ချင်၏။

"မင်း မကျေနပ်ရင် တိုင်ချင်ရာတိုင်၊ ဒါမှမဟုတ် ကြိုက်တဲ့ အချိန်ခေါ်လိုက် ဟေ့ကောင်"

လူတွေအများကြီးဝိုင်းမလာခင် သင်မင်းဆက် လှည့်ထွက်လာခဲ့သည်။

ယနေ့ ... အတော့်ကို နေသာထိုင်သာရှိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ( ၁၇ )

သင်မင်းဆက်စကားဆုံးတော့ ယောကျ်ားလေးတွေက နှစ်ထောင်းအားရလက်သီးလက်မောင်းတန်းပြီး မိန်းကလေးတွေက ငြိမ်နေကြသည်။

"လင်းရဲသူဆိုတဲ့လဒက အလန်းစားကောင်မလေး တစ်ယောက်နဲ့တွဲလာတော့ သူ့အကျင့်ယုတ်တွေ ပေါ်သွားမှာ တော်တော်လန့်ပုံရတယ်၊ မျက်စိမျက်နှာပျက်တာမှ လွန်ရော"

"ယောကျ်ားချင်း တစ်ယောက်ချင်းတွေ့တာ တစ်ချက်မှ ပြန်မခုခံတာ အံ့ဩစရာပဲ"

သင်မင်းဆက်စကားကို ချစ်တီးက ဝင်ပြောသည်။

"ဒီကောင် တစ်ချက်မှ ပြန်မထိုးတာ ကံကောင်းသွားတယ်၊ မဟုတ်လို့ကတော့ ပိုပြီး ပွဲကြီးပွဲကောင်းပဲ"

"နင်တို့ဟာ ပြီးပြီးသားကို သံသရာရှည်အောင်"

"ရှည်ပစေလေ မီးမီးရဲ့ ... နင့်ကို စော်ကားသားမှန်းသိ



www.burmeseclassic.com

www.burmeseclassic.com


နေရဲ့နဲ့ဒီကောင့်ကို မျက်နှာချင်းဆိုင်တွေ့နေတာတောင် ဘာမှ မလုပ်ဖူးဆိုရင် ...”

“ငါတို့ကို ကွယ်ရာမှာ ဟားနေမှာပေါ့ မင်းဆက်ရ”

“မှန်လိုက်လေ ဝင်းနိုင်ရာ”

“မဟုတ်ဖူး ဝင်းနိုင်၊ မီးမီးပြောချင်တာက လင်းရဲ့သူက ယုတ်တယ်၊ ဒီလိုတစ်ယောက်ချင်းတွေ့တာမျိုးကိစ္စမရှိပေမယ့် အုပ်စုလိုက်နှံ့မှာစိုးတာ”

“စိုးရိမ်မနေနဲ့ မီးမီး၊ မရှက်ရင် လုပ်စမ်းပါစေ”

မီးမီးက သူ့အတွက် ယခုထိ မကျေနိုင်မချမ်းနိုင်ဖြစ်နေသော သင်မင်းဆက်ကို ငေးကြည့်မိသည်။ ခန္ဓာကိုယ်ကျစ်လစ် သွယ်လျ၍ မြင့်မားသောအရပ်က ယောကျ်ားပီသသော်လည်း ဖြူနုနေသော အသားအရည်ကတော့ ယောကျ်ားတစ်ယောက် အတွက် လွန်လွန်းသည်။

“နင် အလုပ်မှာရော အဆင်ပြေလား မီးမီး၊ အများနဲ့ လိုက်လျောညီထွေနေပါဟယ်”

အေးအေးကြီးက စိတ်ပူစွာသတိပေးသည်။ အခုတော့ လည်း သင်မင်းဆက်မိဘကုမ္ပဏီမှာ မီးမီးအလုပ်လုပ်တာ အားလုံး သိသွားပြီ။ ရည်မွန်နှင့် တရုတ်ကြီးက စကားဝိုင်းထဲဝင်မပါ။ ချစ်တီးဆံပင်ကို နောက်ဆုံးပေါ်ဒီဇိုင်းဖော်ပေးရန် အားထုတ် ကြိုးပမ်းနေကြ၏။

“ရာသီဥတုဒီလောက်ပူတာ ချစ်တီးရာ၊ ခွင်း ဂျင်းဘောင်းဘီ ကြီးက မချွတ်တမ်းဝတ်နေတော့တာပဲ”

သင်မင်းဆက်ပြောတာလည်း မမှားပေ။ ချစ်တီးဆိုင်း


www.burmeseclassic.com

www.burmeseclassic.com



ကောင် အတော်ထူးဆန်းသည်။ ဆံပင်ကျတော့ စပါးတစ်ထောက်စာရှည်လျှင်တောင်မနေတတ်ဘဲ၊ ဘယ်လောက်ပူပူဂျင်းဘောင်းဘီကျ ဥတုရာသီမရွေး အမြဲဝတ်သည်။

"အပေအတေ အကြမ်းခံတယ်ကွ၊ မလျှော်ဘဲ တစ်လလုံးဝတ်လို့ရတယ်"

"ညစ်ပတ်လိုက်တာ"

ဝင်းနိုင်က နှာခေါင်းရှုံ့ပြီးပြောသည်။ သင်မင်းဆက်က

"ညစ်ပတ်တာ အရေးမကြီးဘူး၊ ကြက်ဥပြုတ်ဖြစ်နေဦးမယ်"

"အယုတ်တမာကောင်တွေ၊ ငါတို့ရှေ့ထားပြီး ပေါက်တတ်ကရတွေ ပြောမနေကြနဲ့"

"ဘာဖြစ်လဲ? အချင်းချင်းတွေပဲ အေးကြီးရ"

မီးမီးက မျက်စောင်းထိုးသည်။ ချစ်တီးက ...

"ဟော့ ရည်မွှန်နဲ့တရုတ်ကြီး၊ ကြက်ဥပြုတ်စားမလား"

"အေး ... စားမယ်"

ရည်မွှန်က နောက်ဆုံးဆံပင်ပုံစံကို အဆုံးသပ်ဆွဲနေရင်းမှ ပြီးပြီးရောခေါင်းညိတ်သည်။ အေးအေးကြီးက ချစ်တီးကျောကို အုန်းခနဲထု၏။ မီးမီးက သင်မင်းဆက်ကို မျက်စောင်းထိုးသည်။ ဝင်းနိုင်က တဟားဟားအော်ရယ်နေ၏။

ရည်မွှန်နှင့်တရုတ်ကြီးက ဒီကောင်တွေ ဘာပေါက်တာလဲ ဆိုတဲ့အကြည့်နဲ့ ကြောင်ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သင်မင်းဆက် အဝေးသင်ပြောင်းမည်ဆိုတော့ ဖေဖေရော၊ မေမေရော ဘာမှမပြောပါ။ မပြောတာက အဝေးသင်ပြောင်းပြီး ကုမ္ပဏီကို အချိန်ပြည့်ကူမည်ဆိုသောကြောင့်ဖြစ်သည်။

"နောက်ဆို ဒီကုမ္ပဏီကို မင်းပဲ ဦးစီးရှုပ်ရမှာ ... ခုကစ လုပ်ငန်းတွေ ကျွမ်းကျင်အောင် လုပ်ရမှာပေါ့"

ဖေဖေက ပြောသည်။ မေမေက ...

"ဒါနဲ့ ... ဟိုကောင်မလေးက မင့်သူငယ်ချင်းလား၊ ဘယ်သူ မိုးဦးဝေ"

"ဟုတ်တယ် မေမေ"

"အေး၊ သူငယ်ချင်းပေါင်းတာတော့ထားပါ၊ ရည်းစားတော့ ကြည့်ထားနော် ... တွေ့ကရာထားဖို့ စိတ်မကူးနဲ့"

"တွေ့ကရာမထားပါဘူး၊ မိုးဦးဝေလောက်ဆိုရင်ရော"

"မင်းဆက်"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲသား တောသူတောင်သားဖြစ်တာကလွဲပြီး စာရိတ္တကောင်းတယ်"

"မိဘကို အပြောင်အပျက်လာပြောမနေနဲ့ မင်းဆက်၊ မေမေက အဲဒီကောင်မလေးကို မျက်စိထဲမတွေ့ဘူး၊ ဘယ့်နှယ် နေရာတကာ စပ်စပ်စပ်စပ်နဲ့ဆရာလုပ်လွန်းတယ်၊ လျှာရှည်တယ်၊ မိန်းကလေးတန်မဲ့ လက်ပါတာအဆိုးဆုံးပဲ"

"အဲ့ဒါတော့ ခင်ဗျားအမြင်မှားနေပြီ ဒေါ်ဝင်းရဲ့၊ ကောင်မလေးက မဟုတ်မခံစိတ်ရှိတာကွ၊ ပြီးတော့ မှန်တာလုပ် ဟုတ်တာ ပြောတတ်တာ ငါတော့ သဘောကျတယ်"

"အလိုတော် ... ဒါနဲ့ပဲ ကျွန်မက ရွေးလို့ဥထားတဲ့သား လေးနဲ့ပေးစားရတော့မှာလား၊ လုံးဝပဲနော် ... ရီးတီးယားတားလုပ် လို့ကတော့ ပါးစပ်က ပြောမနေဘူး၊ ကောင်မလေးကို တစ်ခါ တည်း နှင်ထုတ်ပစ်လိုက်မယ်"

"ဟား ... မေမေရာ၊ ဂုဏ်နေတွေ မမက်ချင်ပါနဲ့ဗျာ၊ အရေးကြီးတာက လူကောင်းဖြစ်ဖို့မဟုတ်လား"

**"မင်း ဆက်"**

တစ်ချက်လွှတ်အော်လိုက်သော မေမေ့အသံကြောင့် သင် မင်းဆက် ပါးစပ်ပိတ်သွားရသည်။ ဖေဖေက ...

"ငါ့သားက အဲဒီသူငယ်ချင်းမလေးကို သဘောကျနေလို့ လား"

"မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော်တို့က သူငယ်ချင်းပါ၊ မေမေက မီးမီးကို အလကားနေရင်း မတဲ့ဘူးဆိုတာနဲ့"

"ဟဲ့ ... ငါကပဲ အလကားနေရင်း အကြောင်းမရှိ အမြင်



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေသလိုဆိုတော့ မင်းက ငါ့ကို အဆိုးမြင်တယ်ပေါ့"

"ဒီသဘောလည်းမဟုတ်ပါဘူး မေမေရာ၊ ဟိုသဘော လည်းမဟုတ်ပါဘူး"

"ကဲပါ သွားရယ်၊ ဘာမှမဟုတ်ဘဲ မေမေ့ကို စိတ်တို အောင်စမနေပါနဲ့ ... ဖေဖေက ဟုတ်နေသလားလို့ပါ"

"ရှင်ကတစ်မျိုး၊ မြှောက်ထိုးပင့်ကော်လိုလို"

"သြော် ... ခေါ်ဝင်းရယ်၊ ခေတ်လူငယ်တွေက ငါ့တို့ထက် ဗိုစဉ်းစားတတ်ပါတယ်"

"မရဘူး၊ ကျွန်မတော့ လွှတ်မထားနိုင်ဘူး၊ ကင်းကင်းရှင်း ရှင်းနေ မင်းဆက်၊ ငါ့စိတ်နဲ့မတွေ့ရင် ပါးစပ်ကပြောမနေဘူး နော် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

မေမေက မျက်စိဒေါက်ထောက်ကြည့်နေတာဟု ပြောရမည်။ မီးမီးနှင့်ရိုးရိုးသားသားသူငယ်ချင်းပါပြောထားသော်လည်း ဘာလုပ်လုပ်၊ ဘာပြောပြော အနေခက်၏။ မလွတ်မလပ်ဖြစ်ရ၏။

သင်မင်းဆက်က မေမေ့သဘောသိထား၍ မီးမီးကို သတိထားဆက်ဆံသော်လည်း ပကတိအရိုးခံမီးမီးကမရ။ သူ့ကိုတွေ့လျှင် ရင်းနှီးသောသူငယ်ချင်းအခွင့်အရေးအပြည့်အဝယူ၍ ဆရာလုပ်သည်။ လျှာရှည်သည်။ ရိုက်လိုက်၊ ပုတ်လိုက်၊ ဆွဲလိုက်၊ ဆိတ်လိုက်လုပ်တတ်သည်။

"မင်းဆက်ရာ ... နင့်ကိုကြည့်ရတာ ဝဋ်ကြီးလိုက်တာ ဆံပင်က မျက်စိတစ်ခြမ်းဖုံးပြီး ခေါင်းကစောင်းနေပြီ၊ အသို့အရှည်



www.burmeseclassic.com

www.burmeseclassic.com



ဘာလည်းမညီဘူး"

"ဟာ! မီးမီးရ၊ တောမျက်စိနဲ့ကြည့်ပြောမနေနဲ့၊ ဒါ အခု ခေတ်စားနေတဲ့ဂျပန်မင်းသားဆံပင်ပုံစံ၊ အီမိုကေက ခွဲထွက်လာ တာ"

"တော်စမ်းပါ၊ ဒီလိုဆံပင်ပုံစံနဲ့ယောကျ်ားလေးတွေက ခြင်ရတာနဲ့တယ်၊ ကျားကျားလျားလျားမရှိဘူး"

"ဩော် ... ဒါဆို ကျားကျားလျားလျားဖြစ်ဖို့ ဘိုကေတို ဘပ်နေနအောင်ညှပ်ချင်ညှပ်၊ ဒါမှမဟုတ် ချောင်ထုံးထားချင် ထားမှပဲ ဖြစ်မယ်"

"ဟုတ်တယ်လေ၊ ဒါ အကောင်းဆုံးပဲ"

"သူများပြောမနေနဲ့ နင်ရော ... မိန်းမပီသလို့လား"

"ဘာလို့မပီသရမှာလဲ? အချက်အပြုတ် အချုပ်အလုပ် တတ်တယ်၊ အိမ်တွင်းမှုနိုင်တယ်၊ ငါ့မှာ မိန်းမပီသတဲ့အချက်တွေမှ အများကြီးပဲ"

"ဟား ဟား ဟား ဟား"

"နင်နော် ... ဘာရယ်တာလဲ မင်းဆက်"

"နှုတ်သီးကောင်းလျှာပါး၊ ဗလအားကိုးနဲ့ထစ်ခနဲဆို သက်ပါ၊ ဒါလား မိန်းမပီသတာ"

"ဒါတော့ ... ငါ့ဟာငါနေရင် ပီသတယ်၊ မဟုတ်ရင် တော့ မခံဘူးပေါ့"

မီးမီးနှင့်သင်မင်းဆက်ကို အလုပ်လုပ်ရင်း ထိုကဲ့သို့ တဟီး ဟီးတဟားဟားနှင့်တရင်းတနှီးနေတာကို ဒေါ်ခင်ဝင်းထွန်းထာ ကြိုက်။ အခွင့်မကြုံသေး၍ ဘာမှမပြောသာ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ပရိတ်ကြီး (၁၁)သုတ် အလွတ်ရလား မင်းဆက်"

"ဟင့်အင်း"

"ပဋ္ဌာန်းရော အလွတ်ရွတ်နိုင်လား"

"ဟင့်အင်း"

"ခက်တာပဲ၊ နင်တို့လို မိဘတွေကမွေးလာမယ့်သားသမီးတွေအတွက် ရင်လေးတယ်၊ ဘာသာရေး ဒီလောက်အားနည်းရင်တော့ သားသမီးတွေကျ ဘယ်လိုဆုံးမသွန်သင်မလဲ"

သင်မင်းဆက်က သူ့ကို နည်းမျိုးစုံဖြင့် တိုက်ခိုက်နေသောမီးမီးကို အမြင်ကပ်ကပ်ဖြင့် နရင်းထအုပ်ချင်စိတ်ပေါက်မိသည်။

သို့သော် ... ကုမ္ပဏီမှာမို့ သတိနှင့်ထိန်းလိုက်ပြီး လက်ဖွဲ့တတီးနေခြင်းကိုရှောင်၏။ ထိုသို့ သင်မင်းဆက်က ရှောင်သော်လည်း မိခင်ဖြစ်သူဒေါ်ခင်ဝင်းထွန်း၏ စိုးရိမ်မှုနှင့်လောဘကလျော့ပါးမသွားခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ...။

ထိုနေ့က လုပ်ငန်းကိစ္စဖြင့် သင်မင်းဆက် အပြင်ထွက်ရသည်။ ကားပါကင်ရောက်မှ ကားသော့ ပါမလာမှန်းသိ၏။ ထို့ကြောင့် ကုမ္ပဏီပေါ် ပြန်တက်လာခဲ့သည်။

"ကားသော့ ဘယ်မှာထားလိုက်မိပါလိမ့်"

သူက ကားသော့ကို သူ့အခန်းထဲ ဝင်ရှာသည်။ မတွေ့တော့ အပြင်ပြန်ထွက်လာပြီး မီးမီးစားပွဲမှာ ရှာသည်။ သူက မီးမီးစားပွဲတွင် မီးမီးနှင့်အတူ တချို့အလုပ်တွေ ညှိနှိုင်းလုပ်တတ်၍ဖြစ်သည်။

"မီးမီးရော"

ကားသော့ ကူရှာခိုင်းချင်ကာမှ မီးမီးကိုမတွေ့၍ သင်မင်းဆက်က မမစိုးကို လှမ်းမေးသည်။ မမစိုးက ...

"အန်တီခေါ်လို့"

"မေမေခေါ်တယ် ... ဘာကိစ္စပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"မမစိုးတို့မသိဘူး"

သင်မင်းဆက်စိတ်ထဲ နည်းနည်းတော့ ထင့်သွားသည်။ မေမေသည် လက်အောက်ငယ်သားဝန်ထမ်းများကို ထိုသို့ တိုက်ရိုက်ခေါ်တွေ့လေ့မရှိပါ။ မန်နေဂျာကတစ်ဆင့် ဒါမှမဟုတ် အစည်းအဝေးတွင်သာ ပြောဆိုမှာကြားလေ့ရှိသည်။

သင်မင်းဆက်သည် ကားသော့ကို ရှာတွေ့သော်လည်း အပြင်မသွားသေးဘဲ မီးမီးထွက်အလာကို မယောင်မလည် စောင့်နေလိုက်၏။

"မင်းဆက်ရေ၊ မသွားသေးဘူးလား၊ နောက်ကျနေမယ် သားရေ"

"ခဏလေး ဦးကြီး၊ မိုးဦးဝေဆီက ယူစရာရှိလို့"

ဦးကြီးက ဘာမှမပြောတော့ပေမယ့် သက်ပြင်းမသိမသာ ချလိုက်တာကိုတွေ့ရသည်။ ငါးမိနစ်ဟု ပြောလိုက်တာကလည်း ငါးနာရီလောက်စောင့်ရသလို ကြာလွန်းသည်ထင်၏။

"ဟော"

ချပ်ခနဲ အခန်းတံခါးဖွင့်သံက သင်မင်းဆက်ရင်ကို ဘာ့ကြောင့် လှုပ်ရှားသွားစေမှန်းမသိ လှုပ်ရှားသွားသည်။

ထင်တဲ့အတိုင်း မီးမီးမျက်နှာက ထူးခြားစွာ ပျက်ယွင်းနေ၏။ ပိုပြီး အံ့သြစေတာက ဖြူနုသောမီးမီးမျက်နှာတွင် နှာခေါင်းနှင့်မျက်ခုံးစပ်တို့ နီရဲနေခြင်းပင်။ ငိုချင်တာကို အောင့်အီးထိန်းချုပ်ထားရမှန်း ထင်ရှားသည်။

"မီးမီး"

"ဟင်! နင် မသွားသေးဘူးလား၊ မဟုတ်ပါဘူး၊ ခုနက



www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားပါတယ်"

သူ့ကိုမြင်တော့ မီးမီး တအံ့တသြဖြစ်ပြီး ခပ်အက်အက် အသံဖြင့် စကားပြောသည်။

"ကားသော့ကျန်ခဲ့လို့ ... သြော် ... ဒါနဲ့ မီးမီး"

"အင်း"

"နင် အပြင်သွားစရာကိစ္စရှိတယ်မဟုတ်လား၊ အခု ငါနဲ့ တစ်ခါတည်းလိုက်ခဲ့"

"ဟင့်အင်း၊ ငါ့ကိစ္စက အရေးမကြီးဘူး မင်းဆက်၊ နေပစေ မလိုက်တော့ဘူး"

မီးမီးက အထိတ်တလန့်ငြင်းသည်။ သင်မင်းဆက် စိတ် မရှည်တော့ပေ။ အပြင်ကိုခေါ်ထုတ်ပြီး မီးမီးကို မေးချင်တာမေးဖို့ အောင့်အီးသည်းခံနိုင်စွမ်းမရှိတာသေချာ၏။

"လာစမ်းပါဟာ"

"အိုး ... မင်းဆက်"

မီးမီးလက်ကို ဆောင့်ဆွဲခေါ်လာတော့ တစ်ရုံးလုံး တအံ့တသြဖြစ်ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ( ၁၉ )

ကိုယ့်ကို ကုမ္ပဏီသူဌေးက ခေါ်တာကို ဂုဏ်ယူစရာဟု ထင်ခဲ့သည်။ ထို့ကြောင့်လည်း ဝန်ထမ်းအားလုံးရှေ့ ခေါင်းမော့ ရင်ကော့မာန်တက်ကာ သူဌေးအခန်းထဲ ဝင်ခဲ့သည်။

"အဲဒီမှာ ထိုင်"

မာထန်တင်းပြတ်သောအကြည့်နှင့်အသံကြောင့် မီးမီး ကိုယ်လေးကျုံ့သွားသလိုထင်ရ၏။

"ညည်း ဘယ်ဇာတိလဲ"

ထင်မှတ်မထားသော မေးခွန်းကြောင့် အထစ်ထစ်အငေါ့ ငေါ့ပြန်ဖြေမိသည်။ သူ့ဖြေသံဆုံးတော့ ...

"တော်တော်ခေါင်တဲ့တောရွာပဲ၊ ညည်းက တကယ့်ကို တောကြက်တောငှက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ရှင်"

"ပြီးတော့ ... ညည်း ကျောင်းထုတ်ခံထားရတာ တို့သိပြီး ဖြို"

ကျောင်းထုတ်ခံရတာကြီးက မီးမီးအမှား၊ မီးမီးအပြစ်လိုပဲ ဖြစ်နေသည်။

"ညည်းအေ၊ ညည်းဘဝ၊ ညည်း အဆင့်အတန်းနဲ့တို့မျှား သားကို ကင်းကင်းနေစမ်းပါ၊ ဖြစ်နိုင်ရင် အပေါင်းအသင်းကဏ္ဍဆို တာတောင် တို့က လက်မခံချင်တာ"

"ရှင်"

"ညည်း နားလေးနေသလား၊ တရှင်ရှင်နဲ့ နောက်ကို အနေ အထိုင်ဆင်ခြင်စမ်း၊ ခင်မင်ရင်းစွဲရှိပြီးသားဆိုလည်း မသကာ မေး ထူးခေါ်ပြောလောက် ဆက်ဆံပေါ့၊ ခုဟာက တို့အမြင် ညည်း သိပ်ပလူးလွန်းတယ်၊ မကြိုက်ဖူးနော် ... တို့မျှားသားအပေါ် ညည်း ရိုးမှရိုးရဲ့လား"

အံ့သြလွန်း၍ 'ရှင်'ဟု အာမေဋိတ်ပြုချင်တာတောင် နား လေးနေလားပြောမှာစိုး၍ အသံမထွက်ရဲတော့ပေ။

ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတာကို ခေါ်ပြီး အစော်ကားခံရသည်။ မဟုတ်လျှင်မခံ၊ စော်ကားလျှင် ငြိမ်မနေတတ်သော ဗီဇက ဘယ်ဆီဘယ်ဝယ်ငုပ်လျှိုးပျောက် ကွယ်သွားလေသည်မသိ။

သင်မင်းဆက်ရဲ့မိခင်ဆိုသောအသိတစ်ခုတည်းနှင့် သည်းခံငြိမ်ကုပ်နေမိတာပဲဖြစ်ပါလိမ့်မည်။ မဟုတ်လို့ကတော့ ဘာကြီးဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် သည်းခံငြိမ်နေမိမည်မထင်။


www.burmeseclassic.com

www.burmeseclassic.com


"ရှက်တတ်ရင် ညည်း ဆင်ဆင်ခြင်ခြင်နေ၊ အလုပ်လုပ်စရာရှိတာ ကောင်းကောင်းလုပ်၊ တို့က အကြောင်းသုံးပါးရှေးတာ မဟုတ်ဖူး၊ ဘယ့်နှယ် တို့များသားကို အော်လားအော်ရဲ့၊ ဆရာလုပ်လားလုပ်ရဲ့၊ တို့ကုမ္ပဏီရဲ့အောက်ခြေဝန်ထမ်း ညည်းတစ်လခက တို့အိမ်မှာ မွေးထားတဲ့ ခွေးလေးရဲ့ တစ်ရက်မုန့်ဖိုးပဲရှိတယ် သိလား"

မီးမီးခန္ဓာကိုယ်တစ်ခုလုံး တောင့်မတ်သွားသည်။ ရှက်လွန်းသောခံစားချက်ကြောင့် ဘာစကားမျှ မထွက်နိုင်ဘဲ လည်ချောင်းဝတွင် တစ်ဆို့နေ၏။

ဒေါ်ခင်ဝင်းထွန်း၏ "ညည်း သွားတော့" ဆိုသော စကားအဆုံးမှာ အိပ်မက်ထဲလမ်းလျှောက်နေသူလို သတိကင်းကွာလျက်ရှိသည်။

ဘဝတစ်ဆစ်ချိုးသည် မီးမီးကို စိန်ခေါ်လျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်ရယ် ... နင် ခုလိုတစ္ဆတ်ထိုးလုပ်လိုက်တာ မှား တယ်သိလား၊ ဝန်ထမ်းတွေအားလုံးရှေ့မှာ ငါ့ကို လက်ဆွဲခေါ်လာ ရလား"

"ငါ အဲဒါတွေ ဘာမှမစဉ်းစားမိဘူး၊ နင်နဲ့မေမေ ဘာတွေ ဖြစ်ကြလဲ၊ မေမေက နင့်ကို ဘာတွေပြောလဲ၊ အဲဒါ စိတ်ဝင်စားပြီး သိချင်လွန်းတာပဲရှိတယ်"

"အခု ... ဒီလိုလုပ်တာ နင့်အမေသိမှာပဲ၊ ဒါဆို ပိုဆိုးသွား မှာ သေချာတယ်"

"ရတယ်၊ မေမေနဲ့ကိစ္စ ငါရှင်းမယ်၊ နင့်ကို အရမ်းအားနာ တယ် မီးမီးရာ၊ ဘာမှဟုတ်တာလည်းမဟုတ်ဘဲနဲ့"

"အဟင်း! နင်တို့လူချမ်းသာမိဘတွေက ဒီလိုပဲမဟုတ် လား၊ ထားလိုက်ပါဟာ ... ငါတို့ ကင်းကင်းနေလိုက်ရင် ဒီ ပြဿနာ ပြီးသွားမှာပါ၊ မသိသလိုနေကြတာပေါ့"

"ငါတော့ အဲဒီလိုမလုပ်နိုင်ဘူး မီးမီး၊ ဘယ့်နှယ့် ဟာဒါ

www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍရိုးရိုးခင်တာတောင် မခင်ရဘူးဆိုတာတော့ အဓိပ္ပါယ်မရှိဘူး၊ မိဘက သားသမီးကိုချစ်တာ နားလည်တယ်၊ လက်မခံနိုင်တာက လက်မခံနိုင်တာပဲ"

"ဘာပဲဖြစ်ဖြစ် ငါနဲ့ပတ်သက်ပြီး အကျယ်မချဲ့နဲ့တော့ မင်းဆက်၊ နင်တို့က သားအမိတွေ၊ ပြီးပြီးရော ပြီးသွားမှာ၊ ငါ့အတွက် ဒီအလုပ်နဲ့ဒီလစာက အဆင်ပြေတယ်၊ ပြဿနာနဲ့ထွက်သွားရတာမျိုးမဖြစ်ချင်တာ အမှန်ပဲ၊ ငါတို့ မခင်ဘဲနေကြရအောင် လမ်းတွေ့ရင်တော့ နဂိုအတိုင်း ခေါ်ပြောနှုတ်ဆက်ကြတာပေါ့"

မီးမီးက တကယ်လည်း သူပြောခဲ့တဲ့အတိုင်း သင်မင်းဆက်ကို မခေါ်မပြောမပြုံးမရယ်နေခဲ့၏။ လုပ်ငန်းကိစ္စနှင့်ပတ်သက်မှသာ မေးတစ်ခွန်းဖြေတစ်ခွန်းလုပ်သည်။ နေမထိထိုင်မသာဖြစ်ရသူက သင်မင်းဆက်။

သင်မင်းဆက်က မီးမီးမျက်နှာလေးကို မကြာခဏ ခိုးကြည့်မိသည်။ အရင်လိုမလန်းဘဲ ညှိုးနွမ်းနေသလိုထင်ရ၏။ ရိုးသားတဲ့တောသူတောင်သား၊ နွမ်းပါးချို့တဲ့စွာ ကျောင်းလာတက်နေသူ။

မီးမီးမျက်နှာလေးမှာ အဖိုးတန်မိတ်ကပ်ခြယ်သထားတာ မရှိပေမယ့် သဘာဝအတိုင်း နုဖတ်ချောမွေ့လှသည်။ အဖိုးတန်လက်ဝတ်ရတနာဆိုတာ ဝေလာဝေး၊ အဝတ်အစားလေးကပင် တန်ဖိုးနည်းပြီး နွမ်းနွမ်းဖတ်ဖတ်ရှိလှ၏။

"မီးမီးရယ်"

သင်မင်းဆက်ရင်ထဲ ခပ်တိုးတိုးညည်းသည်။ နွမ်းပါးချို့တဲ့ပါတယ်ဆိုမှ ဖိထောင်းအနှိမ်ခံရသလိုဖြစ်ရှာတာ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သနားတယ်ဆိုတာ လူတိုင်းအပေါ် သနားနိုင်သလို **မီးမီး** ကို သနားရုံတင်မက မီးမီးမပျော်တော့ သင်မင်းဆက်လည်း **မပျော်** တာ ထူးဆန်းသည်။ ဤပုံစံဖြင့် အရာရာပြီးဆုံးသွားမှာကိုလည်း စိုးသည်။

မျက်စိတစ်မှိတ်အတွင်း ပြောင်းလဲသွားသောအခြေအနေတွေကို သူငယ်ချင်းတွေသိလျှင် ဘာပြောဦးမည်မသိ။

ရင်ဖွင့်ဖို့ လိုနေတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com

# ( ၂၀ )

"ကျွန်တော်တို့ ရိုးရိုးခင်တဲ့သူငယ်ချင်းတွေပါလို့ပြောထားရဲ့နဲ့ မေမေ အဲသလိုလုပ်တာတော့မကောင်းဘူးဗျာ"

သင်မင်းဆက်စိတ်ထဲ မီးမီးနှင့်ပတ်သက်၍ ဘဝင်မကျဖြစ်ရသည်။ မေမေ့ကို ခုလောက် သဘောထားသေးလိမ့်မည်ဟု ထင်မထားခဲ့တာလည်းပါသည်။

"တော်ပြီ မင်းဆက်၊ ဘာမဟုတ်တဲ့ကိစ္စ၊ အခြေအမြစ်မရှိတဲ့မင့်သူငယ်ချင်းတစ်ယောက်အတွက်နဲ့ မေမေ့ကို နင်ဘဲငဆ ပြန်ပြောမနေနဲ့"

"ကျွန်တော်လည်း မပြောချင်ပါဘူး မေမေ၊ ခုဟာကအလကားသက်သက် မီးမီးကို စော်ကားသလိုမို့ပြောရတာ"

တစ်သက်လုံးက မိဘအပေါ် ယခုလို အချေအတင်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့ဖူး၍ စိတ်မချမ်းသာတာတော့အမှန်ပင်။

"ဖေဖေ"

"ဟော!"

"အခုကိစ္စ ကျွန်တော်လွန်တာလား၊ မေမေ လွန်တာလား"

ဦးမောင်မောင်သင်က ဖတ်လက်စစာအုပ်ကို ဘေးချပြီး မျက်မှန်ကို ဖြုတ်ကာ စားပွဲပေါ်သို့ တင်လိုက်၏။ ပြီးမှ ...

"မင့် အမေ"

ဖေဖေက မေမေလွန်ကြောင်း တစ်ခွန်းတည်းဖြေ၏။

"ကဲ"

သင်မင်းဆက်က ဝမ်းသာအားရ 'ကဲ' ဟု ဆိုလိုက်ပြီး မေမေက ...

"ကိုမောင်သင်၊ ရှင် စကားကို ပေါ့ပျက်ပျက်မဆိုပါနဲ့၊ ကျွန်မက ဘယ်ကိစ္စကိုမှ အကြောင်းမဲ့ မလုပ်တာ ရှင်သိတယ် မဟုတ်လား"

"ကိုယ်ကရော ဘယ်တုန်းက စကားကို ပေါ့ပေါ့တန်တန် ပြောတတ်လို့လဲ? မင်းမသိဘူးလား"

"ဘာပဲဖြစ်ဖြစ်၊ ရှင်က မြှောက်ထိုးပင့်ကော်လိုလိုနဲ့ ဟင်း"

"ဟ! ကိုယ်တို့သား အရွယ်ရောက်ပြီပဲ၊ သူ့ဖာသာ စဉ်းစားဆုံးဖြတ်ပါစေ"

"အလိုတော် ... တစ်ဘဝလုံး မျိုးရိုးစဉ်ဆက်နဲ့ဆိုင်တဲ့ကိစ္စ လွှတ်မပေးနိုင်ပါဘူး၊ မီးဆိုတာ မလောင်ခင်တားမှ"

"ဪ ... ဪ၊ ဒါကြောင့် ကောင်မလေးကို ပြောဆို သတိပေးခဲ့တယ်ဆိုပါတော့ ... မင်းကွာ ... ဒါလောက် အသိန်



www.burmeseclassic.com

www.burmeseclassic.com



**တန်ပြောနေရဲ့နဲ့** သူများသားသမီး မှိုချိုးမျှစ်ချိုး၊ ကိုယ့်မိခင်ကြီးလည်း တောသူတောင်သားဆင်းရဲသားပါပဲ၊ ငွေက အရေးကြီးသလား၊ စာရိတ္တက အရေးကြီးသလား၊ မင်း ဒါတော့မဟုတ်သေးဘူး ဒေါ်ဝင်း"

ဦးမောင်မောင်သင်ကပါ ဝင်ပြောတော့ ဒေါ်ခင်ဝင်းထွန်း စိတ်ဆိုးပြီး ဝုန်းဒိုင်းကျဲ ထထွက်သွားသည်။ ဦးမောင်မောင်သင်က

"သွား၊ နားအေးတယ်၊ ဒါနဲ့ သားကရော အိမ်ထောင်ရေးဘက် စိတ်ဝင်စားနေပြီလား"

"ကြံကြံဖန်ဖန် ဖေဖေရာ၊ သား ကျောင်းတောင်မပြီးသေးတဲ့ဟာ ... စီးပွားရေးလည်း လုပ်ဦးမှာ၊ ပြီးတော့ ရည်းစားတောင် မရှိသေးဘူး"

"ဪ် ဟိုကောင်မလေးနဲ့ တကယ် ဘာမှမဖြစ်ဖူးပေါ့"

သင်မင်းဆက် ခဏငြိမ်ပြီး စဉ်းစားသည်။ ပြီးမှ ...

"မီးမီးကိုခေါ်ပြီး မေမေ ပေါက်ကရတွေ လျှောက်မပြောခင်ထိတော့ ဘာမှမဖြစ်သေးဘူး ဖေဖေ၊ အဲဒီနောက်မှ သူက သားကို ရှောင်ဖယ်တော့မှ သားစိတ်တွေတစ်မျိုးပဲ၊ တစ်ခုခုဖြစ်လာမယ်ထင်တယ်"

"ဟား ဟား ဟား၊ အေးကွာ၊ ဖြစ်လာရင် မင်းအမေနဲ့တော့ လွယ်မှာမဟုတ်ဖူး၊ ဒီတော့ အရေးအကြောင်းဆို ခိုးသာပြေးကွာ၊ ဟား ဟား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သင်မင်းဆက်စကားဆုံးသွားသော်လည်း မည်သူကမျှ တုတ်တုတ်မလှုပ်ပါ။ ဝင်းနိုင်က ပူတင်းစားပြီး သွားကြားထိုးနေသလို ချစ်တီးက နားကလော်နေ၏။ အတော်ကို ကျွေးရမွေးရ ထိုက်တဲ့သူငယ်ချင်းတွေ။

တရုတ်ကြီးကတော့ ပေါက်စီတစ်လုံးစားကာ အားနာ၍လားမသိ စကားစသည်။

"အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူးပေါ့၊ တချို့က မြင်မြင်ချင်းချစ်သွားတာမျိုး၊ တချို့က အသံလေးကြားဖူးရာက၊ သနားရာက၊ အနေနီးရာက အမျိုးမျိုးပေါ့ကွာ"

"ဟော့ကောင် တရုတ်ကြီး၊ မင့်ပါးစပ်နဲ့တန်ရာပြောကွာ"

"မင်းတို့မပြောလို့ ငါ ပြောရတာ ချစ်တီးရ"

"အေး၊ ပေါက်စီဖိုးကျေအောင်ပြောကွာ"

"အဲဒီတော့ ... မင်းအမြင်ကို ဆက်ပြော တရုတ်ကြီး"

သင်မင်းဆက်က ဝင်းနိုင်နှင့်ချစ်တီးကို ဂရုမစိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးကို မေးသည်။ တရုတ်ကြီးက ...

"ဒါပဲလေ၊ မီးမီးအပေါ် မင်းရဲ့စိတ်က ပုံမှန်မဟုတ်တော့ဘူး၊ ထူးခြားနေပြီ၊ နီးလွန်းလို့ မှုန်နေတာ၊ ဒီတော့ မင်းကိုယ်တိုင် မီးမီးကို ချစ်နေလား၊ မချစ်နေလား ကွဲကွဲပြားပြားမသိဖြစ်နေတာ"

"ဟော! မင်းဆိုလိုတာက မီးမီးကို ငါ ချစ်နေတယ်ပေါ့ ဟုတ်လား"

"ဒါတော့ ... မင်းစိတ်မင်း ပိုသိမှာပေါ့ မင်းဆက်ရ၊ ငါက ဘယ်လိုသိမှာလဲ? တစ်ခုတော့ ပြောလို့ရတယ်"

"အင်း၊ ဆိုစမ်းပါဦး"

"အကြောင်းတစ်စုံတစ်ခုကြောင့် ပွင့်အန်သွားတာမျိုး ကြုံလာရင် မင်းကိုယ်မင်း သေချာသိပြီပေါ့"

တရုတ်ကြီးပြောတာ တော်တော်နည်းလမ်းကျသည်။ မီးမီးအပေါ် ရိုးရိုးသူငယ်ချင်းခံစားမှုကနေ မေမေ့ကြောင့် ခံစားချက်ပြောင်းကာ တစ်မျိုးဖြစ်သွားတာလည်း အမှန်ပင်။

"မီးမီးကိုမှ မချစ်ရင် မင်းလောက်မိုက်တာ ဒီကမ္ဘာမှာ ရှိမှာမဟုတ်ဘူး မင်းဆက်"

ဝင်းနိုင်က သူ့ကိစ္စပြီးသွား၍ စကားစသည်။ ချစ်တီးကပေါ် နားကလိတာရုပ်လိုက်ပြီး ဖြုန်းဆို စကားဝိုင်းထဲဝင်လာ၏။

"မီးမီးက မဆိုစလောက်အားနည်းချက်ကလေးရှိတာကလွဲ ရင် ကျန်တာအားလုံးအိုကေပဲလေ"

"ဟ ... အိပ်ရာထဲရှူးပေါက်ချတာလောက်ကို အားနည်း ချက်လို့မပြောနိုင်ဘူး ချစ်တီးရ"

"ဟော့ကောင်တွေ တော်ကြစမ်းပါကွာ၊ တခြားလူကြားလို့



www.burmeseclassic.com

www.burmeseclassic.com



မီးမီးကို ဟားနေပါဦးမယ်"

"အောင်မာ၊ အဲဒါ အရင်က မင်းပဲဟားခဲ့တာ မင်းဆက်"

"အိမ်ထောင်ဖြုလိုက်ရင် မီးမီးရဲ့ အဲဒီအားနည်းချက် ပျောက်သွားမယ်လို့ မင်းပဲပြောခဲ့တာမဟုတ်လား မင်းဆက်"

"အေး"

"ဒါဆို ... မီးမီးကို မင်းကယ်တင်သင့်တယ် မင်းဆက်"

"ချစ်တီးပြောတာ မှန်တယ်"

ဝင်းနိုင်စကားဆုံးတော့ တရုတ်ကြီးကပါ ဝမ်းသာအားရ ထအော်လေ၏။

"မင်းဆက်နဲ့မီးမီး လက်ထပ်လိုက်ကြတော့"

"ဟေး!"

www.burmeseclassic.com

www.burmeseclassic.com

( ၂၁ )

လုပ်ငန်းခွင်ထဲ ခြေစုံပစ်ဝင်လိုက်တော့ သူငယ်ချင်းတွေ နှင့်တွေ့ရချိန်နည်းသွားသည်။ နေ့တိုင်းတွေ့နေရသော မီးမီးကလဲ မျက်လုံးချင်းပင် အဆုံမခံပါ။

တစ်နေ့ ...။

ရုံးမှာ မေမေမရှိတဲ့အခိုက် မီးမီးကို သင်မင်းဆက် စကား ပြောဖြစ်ခဲ့သည်။

"ဒီမှာ မီးမီး၊ နင်က ငါ့အမေကျေနပ်အောင် ခပ်ကင်းကင်း နေနိုင်းလို့နေပေးခဲ့တယ်နော်"

"အေး ... အဲဒီအတွက် နင့်ကို ငါ ကျေးဇူးတင်တယ် မင်းဆက်"

"ဒါပေမယ့် ... ငါ့စကားမဆုံးသေးဘူး မီးမီး၊ နင့်ကိုငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမေးမယ်၊ အဲသလိုနေရတဲ့အတွက် နင် စိတ်ချမ်းသာသလား၊ ဘယ်လိုမှ မခံစားရဘူးလား"

မီးမီးက နဂိုကတည်းက ဘွင်းဘွင်းသမား။ မဆိုင်းမတွ ချက်ချင်းပင် ပြန်ဖြေ၏။

"ကျောင်းအတူတက်ပြီး ခင်လာတဲ့သူငယ်ချင်းပဲ၊ မခံစားရနေမလားဟ၊ စိတ်မကောင်းဘူး၊ နေရခက်တယ်၊ ဒါပေမယ့် ... အဲဒါ ငါ့ဘဝအတွက် အဆင်ပြေတယ်"

"ငါ သိတယ် မီးမီး၊ ဒါ့ကြောင့်လည်း ငါ ငြိမ်နေတာ၊ တစ်ခုတော့ သိထားမီးမီး၊ ငါ နေနိုင်သရွေ့တော့ နေမယ်၊ မနေနိုင်တဲ့တစ်နေ့ ဘာမှဂရုမစိုက်ဘူး"

"ဟင်!"

မီးမီးက သင်မင်းဆက်ကို တအံ့တသြမော့ကြည့်သည်။ ရည်သည့်စကားမှတော့ ထပ်မပြောပေ။

ဤသို့ ဤပုံဖြင့် အခြေအနေတွေက ပင်လယ်ပြင်စုန်တိုင်းမလာမီး ငြိမ်သက်နေသလိုမျိုး ငြိမ်သက်နေခဲ့၏။ မီးမီးသည် အလုပ်ထဲတွင် စိတ်ရော၊ ကိုယ်ပါ နှစ်ထားသည်။ တစ်ခါတစ်ရံ အေးအေးကြီးနှင့်ရည်မွန်ရောက်လာ၍ စိတ်ပျော်တဲ့အခါလည်းရှိ၏။

အများအားဖြင့် ရောက်လာတတ်သူကတော့ အေးအေးကြီးဖြစ်သည်။ တစ်ခါတစ်ခေါက် သတင်းတွေ ယူလာတတ်ပြီး ရယ်မောစရာအကောင်းဆုံးက ချစ်တီးနှင့်ရည်မွန့်သတင်းပင်။

"ဘာအစီပွါယ်လဲတော့မသိဘူးဟ၊ ရည်မွန်က **ချစ်တီး** ခေါင်းကဆံပင်ကို အမြဲစမ်းညှပ်ပေးနေတာလေ၊ အခု **ချစ်တီး**



www.burmeseclassic.com

www.burmeseclassic.com



သူလည်း စမ်းသပ်ချင်တာရှိတယ်ဆိုပြီး ရည်မွန်ကိုခေါ်သွားတာ တစ်နေ့လုံးပေါ်မလာတော့ဘူး၊ တစ်ခါတည်း ညားကြလေသတည်းပဲ၊ ဘယ်လိုဖြစ်တယ်မသိဘူး"

မီးမီးက ဟက်ဟက်ပက်ပက်ရယ်မောသည်။ သင်မင်းဆက်ပြောပြထား၍ ချစ်တီးရဲ့ စမ်းသပ်ခြင်းကိစ္စ မီးမီးသိထား၏။

"လာမယ့် **Sunday** စေ့စပ်လိမ့်မယ်၊ ရှေ့နှစ် ကျောင်းပြီးမှ မင်္ဂလာဆောင်မှာပါ"

နောက်ထပ်သတင်းတစ်ခုက လင်းရဲ့သူ သတင်းပင်။ သင်မင်းဆက်စနက်ကြောင့် အကောင်းစားရည်းစားလေးက ပစ်သွား၏။ ဒါကို အခဲမကျေဟု သိရသည်။

"အဲဒါ မင်းဆက်ကို သတိပေးထားဦး မီးမီး၊ အခွင့်ကောင်း ချောင်းနေတယ်လို့ ချစ်တီးက ပြောတယ်၊ အခု မင်းဆက် ဘယ်သွားလဲ"

"အပြင်သွားတယ်"

အေးအေးကြီးတို့ကမီးမီးနှင့်သင်မင်းဆက်အခြေအနေကို သိသူမဟုတ်။

"နင်နဲ့မင်းဆက်ကရော ဘယ်လိုလဲ၊ ဒီလိုပဲလား"

"အေး ... ဒီလိုပဲ"


၄၄



www.burmeseclassic.com

www.burmeseclassic.com





အမှတ်တမဲ့ လင်းရဲသူကို တွေ့လိုက်တော့ ဟိုတလောက အေးအေးကြီးပြောခဲ့တာကို သတိရလိုက်သည်။ ဒီဝန်းကျင်ကို ဘာလာလုပ်သလဲတော့မသိ။ လင်းရဲသူတစ်ယောက်တည်းတော့ မဟုတ်။ သူဌေးသားကပ်မြှောင်လိုလို၊ လူမိုက်လိုလိုပုံစံမျိုးနှင့် သူ့သူငယ်ချင်းနှစ်ယောက်သုံးယောက်လည်းပါ၏။

သင်မင်းဆက်ကို သတိပေးမည်စိတ်ကူးသော်လည်း ကုမ္ပဏီတွင်း စကားမပြောချင်တာကတစ်ကြောင်း၊ လင်းရဲသူက သူ့ကိစ္စနှင့်သူ သွားလာနေတာဖြစ်မှာပါဟု တွေးမိတာကြောင့် တစ်ကြောင်း မပြောဖြစ်တော့ပေ။

သို့သော် ... ဒုတိယအကြိမ် ထပ်အတွေ့မှာတော့ စိတ်ထဲ ခနိုးစနောင့်ခုမိသည်။ လင်းရဲသူက သူမကို ခနဲ့တဲ့တဲ့၊ မဲ့တဲ့တဲ့ပြုံးပြခဲ့သည်မဟုတ်လား။

ထိုနေ့က ကုမ္ပဏီတွင် တော်တော်အလုပ်များ၏။ ညနေငါးနာရီခွဲပြီးမှ သူဌေးကြီးဇနီးမောင်နှံက ညစာစားပွဲရှိ၍ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"မင်းဆက်ရေ ... သိပ်မိုးချုပ်အောင်မနေနဲ့၊ သားရဲ့ကား က ညှိသည်ပေးထားတော့ ကားငှါးပြန်ရမှာ ... လက်စသပ်စရာရှိ တာ မြန်မြန်သပ်"

ဒေါ်ခင်ဝင်းထွန်းက သားဖြစ်သူကို မှာမိအောင်မှာသည်။ တကယ်ဆို ညှိသည့်အတွက် ကားပေးထားစရာမလိုသော်လည်း တမင်ပေးလိုက်ခြင်းဖြစ်သည်။ အလုပ်ပြန်မိုးချုပ်လျှင် သူငယ်ချင်း ကောင်မလေးကို ကားနှင့်လိုက်ပို့တာတွေ၊ ဘာတွေလုပ်မှာစိုး၍ ဖြစ်သည်။

မီးမီးကလည်း အရိပ်အကဲနားလည်ကာ ကိုယ့်အလုပ် လက်စသပ်၍ ပြန်ဖို့ပြင်ဆင်သည်။ သူဌေးနှစ်ယောက်ထွက်သည် နှင့်သူပါလိုက်ထွက်သည်။

ဤသည်ကို ကားပေါ်ပါသွားသော ဒေါ်ခင်ဝင်းထွန်းက ကျေနပ်စွာပြုံးသည်။ ကောင်မလေးက မာနရှိသားပဲဟုတွေးသည်။

မီးမီးက ဘတ်စ်ကားမှတ်တိုင်ရှိရာ လမ်းထိပ်ပန်းခြံထောင့် ကို ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။ ရင်ထဲမှာ ဘာကိုမှန်းမသိ ဝမ်းနည်းမိ၏။ ဘဝမှာ ပထမဆုံးအကြိမ် ကိုယ့်ဘဝကိုယ် သိမ် ငယ်သလို ခံစားရသည်။

ထိုသို့တွေးရင်းလျှောက်လာစဉ် မီးမီးမျက်ဝန်းထောင့်စွန်း ၌ မြင်ဖူးသောအရိပ်တချို့ကို မြင်ရသည်။ ဆက်လျှောက်နေ မိသော်လည်း မနောအာရုံက တစ်စုံတစ်ရာ လှုပ်ဆော်သလို ခံစား ရပြီး လင်းရဲသူပုံရိပ်က အမိုက်တစ်စလို မျက်စိထဲ ခိုးလိုးခုလု ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးသည် စိုးရိမ်စိတ်နှင့်အတူ ကားမှတ်တိုင်ရောက်ခါနီးမှ ကုမ္ပဏီဘက် ရုတ်ခနဲပြန်လှည့်လာခဲ့သည်။ သင်မင်းဆက် ပြန်လျှင် လူရှင်းသန့်သောဝန်းကျင်က အငှါးကားအလွယ်တကူရနိုင်မည်မထင်။ လမ်းမကြီးထိပ်ထွက်မှ ရမည်။ အမှောင်ရောက်၍ လူပြတ်သောနေရာတွင် ဘာမဆိုဖြစ်သွားနိုင်၏။

ကုမ္ပဏီထဲ မျက်စိပျက်မျက်နှာပျက်ဖြင့် ခပ်သုတ်သုတ်ဝင်လာသော မီးမီးကိုတွေ့တော့ သင်မင်းဆက် အံ့သြသွားသည်။

"မီးမီး! ဘာဖြစ်လို့လဲ? ဘာဖြစ်လာတာလဲ"

"နင်အလုပ်တွေပြီးပြီလား? အတူပြန်ရအောင်"

မီးမီးပုံစံကြောင့် သင်မင်းဆက် ပြုံးသည်။ ခပ်စွာစွာ၊ ခပ်ထက်ထက် မီးမီးခမျာ သူနှင့်စကားမပြောဘဲ ရေငုံနှုတ်ပိတ်နေရတာ ဘယ်လောက်များ ခက်ခဲပင်ပမ်းလိုက်မလဲ၊ အောင့်အီးသည်းခံနေရသလဲဟု တွေးမိသည်။

ယခု ... သူမြေးနှစ်ယောက်လည်း အရင်ပြန်သွားရော သူ့ခမျာ ပြန်သွားသယောင်ပြု၍ ပြန်လာခဲ့ရှာသည်။ သင်မင်းဆက် ရင်ထဲ သနားခြင်းနှင့်အတူ လှိုက်ခနဲ ရင်ခုန်လေ၏။

"အလုပ်က အိမ်ရောက်မှ ဆက်လုပ်လုပ်၊ မနက်ဖြန်မှ ဆက်လုပ်လုပ် ရပါတယ်ဟာ! အဟဲ ... ဒီအခွင့်အရေးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ"

မီးမီးက ဘာမှပြန်မပြောဘဲ မျက်စောင်းအသာထိုး၏။ သိမ်းစရာရှိတာ ကူသိမ်းပြီး နှစ်ယောက်သားထွက်လာကြသည်။ ဆောင်းဝင်စမို့လားမသိ၊ အပြင်တွင် အလင်းရောင်မှောင်၍ အအေးဓာတ်ပင် လွှမ်းခြုံနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အာပါး! ဒီလိုတော့လည်း လောကကြီးက သာယာသား ပဲ၊ ငါတို့ တစ်ခုခုစားရအောင် မီးမီးရာ၊ အပြန် နှင့်ကို ငါ လိုက်ပို့ ပါ့မယ်"

သင်မင်းဆက် တော်တော့်ကို ပျော်နေသည်။ မီးမီးနှင့် နှစ်ပေါင်းများစွာ ကွဲကွာပြီးမှ ပြန်တွေ့ရသလို ခံစားရ၍ ဖြစ်သည်။

"စကားမများစမ်းပါနဲ့ မင်းဆက်ရယ်၊ လမ်းမကြီးပေါ် ရောက်အောင်သာ မြန်မြန်လျှောက်စမ်းပါ"

မီးမီးအသံက စိုးရိမ်သံပါနေသည်။ ကြောက်၍မဟုတ်။ သို့သော် ... လင်းရဲသူလိုကောင်မျိုးက ယုတ်၏။ ဒါကိုပဲ စိုးရိမ်ခြင်း ဖြစ်သည်။

"မီးမီး"

"ဟင်"

"နှင့်ကိုငါ စကားတွေအများကြီးပြောချင်တယ်"

"နောက်တော့ ပြောတာပေါ့၊ အခု မိုးချုပ်ပြီ၊ နင် ကားငှါး ပြီး အိမ်ရောက်အောင်သာ မြန်မြန်ပြန်"

"နင် ဘယ်လိုဖြစ်နေတာလဲ မီးမီး၊ ငါ့ကို ကျားလိုက်တဲ့ အတိုင်း ပြေးခိုင်းနေတယ်"

ကျားထက်ဆိုးတဲ့အယုတ်တမာကောင်ကြောင့်ဆိုတာ တော့ ထုတ်မပြောဖြစ်တော့ပါ။ ထုတ်ပြောစရာလည်းမလို။ ခပ် လှမ်းလှမ်းတွင်မြင်လိုက်ရသည်က လင်းရဲသူနှင့် လူမိုက်လိုလို အပေါင်းအပါနှစ်ယောက်။

"ခြော်"

လင်းရဲသူကိုမြင်လိုက်ရသော သင်မင်းဆက်က ထိုအခါမှ



www.burmeseclassic.com

www.burmeseclassic.com


သဘောပေါက်သွားသည်။ မီးမီးနှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။ မီးမီးက ...

"သတိထား မင်းဆက်၊ သူတို့မှာ လက်နက်ပါနိုင်တယ်"

"နင် သွားတော့ မီးမီး၊ ပြဿနာဖြစ်ရင် နင့်အတွက် မကောင်းဘူး"

"ဟင့်အင်း! မသွားနိုင်ဘူး၊ ငါက ဘယ်လိုနှလုံးသားမျိုးနဲ့ နင့်ကိုတစ်ယောက်ထဲ ထားပစ်ခဲ့ရမှာလဲ"

အရေးထဲ ကြည်နူးစိတ်နှင့် သင်မင်းဆက် ပါးစပ်ကြီး ပြဲခနဲဖြစ်သွားသည်။ ဘာမှမဆိုင်ဘဲ မီးမီးလက်ဖျားလေးကို ဆွဲယူ ဖျစ်ညှစ်လိုက်၏။ မီးမီးက ဘာမှမပြောသလို၊ ရုန်းလည်းမရုန်းပါ။

"ဟဲ ဟဲ၊ ပျော်နေကြတယ်ပေါ့"

လင်းရဲသူက အနားရောက်လာတော့ မခိုးမခန့်ရယ်ရင်း ပြောသည်။ သင်မင်းဆက်ရော၊ မီးမီးပါ အရေးလုပ်၍ ဘာမှ ပြန်ပြောမနေပါ။ ကိုယ့်လမ်းကိုယ်သာ ဆက်လျှောက်သည်။

"ဟေ့ကောင်၊ ပါးစပ်မပါသလို လုပ်မနေနဲ့ ... မင်းကို ငါ မကျေဘူး သင်မင်းဆက်"

"မကျေ လဲသေပေါ့ကွ၊ အဖော်ပါမှ လာရန်စမနေနဲ့ ... မင်းရဲချင်ရင် တစ်ယောက်ချင်းအချိန်မရွေးပဲ"

"ဒါတွေ ငါ နားမလည်ဘူး၊ ငါ နားလည်တာက ဒီနေ့ မင်းအသေပဲ"

လင်းရဲသူက ဒဏ်ရာရကျားနာတစ်ကောင်လိုဖြစ်နေသည်။ ကျားနာကမှ သူ့အစွမ်းအစနှင့်တိုက်ခိုက်သေးသော်လည်း လင်းရဲသူက လက်နက်အားကိုး၊ အဖော်အားကိုးသည်။


www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ခါးကြားထဲမှ လက်ကိုင်တုတ်တွေ ဆွဲထုတ်တာတွေ့ရ၏။

"မီးမီး၊ ဘေးဖယ်နေ"

သင်မင်းဆက်က မီးမီးကို ခပ်ဝေးဝေးတွန်းလွှတ်ပစ်လိုက်သည်။ လင်းရဲသူတို့လူစုက တုတ်တွေနှင့်ပြေးဝင်လာကြသည်။

"မင်းဆက်၊ သတိထား"

မီးမီးအသံက စူးစူးလေး ထွက်ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

( ၂၂ )

နံနက်မိုးလင်းခါနီးလောက်တွင် ညဦးကရောက်လာသော ဒဏ်ရာပရပွနှင့်သတိလစ်နေသောအမျိုးသားလူနာတစ်ယောက် ပျောက်ခြင်းမလှပျောက်သွား၏။

"တစ်မှေးလေးငိုက်သွားပြီး သတိရလို့ကြည့်လိုက်တဲ့ အချိန် ခုတင်ပေါ်မှာ သားလေးမရှိတော့ဘူး"

အမျိုးသမီးကြီးက တရှုံ့ရှုံ့ငိုရင်းပြောသည်။ အမျိုးသားကြီးက ...

"ကောင်းကောင်းသတိရပြီး၊ ဆေးထိုးထားလို့ အိပ်ပျော်သွားတော့ စိတ်ချရပြီဆိုပြီး အေးအေးဆေးဆေးနေလိုက်တာ"

"ကျွန်မသားလေး မသေကောင်းမပျောက်ကောင်း သတိရလာပြီးမှ ဘယ်လိုများဖြစ်တာပါလိမ့်၊ အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် လူနာမရှိတော့မှန်း တာဝန်ကျသူနာပြု လေး အခန်းထဲဝင်လာမှ သိသွားခြင်းပင်။ လူနာရှင်တွေ ခေါင်းမီး တောက်နေကြပြီ။ အိမ်ကို ဖုန်းဆက်မေးတော့လည်း လူနာက အိမ်ပြန်ရောက်နေတာမဟုတ်။

ငြိမ်ငြိမ်သက်သက် စဉ်းစားနေသော အမျိုးသားကြီးက တစ်စုံတစ်ရာကို သတိရကာ ...

"ကိုယ်တို့ အရေးပေါ်ခန်းသွားကြည့်ရအောင်"

"ရှင်"

ထိုအခါမှ အမျိုးသမီးကြီးကလည်း သဘောပေါက်သွား ပြီး ငိုရှိုက်နေရာမှ တအံ့တသြဖြစ်သွားသည်။ ဟုတ်ပေသားပဲ။ စိတ်က ထူပူပျာယာခတ်ပြီး အိမ်သာ၊ ရေချိုးခန်း၊ အနီးဝန်းကျင် အနှံ့ရှာပေမယ့် အဲဒီနေရာကို မေ့ထားခဲ့သည်။

"ဟုတ်တယ်၊ မြန်မြန်သွားကြည့်ရအောင်၊ ကျွန်မသား လေးက ဒဏ်ရာတွေနဲ့ ... ခက်လိုက်တာရှင်"

ထင်တဲ့အတိုင်း အရေးပေါ်ခန်းလူနာခုတင်တစ်လုံးဘေး တွင် ပတ်တီးအဖွေးသားနှင့်ခေါင်းငိုက်စိုက်ကျနေသူက ခုနက ပျောက်သွားသောလူနာလေးဖြစ်သည်။

"သားလေးရယ်၊ မေမေတို့ဖြင့် လန့်သွားတာပဲ၊ ရှာလိုက် ရတာလည်း မောလို့၊ ဘာလို့ အဲသလို ထွက်သွားရတာလဲ၊ ဒဏ်ရာ တွေနဲ့ နားနားနေနေအိပ်နေမှပေါ့"

အမျိုးသမီးကြီးစကားကြောင့် လူနာကောင်လေးက မျက် ရည်ပြည့်လျှံသောမျက်လုံးများဖြင့် မော့ကြည့်သည်။

"မေမေရယ်၊ ကျွန်တော် ဘယ်လိုလုပ်နားနားနေနေ အိပ်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်မှာလဲ? ကျွန်တော့်အတွက် သူ့အသက်နဲ့ရင်းပြီး ကာကွယ်ခဲ့တာ၊ သူ သေမလားရှင်မလားတောင် မသိတဲ့ဟာ"

လူနာကောင်လေး စကားဆုံးတော့ အမျိုးသားကြီးက လေသံအေးအေးကလေးဖြင့် ချော့ချော့မော့မော့ပြောသည်။

"ငါ့သား အခုလိုလုပ်နေတော့ရော သူက သက်သာမှာလား? အကောင်းဆုံးဆရာဝန်တွေနဲ့ သူ့ကို ကြပ်မတ်ကုသပေးနေကြတယ်၊ မနက်ဖြန်ဆိုကောင်းကောင်းသတိရပြီး ကျန်းမာလာမှာပါကွယ်၊ ငါ့သား အနားယူဖို့ လိုတယ်လို့ ဆရာဝန်က ပြောထားတယ်လေ"

"ဟုတ်တယ် သား၊ သားလေး မြန်မြန်ကျန်းမာမှ သူ့ကို ကြည့်ပေးနိုင်မှာပေါ့၊ အခုလောက်ကြည့်ရရင်တော်ပြီ၊ တစ်ရေးအိပ်ပြီး မိုးလင်းမှ တစ်ခေါက်လာကြည့်ကြမယ်နော်"

အမျိုးသားကြီးကပါ ဝင်ပြောသည်။

"ကျွန်တော် ဒီလိုပဲ စောင့်ကြည့်ချင်တယ် ဖေဖေရယ်၊ သူ့ကို စိတ်မချလို့ပါ"

"မေမေ့စကား နားထောင်ပါ သားရယ်၊ ဒါမှ မေမေကလည်း သားတို့ဖြစ်ချင်တာ လိုက်လျောမှာပေါ့၊ သားတို့ချစ်ခြင်းကို မေမေ မခွဲပါဘူး၊ မေမေက ကောင်မလေးရဲ့ကိုယ်ကျင့်တရားနဲ့ သိက္ခာကို စမ်းသပ်ခဲ့တာပါ"

"ဟင်! တကယ်လား မေမေ"

မေးလိုက်ပြီးမှ ကောင်လေးမျက်နှာက တွေဝေသွားသည်။ သူတို့ချစ်ခြင်းတဲ့။ သားတို့ချစ်ခြင်းကို မခွဲပါဘူးဆိုပါလား။

"စိတ်ကောင်းနှလုံးကောင်းရှိတဲ့မိန်းကလေး၊ မြန်မြ



www.burmeseclassic.com

www.burmeseclassic.com



သတိရလာမှာပါကွယ်၊ လောကမှာ ငွေထက်အရေးကြီးတာကို မေမေသဘောပေါက်ပါပြီ”

“ကဲ … သားအမိတွေ သွားကြတော့ … ကိုယ် ကလေးမလေးရဲ့ အုပ်ထိန်းသူတွေနဲ့ ခဏစကားပြောလိုက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



သတိလေးခန္ဓာကိုယ်ကပ်လာတော့ ခေါင်းတစ်ခေါင်းလုံး အုံခဲနေတာကို သတိထားမိသည်။ ဒါတင်မက တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေ၏။

“ဘာဖြစ်တာလဲ? ဘာတွေဖြစ်ခဲ့တာလဲ”

နာကျင်နေသည့်ကြားမှ အာရုံကို စုစည်းသည်။ ထိုအခါမှ မှတ်ဉာဏ်တွင် ပုံရိပ်တချို့ပေါ်လာ၏။

“မင်းဆက်”

မီးမီးပါးစပ်မှ အသံတိုးတိုးလေးထွက်လာသည်။ မင်းဆက်ကို လက်ကိုင်တုတ်တွေနှင့်ဝိုင်းရိုက်ကြသည်။ မင်းဆက်က ရှောင်သည်၊ တိမ်းသည်၊ ခုခံသည်။

သို့သော် ...

သုံးယောက်နှင့်တစ်ယောက်၊ လက်နက်နှင့်လက်နက်မဲ့။ ကြာလျှင် သွေးအိုင်ထဲ အသက်ပျောက်ဖို့သာရှိ၏။ ထိုမြင်ကွင်းကို ကြည့်ရင်း မီးမီးရင်ထဲက အူတွေ၊ အသည်းတွေ၊ ကလီစာတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်စစီ ဆွဲထုတ်နေသလို ခံစားရ၏။

ထို့ကြောင့် ...

မင်းဆက်အပေါ်ကျမည့်တုတ်ချက်တွေကို ဝင်ခံသည်။ လက်လှမ်းမီသမျှ ထုရိုက်ကုတ်ဆွဲကန်ကျောက်သည်။ အင်အားခြင်းမမျှ၍ အထိနာချိန်။

လူသံ၊ ဆူသံတွေကြားလာရသည်။

တစ်ချက်တော့ အားတက်သွား၏။

လင်းရဲသူတို့ ထွက်ပြေးသွားချိန်တွင် သွေးအလိမ်းလိမ်းကျန်နေခဲ့တာက မင်းဆက်နှင့်မီးမီးဖြစ်သည်။ တုတ်ချက်ပေါင်းများစွာကြောင့် လူစုလူဝေးရောက်လာချိန်တွင် သတိလစ်မေ့မြောသွားပြီဖြစ်သည်။ ကျန်တာ မီးမီး ဘာမှမသိ။

ယခုတော့ ... တစ်ခုချင်းစီကို တဖြည်းဖြည်းချင်း စဉ်းစားမိလာသည်။ ဒါ ... ဆေးရုံကို ရောက်နေသည်ပဲ။ မည်မျှကြာအောင် သတိလစ်မေ့မြောနေခဲ့သလဲတော့ မသိ။

ဒါဆို မီးမီး မသေဘူးပေါ့။ မင်းဆက်ရော ဘယ်ရောက်နေပါလိမ့်။ ရင်ထဲမှာ မင်းဆက်ကို အလွန်အမင်း စိုးရိမ်နေသည်။

"မင်း ဆက်"

"ဟော ... မီးမီး၊ သတိရပြီလား"

"မီးမီး၊ မီးမီး"

မနက်မိုးလင်းတော့ မီးမီးသူငယ်ချင်းတွေရော၊ မင်းဆက်သူငယ်ချင်းတွေပါ ရောက်လာကြသည်။ မီးမီးဘေးတွင် ဝိုင်းအုံနေကြ၏။

သင်မင်းဆက်မှာလည်း တစ်ခဏသာအိပ်ပြီး မိုးလင်း



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်မီးမီးဘေးရောက်နေသည်။ သူ့ဒဏ်ရာအနာတရတွေကို အမှုမထားအားပါ။ မီးမီး မြန်မြန်သတိရပါစေတော့ဟုသာ အဆက်မပြတ်ဆုတောင်းနေခဲ့၏။

"မီးမီး၊ ငါ မင်းဆက်လေ၊ နင် ငါ့ကိုမှတ်မိလား"

"အား ... ကျွတ် ကျွတ်"

ခေါင်းသံတွေကြား အားယူထဖို့ ကြိုးစားသော်လည်း ခေါင်းတွေက မူးနောက်နေ၏။

သို့သော် ...

သေတွင်းကတော့ လွတ်မြောက်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အဆုံး

"မီးမီး"

"ဟင်"

"မေမေကလေ"

"အင်း"

"ငါတို့နှစ်ယောက်ရဲ့ချစ်ခြင်းကိုမခွဲပါဘူးတဲ့"

"ဟယ် ... နင်နဲ့ငါက"

"ဘာမှမပြောနဲ့တော့ မီးမီးရယ်၊ ငါလေ ... နင့်ကို ချစ်တယ် မီးမီးရယ်"

"အို"

"အသက်နဲ့ရင်းပြီး ကာကွယ်သွားတဲ့ နင်လည်း ငါ့ကိုချစ်မှန်း ငါ သိတယ်"

"ဟယ် ... အဲဒါက"



www.burmeseclassic.com

www.burmeseclassic.com



"ရှော့ ... ရှော့၊ ဖက်ထုပ်စွတ်ပြုတ်လေးစားလိုက်ဦး"

သင်မင်းဆက်က မီးမီးပါးစပ်ထဲ အတင်းခွံ့ကျွေး၏။ မီးမီး ဘာမှပြန်မပြောနိုင်အောင် ဖြစ်သည်။

"မီးမီးဖာသာ စားမယ်"

"မရဘူး၊ ချစ်သူနှစ်ဦး ကြင်ကြင်နာနာပေါ့၊ လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည်တာ၊ ချစ်တာရော ငါတစ်ယောက်တည်း ချစ်လို့ ရပါ့မလား မီးမီးရဲ့၊ အဲဒါကြောင့် တို့နှစ်ယောက် ချစ်လက်ခုပ်လေး အတူတူ တီးလိုက်ကြစို့နော်"

"ဘယ်သူက နင့်ကိုချစ်တယ်ပြောလို့လဲ"

"မပြောရင် နင့်ငယ်ကျိုးငယ်နာတွေ အကုန်ဖော်မှာ"

"မင်းဆက်နော်"

ထိုအချိန်တွင် သူငယ်ချင်းတွေက သူတို့နှစ်ဦးဆေးရုံက ဆင်းမည်ဖြစ်၍ ရောက်လာကြသည်။ ဝင်းနိုင်က ...

"ဒဏ်ရာက ခေါင်းမှာပါ၊ ဘာလို့ ခွံ့ကျွေးနေလဲ"

"ချစ်လို့ပေါ့ကွ"

"ဝင်းနိုင်က အားကျလို့မေးနေတာ"

ချစ်တီးက ဝင်ပြောသည်။ ဝင်းနိုင်က ...

"မင်းက ရည်မွန်ကို စမ်းသပ်တာ အောင်မြင်တာနဲ့ မာန်တက်နေတယ်ပေါ့၊ ဟုတ်လားချစ်တီး"

"တော်ကြစမ်းပါဟယ်၊ ဆေးရုံလာပြီး ဆူညံနေတယ်"

အေးအေးကြီးက ဝင်ဟန့်သည်။ ရည်မွန်က ချစ်တီးကို မျက်စောင်းထိုးရင်း ...

"ချစ်တီးစုတ်၊ ဘာတွေမဟုတ်မဟပ်ပြောထားလဲ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း"

မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ဘာမှမပြောသူက တရုတ်ကြီး။ မင်းဆက်က ...

"ဟော့ကောင် တရုတ်ကြီး၊ ပထမဆုံးမီးမီးနဲ့စတွေ့တုန်းက မင်း ဘာမြင်ခဲ့လဲဆိုတာ မပြောချင်နေ၊ ငါ့ဖာသာ မီးမီးကိုပဲ မေးတော့မယ်၊ ဆေးရုံကဆင်းရင် မီးမီးနဲ့ငါ လက်ထပ်ကြတော့မှာ"

"ဝေး ဟေး ဟေး"

"မီးမီးရေ၊ ဒါဆိုရင်တော့ နင့်အားနည်းချက်ကြီးပျောက်တော့မှာ သေချာတယ်"

"အညစ်အစုတ်တွေ၊ သွား ... အားလုံးပြန်ကြတော့ မင်းဆက်လည်း သွားတော့"

"ဟိုး ... တို့တော့ မသွားပါရစေနဲ့ ... အခုမှ စချစ်နေရတုန်းရှိသေးတဲ့ဟာ"

BURMESE CLASSIC

သင်မင်းဆက်က ဖွတ်ပင်ချစ်နေပြီး မီးမီးကို အသာလှမ်းဖက်သည်။ မီးမီးကလည်း ရှက်ရှက်နှင့်သင်မင်းဆက်ရင်ခွင်ထဲတိုးဝင်ကာ မျက်နှာကို ဝှက်ကွယ်ထားလိုက်လေတော့၏။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်



www.burmeseclassic.com